စိတ်ကူးချိုချိုအနုပညာ

# ခင်နှင်းယု

## ချစ်သူတို့ရွာ

မဂ္ဂဇင်းဝတ္ထုရှည်များ



အိပ်မပျော်သောညတစ်ည၊
ပန်းကိုတော့ပန်ချင်ပါသည်၊ မေမေ့ရင်မှာ၊ ကန္တာရယက္ခ၊
ချစ်သူတို့ရွာ၊ မေတ္တာနှင့်ဒေါ်လာ၊ မစုပ်သောပျား၊
ပဒုမ္မာရွှေကြာ၊ မသိတော့လည်း၊
စက်တင်ဘာနှင့်ဧပြီ၊ ပွဲတွေ့အမှား

mgyoe.com

# ခင်နှင်းယု

မဂ္ဂဇင်းဝတ္ထုရှည်များ

အိပ်မပျော်သောညတစ်ည၊
ပန်းကိုတော့ပန်ချင်ပါသည်၊ မေမေ့ရင်မှာ၊ ကန္တာရဃက္ခ၊
ချစ်သူတို့ရွာ၊ မေတ္တာနှင့်ဒေါ်လာ၊ မစုပ်သောပျား၊
ပဒုမ္မာရွှေကြာ၊ မသိတော့လည်း၊
စက်တင်ဘာနှင့်ဧပြီ၊ ပွဲတွေအများ

KHY0018
2,700.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို၊
၂၀၁၄၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၇၀၀ ကျပ်

၈၉၅.၈၃

ချစ်သူတို့ရွာမဂ္ဂဇင်းဝတ္ထုရှည်များ
ခင်နှင်းယု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၂၃၈ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ချစ်သူတို့ရွာမဂ္ဂဇင်းဝတ္ထုရှည်များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ချစ်သူတို့ရှာ

## မဂ္ဂဇင်းဝတ္ထုရှည်များ


## ခင်နှင်းယု

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com





| | |
|---|---|
| အိပ်မပျော်သောညတစ်ည | ၁ |
| ပန်းကိုတော့ပန်ချင်ပါသည် | ၂၀ |
| မေ့မေ့ရင်မှာ | ၅၈ |
| ကန္တာရယက္ခ | ၉၄ |
| ချစ်သူတို့ရွာ | ၁၀၉ |
| မေတ္တာနှင့်ဒေါ်လာ | ၁၃၁ |
| မစုပ်သောပျား | ၁၄၂ |
| ပဒုမ္မာရွှေကြာ | ၁၆၅ |
| မသိတော့လည်း | ၁၈၄ |
| စက်တင်ဘာနှင့်ပြေ | ၁၉၈ |
| ပွဲတွေအများ | ၂၁၇ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အိပ်မပျော်သော ညတစ်ည

မကြေးမှုံအဖို့ စာမေးပွဲ ဖြေဆိုပြီးသော်လည်း အိပ်မပျော်ပေ။ စာမေးပွဲ မပြီးခင်က အပြင်းအထန် စာကြိုးစားနေရစဉ် အတောအတွင်း "စာမေးပွဲပြီးလျှင်တော့ အတိုးချအိပ်မည်"ဟူသော အတွေးမှာ စာမေးပွဲ ပြီးသောအခါ လုပ်၍ မရတော့ပေ။

ရင်ထဲတွင် ဟာသလိုလို၊ မျက်လုံးကလည်း ကြောင်တောင် ဖြစ်နေ၏။ အတိုးချအိပ်ဖို့ နေနေသာသာ သာမန်အိပ်ရိုးအိပ်စဉ်နှုန်းအတိုင်းတောင် အိပ်၍မရပေ။

လသာသော ညဉ့်ဦးတွင် တောင်တွေးမြောက်တွေးနှင့် တွေးရင်းမှ စာမေးပွဲအကြောင်း တွေးလိုက်မိလျှင် "အောင်မှ၊ အောင်ပါ့မည်လား"ဟူသော အတွေးက သူ့ရင်တွင်းသို့ ဝင်ဆောင့်လိုက်ခါ နှလုံးခုန်သံသည် ပို၍မြန်လာသည်ဟု သူက ထင်၏။

စာမေးပွဲခန်းထဲတွင် ဖြေဆိုစဉ်က အားရပါးရရှိသလောက် စာမေးပွဲခန်းမှအထွက် တစ်လှမ်းချင်း တစ်လှမ်းချင်း ကျောင်းခန်းမှ ဝေးကွာလာတိုင်း အားလျော့၍ လျော့၍လာ၏။ သူဖြေဆိုပုံများကို သူငယ်ချင်းများက ဝေဖန်သောအခါ "အောင်မှတ်မှ ပြည့်ပါမည်လား" ဟူသော အတွေးမှာ ဒုက္ခပေးပြန်သည်။ ထိုအတွေးများက သူ့အား ညဉ့်ဦးယံတွင် အိပ်မပျော်အောင် နှိပ်စက်ကြ၏။

ယခုအတန်းကို အောင်ပါမှ မကြေးမှုံနောက်နှစ်တွင် ဒီဂရီရမည်ဖြစ်၏။ မကြေးမှုံသည် ပကတိ ကျောင်းသူလေးအတိုင်း စိတ်အားငယ်တတ်၏၊ ထိတ်လန့်တတ်၏။

ညဉ့်ဦးတွင် လရောင်မှာ ထိန်ထိန်သာနေသည်။ သူရပ်နေသော ဝရန်တာမှကြည့်လျှင် ကောင်းကင်သည် နက်ပြာနေသော်လည်း ကတ္တီပါလို တောက်ပနေပေသည်။ ကြယ်များသည် ကတ္တီပါပေါ်တွင် ကြဲဖြန့်ထားသော စိန်များလို ဝင်းပတောက်ပြောင် နေကြပေသည်။

mgyoe.com

mgyoe.com

လမင်းကမူ သူ့ရှေ့မျက်နှာတူရူမှ တဖြည်းဖြည်းမြင့်တက်လာသည်မှာ ဦးခေါင်းတည့်တည့်သို့ ရောက်လုနီးနေပေပြီ။

ညဥ့်ဦး လေသည် သန်းခေါင်ယံသို့ နီးလာလေလေ ပိုမို၍ အေးမြလာ၏။ ပတ်ဝန်းကျင်သည်လည်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ပန်းပွင့်လေးများသည် ချစ်သူမျက်နှာကို မော်ကြည့်သလို ကောင်းကင်ရှိ ကြယ်များကို မျှော်၍နေဟန်ရှိ၏။ သစ်ရွက်တို့လည်း မြရောင်တောက်ပနေကြသည်။ အရှေ့တောင် ကောင်းကင်တွင် နဂါးငွေ့တန်းသည် နတ်သမီး၏ ခြုံပဝါလို ဖြူလွလွ ကွေ့ပိုက်ပိုက်နှင့် မြင်နေရပေသည်။

နဂါးငွေ့တန်းအတွင်းရှိ ကြယ်စုသည်လည်း လှုပ်ရှားပြေးလွှားတော့မယောင် ဟန်ပြင်နေကြသည်။

ထိုညသည် အလွန်လှပသော ညသာတည်း။ သို့သော် အင်္ဂလိပ်ကဗျာဆရာကြီး ဝီလျံဝတ်စ်ဝတ်သ် ပြောသကဲ့သို့ ''လိုချင်တာမရသော ဆင်းရဲခြင်းသောက၏ စိတ်''တို့ဖြင့် ဖုံးလွှမ်းနေသော မကြေးမှုံ၏ အသည်းနှလုံးသည် ထိုမျှ လှပသော ညဥ့်၏အရသာ အတွေ့ကို မခံစားနိုင်တော့ပေ။ သဘာဝအလှကို မြင်ပါရက်နှင့် မသုံးသပ်၊ မခံစားနိုင်တော့သော လူ့ဘဝမှာ လူဖြစ်ရှုံးနေပြီ ဖြစ်သည်ကို မကြေးမှုံ သတိမရပေ။ သူ့မျက်လုံးဝယ် စာလုံးများကို မြင်နေ၏။ မမြင်ဘူးသော ဂလက်စတုံနှင့် ဒစ်စရေလီသည် သူ့ရှေ့တွင် လှုပ်ရှားနေကြ၏။ ဗြိတိသျှပါလီမန် အရှေ့တိုင်းရာဇဝင်ထဲရှိ ဂျပန်မင်းသားကြီး နာကာ၊ မင်းနန္ဒသူ ကျောက်စာ။

''ဘုရား. . . ဘုရား''

သူသည် ထိုင်ရာမှထကာ ဝရန်တာလက်ရမ်းကို ကိုင်မိ၏။ ပါးစပ်မှလည်း ဘုရားတမိ၏။ ထူးဆန်းအံ့သြဖွယ်ရာ မြင်ကွင်းကြောင့် မကြေးမှုံသည် ဆက်လက် မလှုပ်ရှားပေ။ ကောင်းကင်ယံရှိ နဂါးငွေ့တန်းဆီမှ မှေးမှုန်သော နှင်းငွေမှုန်သဖွယ်အငွေ့များ သူ့ဆီသို့ ရောက်လာ၏။ ပထမသော် ဖြူဖြူ အလုံးသဏ္ဌာန် ရှိသော်လည်း သူ့အနား ရောက်လာသော အခါ ပုံသဏ္ဌာန်မှာ ကွဲပြားထင်ရှား၍လာ၏။

အတော်ပင် အိုမင်းနေပြီဖြစ်သော တရုတ်အဘိုးကြီးတစ်ယောက်သည် ကောင်းကင်လမ်းဖြင့် သူ့ထံရောက်လာ၏။ မကြေးမှုံသည် တစ်ခါတည်း ထွက်ပြေးရန် ပြင်တော့၏။

''မိန်းကလေးရဲ့၊ ဘယ်ကိုပြေးမလို့လဲ။ ကျုပ်ကို စကားလက်ခံ ပြောပါဦး''

မကြေးမှုံသည် စကားမပြောနိုင်ဘဲ ကြက်သေ သေနေ၏။

''ကျုပ်က တရုတ်ပြည်မှာ သက္ကရာဇ် (၂၂၀) ဘီစီတုန်းက ချင်မင်းဆက်ကို

mgyoe.com

တည်ထောင်ခဲ့တဲ့ တန်ခိုးအကြီးဆုံး ဧကရာဇ်ဘုရင်မင်းမြတ် ရှီအန်တီ (Shih Huang Ti) ပါ''

မကြေးမှုံသည် ယခုမှ အကြောက်နည်းနည်းပြေသွား၏။ အဘိုးကြီးအား ထိုင်စရာပေးလိုက်၏။

''ဟုတ်ကဲ့၊ ဧကရာဇ်မင်းမြတ်ကြီးအကြောင်းကို ကျွန်မတို့ဆရာမကြီး ဒေါ်ခင်ခင်ကြီးက ပြောပြလို့ သိသင့်သလောက် သိပါတယ်။ ဟို... ဟို... ကျွန်မက ထီးသုံး၊ နန်းသုံးတွေ မတတ်တော့ နန်းတော်သူတွေလို စကားမပြောတတ်တာကို ခွင့်လွှတ်စေလိုပါတယ်၊ ဧကရာဇ်ဘုရင်ကြီး''

''အို... ခွင့်လွှတ်ပါတယ်... မိန်းကလေးရဲ့။ ကျုပ်ကိုလဲ ဧကရာဇ်ဘုရင်မင်းမြတ်ကြီးလို့ မခေါ်ပါနဲ့။ ကျုပ်က ရှီအန်တီဘဝက စုတေးပြီးနောက် သူလိုငါလို ဝိညာဉ်ပါပဲ။ သေမင်းရဲ့ လက်အောက်မှာ အားလုံးသော သတ္တဝါတွေဟာ အဆင့်အတန်းခွဲလို့ မရပါဘူး''

''ဟုတ်ကဲ့''

မကြေးမှုံသည် ကြောက်စိတ်လုံးလုံး မပြေတတ်သေးပေ။

''လူသားတွေဆိုတာကလည်း တစ်ခါတစ်ခါ ရယ်စရာတယ်ကောင်း။ သမိုင်းရာကို အစဉ်ထာဝရ မှတ်တတ်ကြတာကလား၊ ကျုပ်ဆိုရင် ရှီအန်တီဆိုတဲ့ ဘွဲ့ယူတဲ့ ရည်ရွယ်ချက်ကိုက ''ပထမဆုံး ဧကရာဇ်မင်းမြတ်''ဆိုတဲ့ အဓိပ္ပာယ်နဲ့ ယူခဲ့တာပဲ။ ကျုပ်နောက်ကို မင်းဆက်ပေါင်း တစ်ထောင်ထိ ဒုတိယ၊ တတိယ စသည်ဖြင့် ဘုရင်တွေရှိရမယ်လို့ ထင်ခဲ့တာပေါ့။ တကယ်အဖြစ်ကတော့ ကျုပ်လည်း ကွယ်လွန်ရော ကျုပ်ကို ဆက်ခံမဲ့ သားကြီးလည်း သူ့ကိုယ်သူ သတ်သေရတဲ့ဘဝရောက်၊ ကျုပ်သားငယ်က ဆက်ခံပေမဲ့ အရည်အချင်းမရှိတော့ ချင်မင်းဆက်လည်း ပျက်ပြုန်းရတာပဲ''

''ဟုတ်ပါတယ် အဘိုးရဲ့။ ခု အဘိုးလာတဲ့ ကိစ္စကရော''

''ဩော်... ဟုတ်ပါရဲ့။ ငယ်ရွယ်သူတွေနဲ့ တွေ့ရတဲ့အခါ ဘဝဟာ စိုပြေလာသလို ထင်မှတ်ရပြန်တော့ လာရင်းကိစ္စကို မေ့သွားပြန်တယ်။ မင်းတို့ခေတ် တိုင်းပြည်တိုင်းလိုလို သတိမမူမိဘဲနဲ့ မှားတတ်တာကလေးတွေရှိတတ်လို့ သတိပေးမလို့ လာခဲ့တာပဲ။ တစ်ခါတစ်ခါ ကိုယ့်ဘက်ကနေပြီး ကောင်းလှပြီလို့ယူဆပြီး အလုပ်တစ်ခုလုပ်လိုက်ပေမဲ့ အမြင်အားဖြင့် ပြောင်းပြန်ဖြစ်သွားတတ်လို့ ရာဇဝင်အမည်းစက်ကို ဖျက်မရတာတွေ တွေ့ခဲ့ရတယ်။ ဥပမာ ကျုပ်လုပ်ခဲ့တာတွေ ဥပမာပြရရင် ကျုပ်က ခရီးလမ်းပန်းတွေ ကောင်းအောင် လမ်းတွေဖောက်၊ တူးမြောင်းတွေ တူးနဲ့ ပြုပြင်ထူထောင်ရေးတွေ လုပ်လိုက်တာ မပြော

mgyoe.com

နဲ့တော့။ ကျုပ်စေတနာရင်းမှန်က တိုင်းပြည်ကောင်းစေရီးအမှန်ပါ။ ပြီးတော့ တရုတ်ပြည်ကြီးကို ကာကွယ်ဖို့ မြောက်ဘက်မှာ တရုတ်တံတိုင်းကြီးကို စတင်ပြီး ကျုပ်ဆောက်လုပ်ခဲ့တာပေါ့။ ကျုပ်က တိုင်းသူပြည်သားတွေကို မလုပ်မနေရ အာဏာနဲ့ဆင့်ခေါ်ပြီး ခိုင်းခဲ့တယ်''

''ဟုတ်ကဲ့''

''ဟော. . . ရာဇဝင်မှာကျတော့ ကျုပ်လုပ်ခဲ့တာတွေလည်း ပါပါရဲ့။ ကျုပ်ဟာ လယ်သမား၊ အလုပ်သမားတွေကို ဘုရင့်အာဏာနဲ့ အဓမ္မမတရားစေခိုင်းတဲ့ ဘုရင်ကြီးရယ်လို့ တွင်ပါလေရောဗျာ''

မကြေးမှုံသည် မင်းမြတ်ကြီးအား သနားသလိုဖြစ်သွား၏။

''ဆရာမကြီးကတော့ ဒီလို တစ်ဖက်သတ် မသင်ပါဘူး။ တချို့ ရာဇဝင် ဆရာများကလည်း၊ ဘုရင်ကြီး ရှိအန်တီလက်ထက်မှာ ဒီလိုမှမလုပ်ရင် မဖြစ်ဘူးလို့ ဆိုကြပါတယ်။ (Chou) ချောင်မင်းဆက်ပျက်ပြီး တိုင်းပြည် ဖရိုဖရဲ ဖြစ်နေချိန်မို့ မင်းကြီးဟာ ခုလိုကိစ္စတွေကို အာဏာနဲ့လုပ်ရတယ်လို့ ဆိုပါတယ်။ ကျွန်မတို့ စာသင်သားတွေလည်း ဧကရာဇ်မင်းမြတ်ကြီးကို ကောင်းတာရော၊ မကောင်းတာရောဘဲ ဒီလိုပဲ ဝေဖန်ရေးကြတာပါပဲ''

''ဟုတ်ပေတာပေါ့၊ ဒီလိုသိကြရင်ပဲ ကျုပ်အသက်ရှုရ ချောင်ပါတယ်။ ကျုပ်ကလည်း တစ်ခုမှားသွားတယ်။ ဖြစ်ချင်တဲ့စိတ်ဇောက သန်လွန်းတော့ ချောင်ခေတ်မှာပေါ်တဲ့ အဘိဓမ္မာဆရာကြီး ကွန်ဖြူးရှပ်ကို ဆန့်ကျင်မိတယ်။ သူက ပြောတယ်၊ ''တိုင်းပြည်ကို ပြုပြင်ချင်ရင် ပထမဆုံး ပြည်သူလူထုကို အသိပညာပေးပါ''လို့ ဆိုတယ်။ ကျုပ်က ပြည်သူလူထုဟာ အသိဉာဏ်ပွင့်လင်းနေရင် ကျုပ်လုပ်ချင်တာတွေ လုပ်မရမှာစိုးတော့ အဲဒီအဘိဓမ္မာဆရာကြီး ပြောတာကို အငြိုးတောင်ထားမိသေး။ ဒီဆရာကြီး စာပေတွေအားလုံး မီးရှို့၊ သူ့နောက်လိုက်တွေ ဖမ်းပြီး ထောင်ချလိုက်မိတယ်။ ခုတော့မှ တွေးမိတယ်။ သူပြောတာတွေ မှန်ပါကလား။ သူပြောသလိုလုပ်ရင် တိုင်းသူပြည်သားတွေက ''တို့ ဘုရင်မင်းမြတ်ကြီးဟာ တို့ကောင်းဖို့ လုပ်ပေးပါကလား''လို့ အတွေးပေါ်မယ်မို့လား။ ကျုပ်က ဒလကြမ်းလုပ်တော့ သူတို့ကောင်းဖို့ဆိုတာ ကျုပ်ကသာရည်ရွယ်တာ။ သူတို့စိတ်ထဲ 'တို့ကို မတရား အာဏာနဲ့ ခိုင်းတယ်လို့ ထင်တာပေါ့. . . ''

မကြေးမှုံက ပြုံးမိ၏။

''အဲဒီတုန်းက အဘိုးကို အကြံဉာဏ်ပေးနိုင်တဲ့ အဘိဓမ္မာဆရာကြီးတွေ၊ ဘာတွေ မရှိဘူးလား။ သူတို့က တိုင်းသူပြည်သားစိတ်ကို ညွတ်အောင်လုပ်ရမယ့် နည်းလမ်းတွေ မညွှန်ကြားဘူးလား''

''ဥပဒေ ဝါဒီသမားတွေတော့ ရှိသပေါ့။ ကျုပ်ထင်တာကတော့ သူတို့ကလဲ အဘိဓမ္မာ

mgyoe.com

mgyoe.com

ဆရာသာဆိုတယ် ''စိတ်ဓာတ်''ရဲ့ အဓိပ္ပာယ်ဆိုတာတောင် နားမှလည်ပါ့မလား မသိပါဘူး။ ပြီးတော့လဲ ပုထုဇဉ်ဓလေ့ကလည်း ကျုပ်က ကွန်ဖြူးရှပ်ဝါဒကို အားပေးလို့ သူ့နောက်လိုက်တွေ ကောင်းစားလာရင် ကျုပ်ရဲ့ အဘိဓမ္မာဆရာကြီးတွေထက် ကျော်သွားမှာလည်း အဘိဓမ္မာဆရာကြီးများက စိုးရိမ်သေးတယ်ထင်ပါရဲ့။ စိတ်စေတနာနဲ့ အကြံပေးသူတွေကိုတောင် ကျုပ်ရဲ့ အဘိဓမ္မာဆရာကြီးတွေက ဖမ်းပစ်လိုက်တာပဲ။ အဲဒါက ကျုပ် ကွယ်လွန်ပြီးမှ ဝိညာဉ်ဘဝနဲ့ တွေးတာ။ မင်းတို့ ရာဇဝင်ထဲတော့ မပါဘူးပေါ့ကွယ်''

''ဟုတ်ကဲ့. . . ဟုတ်ကဲ့။ ရည်ရွယ်ချက် ဘယ်လိုကောင်းပေမဲ့ လုပ်ပုံလုပ်နည်း မဟန်တော့ ကိုယ်ပဲခံရတာပဲ''

''အဲဒါပေါ့၊ ရာဇဝင်မှာ သတိထားဖို့ အချက်တွေပေါ့။ မင်းတို့ခေတ်မှာ စာသင်သားတွေကို အဘိုးက သိစေချင်တာလေးတစ်ခုပဲ ရှိပါတယ်။ 'ရာဇဝင်ဆိုတာ ကိုယ် ထွင်ချင်တိုင်း ထွင်လို့ မရဘူးလို့' ဟုတ်လား မိန်းကလေးရဲ့''

''ဟုတ်ကဲ့. . . ကျွန်မတို့ကတော့ လေ့လာနေရဆဲတွေပါ''

''ကျုပ် စိတ်ထဲမှာ 'ဧကရာဇ်ဘုရင်မင်းမြတ်ကြီး ရှီဝန်တီသည် ''ချင်'' မင်းဆက်ကို တည်ထောင်ခဲ့သူ၊ လမ်းပန်းတူးမြောင်းများကို ဖောက်လုပ်ခဲ့သူ၊ ကမ္ဘာကျော် တရုတ်တံတိုင်းကြီးကို တည်ထောင်ခဲ့သူ၊ အမြဲတမ်း တရုတ်တပ်မတော်ကြီးကို တည်ထောင်ခဲ့သူ' လို့ တွင်စေချင်ခဲ့တယ်။ တကယ်တွင်ရစ်တော့ အဲဒီအချက်တွေနဲ့အတူ 'ကွန်ဖြူးရှပ် စာပေများကို မီးရှို့ခဲ့သူ၊ ပြည်သူလူထုကို မတရားခိုင်းတဲ့လူ၊ သေရမှာ ကြောက်တဲ့လူ၊ မသေဆေးလိုက်ရှာတဲ့လူ' လို့ တွင်ရစ်ကော. . . ကဲ တရားရစရာ မကောင်းဘူးလား''

အဘိုးကြီးမျက်နှာမှာ ဖြူဖွေးသောမုတ်ဆိတ်မွေးများကြားတွင် အတော်ပင် ဖြော့တော့ကာ စိတ်နှလုံးမချမ်းမြေ့ဟန် ပေါက်နေ၏။

''ပြီးတာတွေ ပြီးခဲ့ပါပြီလေ''

မကြေးမှုံသည် အဘိုးကို သူ့စကားဖြင့် နှစ်သိမ့်စေလို၏။

''ကောင်းတဲ့အကွက်တွေလည်း အဘိုးမှာရှိတာပေါ့။ အဘိုးဟာ ပုထုဇဉ် တစ်ယောက်ပဲဟာ အမှန်ရှိသလို အမှားလည်း ရှိမပေါ့။ ရာဇဝင်ဆိုတာ လူသားတွေ ကိုယ်တိုင်ပါဝင်ကပြခဲ့ကြတဲ့ ဝတ္ထုဇာတ်လမ်းတွေပဲဟာ''

''ကျုပ်လို တခြားလူတွေ ထပ်မမှားစေချင်လို့ပါ။ အမှန်တော့ ပြည်သူလူထုကို အသိပညာပေးသင့်တယ်ဆိုတဲ့ စကားဟာ အတော်မှန်တယ်။ အဘိုးလို ဧကရာဇ်စိုးမိုးပိုင်သမှုနဲ့ အုပ်ချုပ်ချင်တာပဲ ဖြစ်ဖြစ်၊ အခုခေတ်စားတဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ချင်တာပဲ ဖြစ်ဖြစ်၊ လူထု အသိဉာဏ် မပေးနိုင်ရင် အဆိပ်ဖြစ်မှာပဲ'' အဘိုးသည် စကား

mgyoe.com

mgyoe.com

စသတ်ခါ အရှေ့ဘက်ကောင်းကင်ဆီသို့ မျှော်ကြည့်လိုက်၏။ သူသည် မကြေးမုံ့အား အရှေ့ဘက်သို့ လက်ညှိုးညွှန်ပြ၏။ အရှေ့တွင် နဂါးငွေ့တန်းသည် မှေးမှိန်သွားပေပြီ။ ယခင်ကပင် ဖြူဖြူသဏ္ဍာန်မှာ မကြေးမုံ့တို့ဆီသို့ ရေးရူလာနေ၏။ မကြေးမုံ့သည် ပထမ တစ်ခါကလို မကြောက်ရွံ့တော့ပေ။ ထိုသဏ္ဍာန်မှာ ကြည်လင်ပြတ်သားလာသောအခါ ဂျပန် ရှေးမင်းသား အဝတ်အစားများဖြင့် ဂျပန်တစ်ယောက်ကို တွေ့ရ၏။ သူသည် မကြေးမုံ့နှင့် ဘုရင်ကြီး ရှီဝန်တီအား ဂျပန်တို့ ထုံးစံအတိုင်း ယဉ်ကျေးဖွယ်ရာ ဦးညွှတ်၍ နှုတ်ဆက်၏။

မကြေးမုံ့သည် ထိုသူအား ထိုင်စရာနေရာပေးရပြန်၏။

"ကျုပ်ကတော့ အေဒီ ၆၄၃ ခုနှစ်လောက်က ဂျပန်ဧကရာဇ် ဘုရင့်နန်းတော်မှာ ထင်ရှားခဲ့တဲ့ မင်းသားကြီးနာကာနိုအိုရီ (Na Ka No Oye) ပေါ့။ လွယ်လွယ်ပဲ မင်းသားကြီး နာကာလို့ ခေါ်ပါတော့"

မကြေးမုံ့သည် ထိုင်ရာမှ ထကာ မင်းသားကြီးအား ဦးညွှတ်လိုက်ပြန်၏။

"မင်းသားကြီးရှင့်. . . အပါးမှာရှိတဲ့ သူကတော့ တရုတ်ဧကရာဇ်ဘုရင်မင်းမြတ် ကြီး ရှီအန်တီပါဘဲ"

မင်းသားကြီးသည် ပြုံးရွှင်စွာ ဘုရင်ကြီးအား နှုတ်ဆက်၏။

"ကျွန်မဟာ သာမန်ကျောင်းသူတစ်ယောက်ပဲဖြစ်လို့ မင်းသားကြီးတို့နဲ့ တွေ့ရတာ အလွန်ပဲ ဝမ်းသာပါတယ်။ နန်းမှုနန်းရာ နားမလည်လို့ ဆက်ဆံပုံမပြေပြစ်ရင် ခွင့်လွှတ်ပါ မင်းသားကြီး"

"ရွှေနန်းစည်းစိမ်ဆိုတာ ရေပွက်လောက်မှ မမြဲတဲ့အတွက် ဒီထီးမှုနန်းရာဆိုတာတွေ စကားထဲတောင် ထည့်မပြောပါနဲ့တော့ မိန်းကလေးရယ်။

သန်းခေါင်ယံဆွေးနွေးပွဲကိုပဲ ကျုပ်လာရတာ ဝမ်းသာလှပါပြီ။ ခုလို ဝိညာဉ်ဘဝက အလွန်လွတ်လပ်တာပဲ"

"ဟုတ်ကဲ့. . . ဘုရင်ကြီးကလည်း သူ့အကြောင်းတွေပြောပြတာ အလွန်မှတ်သားစရာ ကောင်းပါတယ်။ သူမှားခဲ့တယ်ထင်တဲ့ အကြောင်းတွေကို ပြောပြနေပါတယ်"

"ဟုတ်ပေသပေါ့။ မင်းတရားကြီး စိတ်နှလုံးနွမ်းနယ်စရာ မရှိပါဘူး။ ကျုပ်တို့လည်း ရာဇဝင်မှာ အမှားပြုခဲ့တာတွေ ရှိတာပဲ"

မကြေးမုံ့သည် အရှေ့တိုင်းဂျပန်ရာဇဝင်တွင်ပါရှိသော မင်းသားကြီးနာကာကို ဒက် ခနဲ သတိရမိ၏။

"မင်းသားကြီးကို ကျွန်မတို့သိရတာကတော့ မင်းသား ကမတာရီနဲ့အတူ တိုင်ကွာ (Tai Kwa) ပြုပြင်ရေးကို ပြုလုပ်ခဲ့သူလို့ သိရပါတယ်"

"ဟုတ်ပါတယ်၊ တိုင်ကွာပြုပြင်ရေးရဲ့ ရည်ရွယ်ချက်ကတော့ တော်လှန်ရေးသဘော

mgyoe.com

mgyoe.com

ပါတာပေါ့။ ဘုရင်ကေရာဇ်အပေါ်မှာ လွှမ်းမိုးနေတဲ့ ဆိုဂါမိသားစုတွေ လုပ်ပုံကိုလည်း မကြိုက်၊ ဘုရင့်အာဏာဟာ တိုင်းပြည်အပေါ်မှာ တိုက်ရိုက် မသက်ရောက်တာကိုလည်း ကျုပ်တို့က သဘောမကျဘူး။ အချုပ်အခြာအာဏာဟာ ဘုရင့်လက်ထဲမှာရှိပြီး ဘုရင်ဟာ ဗဟိုကြိုးကိုင် အုပ်ချုပ်ရေးအဖွဲ့ရဲ့ အထွတ်အထိပ် ဖြစ်စေချင်တယ်။ တရုတ်ပြည်လိုပေါ့''

''ဟုတ်ကဲ့''

''အဲဒီ ရည်ရွယ်ချက်နဲ့ လုပ်လိုက်တာ အောင်မြင်သင့်သလောက် မအောင်မြင်ဘူး''

မကြေးမှုံနှင့် ဘုရင်ကြီးသည် ခေါင်းတညိတ်ညိတ်နှင့် စိတ်ပါဝင်စားစွာ နားထောင်ကြ၏။

''အဖြစ်ကတော့ ကျုပ်တို့က တရုတ်ပြည်ရဲ့ပုံစံကို တိုက်ရိုက်ကူးချမိတယ်။ ကိုယ့်တိုင်းပြည်နဲ့ သင့်တော်လား၊ မသင့်တော်လား မတွေးမိဘူး။ ပညာတော်သင်တွေ တရုတ်ပြည်ကိုလွှတ်၊ သူတို့အကြံဉာဏ်တွေယူ လုပ်လိုက်မိကြတာပဲ။ ဥပမာ တရုတ်ပြည်မှာ မြေဟူသမျှ ဘုရင်ကေရာဇ်ကသာ ပိုင်ဆိုင်ခွင့်ရှိတယ်။ ကျုပ်တို့ကလည်း မြေတွေသိမ်း၊ ဘုရင်ထံမှ အရင် မြေပိုင်ရှင်တွေက အခနဲ့ ပြန်လုပ်ပေါ့လေ။ တရုတ်ပြည်မှာ ဒီစနစ်က ကြာလှပြီ၊ အခြေချခဲ့တာ ထင်ပါရဲ့။ ဂျပန်ပြည်က ဖြုန်းခနဲဆိုတော့ မြေရှင်တွေက အငြိုအငြင် ခံရတာပေါ့''

မကြေးမှုံသည် စိတ်အားထက်သန်လာ၏။

''မင်းသားကြီးရဲ့. . . တချို့ ကျွန်မတို့ သိရတာကလည်း လူတွေကလိုသေးတယ်လို့ သိရတယ်''

''ဟုတ်ပါတယ်၊ 'မူကောင်းပေမဲ့ လူကောင်းဖို့ လိုသေးတယ်' ဆိုသလိုပေါ့။ ဘုရင်ကြီးလည်း မှတ်မိမှာပေါ့၊ တရုတ်ပြည်မှာက ဘုရင်ဟာ ဗြူရိုကရက်တစ်စနစ်နဲ့ တိုင်းပြည်အုပ်ချုပ်တယ်။ ဒီအုပ်ချုပ်ရေးကို ထမ်းဆောင်ရမဲ့ အရာရှိတွေက ယှဉ်ပြိုင်စာမေးပွဲနဲ့ ရွေးချယ်တော့ လူတော်လူကောင်းတွေရတယ်။ ဂျပန်မှာကတော့ မျိုးရိုးအဆက်အနွယ်အလိုက် အရာရှိတွေ ဆက်ခံလုပ်တော့ တကယ်တော်တဲ့လူတွေဟာ ဘေးထိုင်နေကြရတာပေါ့။ ဒီမှူးမတ်မျိုးနွယ်က ဆင်းသက်လာတာတွေကလည်း အရည်အချင်းမရှိတဲ့ အုပ်ချုပ်ရေးသမားတွေဆိုတော့ ဘုရင်မင်းမြတ်လက်အောက်က ဗြူရိုကရက်တစ် စက်ယန္တရားကြီးဟာ မူကောင်းပြီး စက်ကိုမောင်းနှင်တဲ့ လူတွေကမကောင်းတော့ မအောင်မြင်ဘူးပေါ့။ စီးပွားရေးစနစ်မှာလည်း တရုတ်ပြည်ကို ပုံတူကူးချမိတယ်။ အခြေခံချင်းက တရုတ်ပြည်နဲ့ မတူတော့ ကျုပ်တို့ မအောင်မြင်ဘူး။ ဥပမာ အခွန်ကောက်ခံတဲ့စနစ်မှာ ဂျပန်ပြည်က အခွန်ထမ်းဆောင်သူတွေဟာ တညီတညွတ်တည်း မဟုတ်ဘူး။ မှူးမတ်မျိုးနွယ်တွေ၊ မင်းသားတွေဟာ များသော

mgyoe.com

 mgyoe.com 

အားဖြင့် လယ်မြေများကို ပိုင်ဆိုင်ပေမဲ့ အခွန်လွတ်ခွင့် ရကြတယ်။ ဆင်းရဲသားလယ်သမားတွေက အခွန်အခအများဆုံး ထမ်းဆောင်ရတော့ လူများစုဟာ အခွန်ပိပြီး စီးပွားရေးစနစ်ဟာ မအောင်မြင်ဘူး။ တစ်ခုတွေးမိတာကတော့ တရုတ်ပြည်ကိုသာ ဟိုတုန်းက ပုံတူကူးမချဘဲ ကိုယ့်တိုင်းပြည်နဲ့ကိုယ် သင့်တော်တဲ့စီးပွားရေးစနစ်နဲ့ အုပ်ချုပ်ရေးတွေ လုပ်မိရင် ကျုပ်တို့ တိုင်းကွာပြုပြင်ရေးဟာ လုံးဝအောင်မြင်မှာပဲ''

မကြေးမုံက ပြုံးရယ်ကာ ပြန်ပြော၏။

''ဒါကတော့ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ ခုခေတ်မှာတောင် ပုံတူကူးချကြလွန်းလို့ တိုင်းပြည်တိုင်းမှာ အဆိပ်မိသလိုပဲ ခဏခဏ ဖြစ်တတ်ကြပါတယ် မင်းသားကြီး''

''ဟော... ဧည့်သည် တစ်ယောက်လာပြန်ပြီ'' ဧကရာဇ်ဘုရင် ရှီအန်တီက ထိုင်ရာမှာထကာ ကောင်းကင်သို့ လက်ညှိုးညွှန်ရင်း ပြော၏။ နောက်ထပ် ရောက်လာသော ဧည့်သည်မှာ အင်္ဂလိပ်အဝတ်အစားနှင့်ဖြစ်၏။ သူ၏ရုပ်ရည်မှာ ရည်မွန်၍ ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံကိုပြ၏။

''ထိုင်ကြပါ၊ ထိုင်ကြပါ၊ ကျန်းမာကြပါရဲ့လား၊ အလွန်စိတ်ချမ်းမြေ့စရာ ကောင်းတဲ့ ညပါပဲ။ ကျုပ်ကတော့ အင်္ဂလန်ပြည်မှာ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်တဲ့ ဝါပိုလ်ပါပဲ''

သူသည် သူ့ကိုယ်သူ မိတ်ဆက်ကာ ဖော်ဖော်ရွေရွေပြော၏။ မကြေးမုံပေးသော နေရာမှာ ဝင်၍ထိုင်လိုက်၏။

''ဦးဝါပိုလ်ကို ကျွန်မစာထဲမှာ သိနေတာတော့ ကြာပါပြီ။ အခုလို တွေ့ရတော့ ပိုပြီး ဝမ်းသာပါတယ်။ ဦးဝါပိုလ်ညာဘက်က ပုဂ္ဂိုလ်ကြီးကတော့ တရုတ်ပြည်ရဲ့ တစ်ခါက ပြည့်ရှင်ဧကရာဇ် မင်းမြတ် ရှီအန်တီပါ၊ ဘယ်ဘက်ကတော့ ဂျပန်ပြည်မင်းသားကြီး နာကာ ပါပဲ''

''ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာလှပါတယ်ဗျာ။ ဘာတွေများ ဆွေးနွေးနေကြလဲ ဧကရာဇ် မင်းမြတ်ကြီးရဲ့''

''မိတ်ဆွေကြီး ခင်ဗျား၊ နောက်ထပ် ကျုပ်ကို ဧကရာဇ်မင်းမြတ်လို့ မခေါ်ဖို့ တောင်းပန်ပါတယ်။ ဟိုဘဝကအကြောင်းတွေ မေ့ပစ်ချင်ပါပြီ''ဟု ရှီအန်တီကဆို၏။

''ခွင့်လွှတ်ပါခင်ဗျာ။ ကျွန်တော်က အရိုအသေပေးခေါ်ရခြင်းပါ'' ဦးဝါပိုလ်က တောင်းပန်၏။

''ဆွေးနွေးကြတာရယ်လို့တော့ မဟုတ်ပါဘူး။ ဘုရင်ကြီးက 'ရာဇဝင်ဟာ ထွင်ချင်တိုင်း ထွင်လို့မရဘူး... 'လို့ဆိုတဲ့အကြောင်း ပြောပြပါတယ်။ ကျွန်တော်ကတော့ 'ပြုပြင်ပြောင်းလဲရေးဆိုတာ ပုံတူကူးချလို့ မကောင်းဘူးဆိုတဲ့အကြောင်း' ကိုယ်တွေ့လေးတွေ ပြောနေတာပဲ'' မင်းသားကြီး နာကာက ဆွေးနွေးပွဲအကြောင်းကို ပြောပြ၏။

mgyoe.com

“ဟုတ်လိုက်လေ ခင်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့ဟာ ကိုယ့်ဟာကိုယ် ဇာတ်လိုက်ကြီးများအဖြစ် ပါနေတုန်း၊ အဲဒီလို ဆင်ခြင်တုံတရားလေးတွေများ ဝင်လိုက်ရင် ရာဇဝင်ဟာ တစ်မျိုးပြောင်းမှာပဲ” ဦးဝါပိုလ်က ပေါ့ပါးစွာ ပြောဆို၏။

မကြေးမှုံက ပြုံးနေ၏။

“ဘာလို့ပြုံးတာလဲ မိန်းကလေးရဲ့” ဦးဝါပိုလ်က မေး၏။

“ဦးဝါပိုလ်ဟာ အင်္ဂလန်ရာဇဝင်မှာ အလွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဦးဝါပိုလ် ခုလာပြောသလို ဟိုတုန်းကသာ ဆင်ခြင်တုံတရားရှိခဲ့ရင် ဦးဝါပိုလ်ဘဝမှာ အမည်းစက်ပါမှာ မဟုတ်ဘူး၊ ဒါတွေးမိလို့ ကျွန်မပြုံးတာပါ”

“ဆိုပါဦး... ကျုပ်အကြောင်းကို ရာဇဝင်ဆရာများက ဘယ်လိုသင်ကြားပို့ချလည်း မိန်းကလေးရဲ့”

“အကောင်းရော၊ အဆိုးရော ဒွန်တွဲရက်ပါပဲ။ ဦးဝါပိုလ်ဟာ ဖရိုဖရဲဖြစ်သွားတဲ့ အင်္ဂလန်စီးပွားရေးကို ကယ်တင်ခဲ့သူလို့လည်း သိရပါတယ်။ ကယ်ဘိနက်စနစ်ကို စတင်တီထွင်သူရယ်လို့လည်း သိရပါတယ်။ ဦးဝါပိုလ် ဒီမိုကရေစီကို ချစ်မြတ်နိုးပုံကိုလည်း ကျွန်မတို့ မမေ့ပါဘူး။ ဂျက်ကိုဘိုက်ပုန်ကန်မှုကြောင့် ပြည်နှင်ဒဏ်ခံရတဲ့ ဘိုးလင်းတရုတ်ကို ဦးမင်းက ပြင်သစ်ပြည်ပြန်ခေါ်ပြီး လွတ်လပ်စွာရေးသားခွင့် ဦးဝါပိုလ်ကို ဝေဖန်ခွင့်၊ စာအုပ်ထုတ်ခွင့်ပေးတာတွေကတော့ ဦးဝါပိုလ်ရဲ့ ချစ်စရာအကွက်ကလေးတွေပါပဲ”

မကြေးမှုံက စကားမဆက်တော့ပဲ ပြုံးမြဲပြုံးနေ၏။

“မင်း ဆိုလိုချင်တာက ချစ်စရာအကွက်လေးတွေ ရှိသလို မုန်းစရာလည်းရှိ ဆိုလိုတာပေါ့”

“ဦးဝါပိုလ်ကို ကျွန်မ မမုန်းပါဘူး”

“မိန်းကလေးက စကားပြောလိမ္မာသကိုး၊ ကျုပ်လည်း သိပါတယ်လေ။ ကျုပ်ရဲ့ အကြီးဆုံးအမည်းစက်ကတော့ ကျုပ်တို့ရဲ့ ဝှစ်ပါတီကို လာဘ်ပေးတဲ့စနစ်နဲ့ စည်းရုံးခဲ့မိတယ်။ ဟိုတုန်းက အရှိန်ကလည်းတက်၊ ဘုရင်ပေးနိုင်ခွင့် အာဏာတွေကို အသုံးချပြီး ဝှစ်ပါတီထောက်ခံမဲ့သူတွေဆို ရာထူးကြီးတွေခန့်ပြီး သိမ်းသွင်းခဲ့မိတယ်။ ရာဇဝင်ဆိုတာ တန်ပြန်ခံရတတ်တယ်။ ကျုပ်တို့ ဝှစ်ပါတီက အစိုးရအဖွဲ့မှာရော၊ ပါလီမန် အမတ်တွေမှာရော၊ ရေတပ်၊ ကုန်းတပ်၊ စစ်အရာရှိ တွေမှာရော၊ ကျုပ်တို့လူတွေချည်း သိမ်းသွင်းထည့်ထားမိတယ်။ အရေးအကြောင်းရှိလို့ စစ်တိုက်ရမယ်ကြတော့ တကယ်တော်တဲ့လူတွေ မရှိတော့ဘဲ စပိန်နဲ့ဖြစ်တဲ့ ခုနစ်နှစ်စစ်ပွဲမှာ ပွဲဦးထွက် ကျုပ်တို့ရှုံးရတာပဲ ကျုပ်လည်း ဒါကြောင့် ရာထူးက ထွက်ရတဲ့ဘဝ ရောက်တာပဲ။ အင်း-ဝီလီယံပစ်ကြီး ကယ်ပေလို့ပဲ”

mgyoe.com

 mgyoe.com 

ဦးဝါပိုလ်က ခေါင်းတညိတ်ညိတ်ဆို၏။

''မိနော်ကာကျွန်းကို ပြင်သစ်တွေသိမ်းလိုက်တော့ အင်္ဂလိပ်ဘက်က စေလွှတ်လိုက်တဲ့ ရေတပ်ဗိုလ်ချုပ်ကြီးဘင်း ရှုံးရတဲ့ကိစ္စမှာလည်း သူ့အပြစ်ထက် လက်နက်စားနပ်ရိက္ခာကို စီမံခန့်ခွဲသူတွေ မကျွမ်းကျင်လို့ဆိုတာ သိရတယ်။ ဟုတ်ပါလား ဦးကြီးဝါပိုလ်''

''ဟုတ်တယ် မိန်းကလေးရေ၊ ကျုပ်တို့ကလည်း ပါတီစည်းရုံးရေးသာ ဂရုစိုက်ပြီး ရာထူးပေးလေတော့ အဲဒီလူတွေက အရည်အချင်း၊ အစီအမံအခန့်အခွဲ ညံ့တာပေါ့။ ဝီလီယံပစ်ကြီးဟာ ပါတီမျက်နှာထက် တိုင်းပြည်မျက်နှာထောက်တယ်။ ငယ်ရွယ်ပြီး စွမ်းရည်ရှိတဲ့ စစ်ဗိုလ်လေးတွေခန့်ပြီး ရေတပ်ကို အားဖြည့်၊ စစ်တပ်အခြေအနေကိုလည်း ပြင်နိုင်လို့ နောက်ပိုင်း အင်္ဂလန်ဟာ စစ်ပွဲတွေ အနိုင်ရလာရတာပဲ။ ရေတပ်ဗိုလ်ချုပ် 'ဘင်း'ကို သူဝင်ကယ်ပါသေးတယ်၊ မရရှာဘူး''

ဦးဝါပိုလ်က နှမြောတသစွာပြောနေ၏။

''ကျုပ် အခုတွေးမိတယ်။ အဲဒီတုန်းက ဝှစ်ပါတီစည်းရုံးရေးဟာ ရာထူးနဲ့ပြ၊ ငွေနဲ့ လာဘ်ပေး လုပ်ခဲ့တာတွေဟာ တိုင်းပြည်လူငယ်တွေရဲ့ အကျင့်စာရိတ္တကို ထိခိုက်သွားတယ်ထင်တယ်။ လူငယ်တွေဟာ အခွင့်အရေးသမားတွေ ဖြစ်လာတယ်။ အာဏာရဖို့၊ ရာထူးရဖို့နဲ့ ရူးပြီး အကြင်နာတရားတွေ မရှိတော့လို့ မက်သဒစ်လှုပ်ရှားမှုဟာ ပေါ်လာရတာပဲ''

''ကျွန်မလည်း ဒီလိုပဲထင်ပါတယ် ဦးဝါပိုလ်။ ဂျွန်ဝက်စလေ ခေါင်းဆောင်တဲ့ မက်သဒစ်လှုပ်ရှားမှုဟာ လူတွေရဲ့ စိတ်ဓာတ် ကိုယ်ကျင့်တရားတွေ ထိန်းသိမ်းနိုင်ခဲ့တာပဲ''

''ဟုတ်ပါတယ် မိန်းကလေး၊ လူတွေဟာ ကိုယ့်ပါတီ စည်းရုံးရေးတိုးတက်အောင် လုပ်ပုံလုပ်နည်းမှာ တိုင်းပြည်နဲ့ လူမျိုးကို ထိခိုက်မဲ့နည်းလမ်းကို အသုံးမပြုသင့်ဘူး။ ကျုပ်တို့ ဝှစ်ပါတီလုပ်ပုံဟာ ဘယ်လောက်တိုင်းပြည်ကို ထိခိုက်သလဲ။ လူတွေရဲ့ အကျင့်ကို ပျက်စေတာပဲ။ ကလပ်တို့၊ ပါတီတို့ဆိုတာတွေကလည်း ကိုယ့်အမှားကို ကိုယ်မမြင်တတ်ဘူးမို့လား ဘုရင်ကြီး ရှိဝန်တီရဲ့''

''ဟုတ်ပါတယ် နန်းရင်းဝန်ကြီး၊ ကျုပ်တို့လည်း ဒါကိုပဲ ဆွေးနွေးနေပါတယ်။ ဒီညဥ့်သန်းခေါင်ယံဟာဖြင့် အမှားတွေကို ဖွင့်ဟဝန်ခံရတဲ့ပွဲမို့ အလွန်မင်္ဂလာရှိတယ်လို့ ကျုပ်ထင်ပါတယ်''

''ဟုတ်ကဲ့၊ ခုလူငယ်တွေက ကျုပ်တို့ အမှားကိုကြည့်ပြီး ပြင်နိုင်ရင် ကောင်းတာပေါ့လေ'' မင်းသားကြီး နာကာက ညည်းတွားဟန်နှင့်ဆို၏။

မကြေးမှုံဝမ်းထဲတွင်တော့ ပြုံးမဲ့ပြုံးနေရာမှ-

ဦးဝါပိုလ်တို့ အင်္ဂလန်ပြည်သားတွေရဲ့ စိတ်ဓာတ်ကို ချီးကျူးမိတာ တစ်ခုတော့ ရှိတယ်''ဟု ဆိုပြန်သည်။

mgyoe.com

mgyoe.com

"ဆိုပါဦး"

"ဦးချာချီကြီးဟာ ဒုတိယ ကမ္ဘာစစ်ကြီးပြီးအောင်တိုက်ပြီး အနိုင်ရအောင်လည်း ကြိုးပမ်းခဲ့တယ်မို့လား၊ စစ်ပြီးလို့ ရွေးကောက်ပွဲ လုပ်တဲ့အခါ တိုင်းပြည်က ဦးချာချီကို မတင်တော့ဘဲ လေဘာဦးအက်တလီကို တင်လိုက်တယ်။ အဲဒီတုန်းက ဦးချာချီက- 'ငါ့မှာ တိုက်လိုက်ရတာ သေလုရော။ ခု ရွေးကောက်ပွဲကျတော့ ငါ့မဲမပေးဘူး' ဆိုပြီး အင်္ဂလန် လူထုကို ခြိမ်းခြောက်တာလည်း မတွေ့ဘူး။ အနိုင်ကျင့် နှိပ်စက်ညဉ်းပန်းမှုလည်း မရှိဘူး။ အဲဒီ အမူအကျင့်ကို ကျွန်မဖြင့် သိပ်ချစ်တာပဲ။ သူပြောတဲ့စကားကို ကျွန်မ သဘောကျတာ ရှိတယ်"

"၅ နှစ်နဲ့ ၃ လကုန်ဆုံးတဲ့အခါမှာ ကျုပ်တို့ရဲ့ရန်သူများဟာ ချွင်းချက်မရှိ လက်နက် ချသူချ၊ အညှံ့ခံအံ့ဆဲဆဲ ဖြစ်သူဖြစ်နဲ့ ရှိလာကြတယ်။ ဒီလိုရှိလာတဲ့အခါကျမှ ဗြိတိသျှ မဲဆန္ဒရှင်များက သူတို့ရဲ့ လုပ်ငန်းကိစ္စအဝဝကို ကြိုးကိုင်ဆောင်ရွက်ပေးသူအဖြစ်က နောက် ထပ် ဆက်လက်ပြီး မလုပ်ဆောင်တော့ရန်အတွက် ကျွန်ုပ်ကို ရာထူးက ကတိုက်ကရိုက် ဖြုတ်ချပစ်လိုက်ကြတယ်"

"အဲဒီ စကားလုံးကို ကျွန်မ သိပ်သဘောကျတာပဲ။ မဲဆန္ဒရှင်တွေရဲ့ စိတ်ဓာတ်ကို ဘယ်လောက်ဦးစားပေးလေးစားတယ်၊ အနူးအညွတ် လက်ခံတယ်ဆိုတာ သူ့စကားလုံးမှာ ပါနေတယ် ဦးဝါပိုလ်ရဲ့"

"မှန်ပါတယ်။ အဲဒါ အရှည်မြော်မြင်တတ်တဲ့စိတ်ပေါ့။ ခုဆို ဦးချာချီတို့ ကွန်ဆာ ဗေးတစ်ပါတီက ၃ ကြိမ်ဆက်နိုင်နေပြီ။ ကျုပ်လည်း ခုတော့ဖြေသာပါတယ်။ အင်္ဂလန်ဟာ ပါလီမန်ဒီမိုကရေစီမှာ အများအတုခိုးလောက်အောင် ဖြစ်လာလို့ပဲ"

"ဟုတ်ကဲ့၊ ကျွန်မတို့ တိုင်းပြည်လည်း ပါလီမန်ဒီမိုကရေစီကို အမီလိုက်နေတာပဲ၊ ပြီးခဲ့တဲ့ ကဏ္ဍမှာ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ ပြည်သူလူထုဟာ ဒီမိုကရေစီရဲ့အစွမ်းကို အသက်ပေး ဖော်ထုတ်လိုက်ကြတာပဲ"

"ဟော- ပြောရင်းဆိုရင်း ဆိုသလို နောက်ထပ် ဧည့်သည်တစ်ယောက် ကြွလာပြန် မှကိုး"

မင်းသားကြီး နာကာမှာ ယခုတစ်ခါတွင် ဧည့်သည်အသစ်ကို ပထမဆုံး မြင်လိုက် ၏။ ဧည့်သည်သစ်သည် ဥရောပတိုက်သားတို့ အဝတ်အစားနှင့် ဖြစ်၏။

"ကျွန်တော်ကတော့ ပြင်သစ်က 'အင်ပါယာ တတိယ နပိုလီယံ' ဘွဲ့ခံယူတဲ့ လူဝီဘို နာပတ်ပါပဲ။ နပိုလီယံဘုရင်ကြီးရဲ့ တူတော်ပေါ့" ဧည့်သည်သစ်က သူ့ကိုယ်သူ မိတ်ဆက် ၏။

မကြေးမှုံသည် အိမ်ရှင်တို့ ဝတ္တရားအတိုင်း ခရီးဦးကြိုဆိုကာ နေရာပေးရပြန်၏။

mgyoe.com

mgyoe.com

ရောက်နှင့်သော ဧည့်သည်များနှင့်လည်း မိတ်ဆက်ပေး၏။ လူဝီဘိုနာပတ်သည် ယဉ်ကျေးဖွယ်ရာ ပြန်လှန်နှုတ်ဆက်၏။ မကြေးမုံ၏ စိတ်ထဲတွင် လူဝီဘိုနာပတ်ဆိုကတည်းက 'ကရိုင်းမီးယား' ကျွန်းဆွယ်စစ်ပွဲကြီးကို သတိရလိုက်မိ၏။ ထို ကရိုင်းမီးယားစစ်ပွဲကို ရာဇဝင်ဆရာတို့က စစ်ဖြစ်ပွားရခြင်း အကြောင်းရင်းရော၊ တိုက်ခိုက်ပုံတိုက်ခိုက်နည်းမှာရော အလွန်မိုက်မဲ၍ အကြောင်းမတန်ဘဲ တိုက်ရသောစစ်ဟု ဆို၏။

"ကျွန်တော်လည်း ကျွန်တော့်အမှားကို ဝန်ခံချင်လို့ပါပဲ။ ကျွန်တော့်နာမည် ကြားရင်ပဲ ကရိုင်းမီးယားစစ်ပွဲကို သတိရကြပေလိမ့်မယ်"

ဧည့်သည်တော်များက ခေါင်းညိတ်၏။ မကြေးမုံကမူ သူ့စိတ်ကူးကိုများ သိသွားလေသလားဟု လန့်၍သွား၏။

"ရိုးရိုးဖွင့်ဟ ဝန်ခံရရင် ဒီကရိုင်းမီးယားစစ်ပွဲ ကျွန်တော်ဝင်ပါတာဟာ ကျွန်တော့်ကိုယ်ကျိုးပဲ။ ဦးရီးတော် နပိုလီယံလို ကျွန်တော် ဘုန်းတန်ခိုးတောက်ချင်တယ်။ ပြင်သစ်ပြည်ထီးနန်းကို ကျွန်တော် ခိုင်ခိုင် မြဲမြဲ အုပ်စိုးနိုင်ရန် စစ်ပွဲတစ်ပွဲကို တိုက်ခိုက်အောင်မြင်ဖို့ လိုတယ်လို့ ကျွန်တော် ယူဆမိတယ်။ ဒါကြောင့် ဒီစစ်ပွဲမှာ ပြင်သစ်ပါဝင်ခဲ့တာပဲ"

မကြေးမုံသည် တုန်လှုပ်သွား၏။ ကိုယ်တစ်ယောက် ဘုန်းတန်ခိုးတောက်ဖို့အတွက် စစ်ပွဲဖန်တီးချင်သူတို့ ရှိကြသေးသည်တကား။ ဤသို့သောနည်းဖြင့် အကြောင်းမတန်သော စစ်ပွဲတို့ရာဇဝင်တွင် မည်မျှ ဖြစ်ပွားကာ လူသားတို့မည်မျှ ဆုံးရှုံးလေသနည်း. . . ။

"ကျွန်တော် အခုပြန်တွေးမိတော့ တော်တော်တုန်လှုပ်သွားတာပဲ။ ခုထက်ထိ လူသားတွေဟာ ကိုယ့်ပါတီတစ်ခု ပြန်တက်ချင်တာနဲ့၊ ကိုယ်တစ်ယောက် ဘုန်းတန်ခိုး ပြန်တောက်ချင်တာနဲ့ စစ်ပွဲမဖြစ်ဖြစ်အောင် ဖန်တီးကြတာပဲ။ ဒီစိတ်ဟာ တော်တော့်ကို ရိုင်းပြတဲ့ စိတ်ပဲ။ ဒီတုန်းက ဂရိတ်နဲ့ ရိုမန်ကက်သလစ်ဘုန်းကြီးတွေ ပါလက်စတိုင်မှာရှိတဲ့ နယ်မြေတွေကို သူရထိုက်၊ ငါရထိုက် ငြင်းခုံကြတဲ့ ကိစ္စပဲ။ ဒါကို ဆွေးနွေးပြီး ဖြေရှင်းရင် ရသားပဲ။ စစ်ဖြစ်ပွားစရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ ဒီအချိန်တုန်းက စစ်ပွဲမှာပါဝင်ကြတဲ့ လူမျိုးအသီးသီးဟာ ကိုယ့်ဟာကိုယ် ဘာလုပ်နေကြတယ်လို့ နက်နက်နဲနဲ တွေးပုံမရပါဘူး။ အလွယ်တကူပဲ စစ်မက်အတွင်းကို သက်ဆင်းလိုက်ကြတာပဲ"

လူဝီဘိုနာပတ်သည် နောင်တ တရား ရဟန်ဖြင့်ဆို၏။

"ဒီလိုပါပဲ မင်းတရားကြီး ဘိုနာပတ်ရဲ့၊ စိတ်ကို ကြည့်ဖြေပေါ့။ အခုဒီမှာ ရောက်လာကြတဲ့ ဘုရင်ကြီးများ၊ မင်းသားကြီးများ၊ နန်းရင်းဝန်ကြီးများလည်း ကိုယ့်အမှားကို ကိုယ်တိုင်ဖွင့်ဟဝန်ခံပြီး စိတ်ကို ဖြေနေကြရတာပါပဲ" မကြေးမုံသည် အိမ်ရှင်ပီပီ ဧည့်သည်များ စိတ်နှလုံးချမ်းမြေ့အောင် ဆိုရပြန်၏။

mgyoe.com

mgyoe.com

လူဝီဘိုနာပတ် စကားပြန်၍ မစခင်ပင် မကြေးမွှံတို့ လူစုထံသို့ ဧည့်သည်သစ်တစ်ယောက် ထပ်မံရောက်ရှိပြန်၏။ နောက်ထပ် ရောက်ရှိလာသော ဧည့်သည်ကို အားလုံးပင် မတ်တတ်ရပ်ကြိုဆို၏။ ဧည့်သည်တော်ကြီးသည် အားလုံးကို ဦးညွတ်အရိုအသေပြုပြီးမှ မကြေးမွှံပေးသော ထိုင်ခုံတွင်ဝင်၍ထိုင်၏။ သူ့မျက်နှာသည် ပြုံးနေသော်လည်း ပြုံးဟန်မှာ ထင်ရှားခြင်းမရှိပေ။ နှာတံသည် မြင့်မောက်လွန်းလှ၏။

"အားလုံး ကျန်းမာကြပါရဲ့လားခင်ဗျာ။ ကျွန်တော်ကတော့ အင်္ဂလိပ်နန်းရင်းဝန်ကြီး ဂလက်စတုံနဲ့ ခေတ်ပြိုင်ပေါ်ခဲ့တဲ့ နန်းရင်းဝန်ကြီး ဒစ်စရေလီပါပဲ"

သူသည် စကားကို ပြေပြစ်စွာပြော၏။ မကြေးမွှံက ကျန်ဧည့်သည်များနှင့် မိတ်ဆက်ပေးသောအခါ ဖော်ရွေစွာ တစ်ဦးချင်းထ၍ နှုတ်ဆက်၏။ ဆွေးနွေးသော အကြောင်းအရာများကို ပြောဆိုကြသောအခါတွင်လည်း သူသည် ခေါင်းညိတ်နားထောင်၏။

"ကျွန်တော်လည်း ရာဇဝင်ထဲ မပါတာတွေ အခု ဝိညာဉ်ဖြစ်မှ တွေးမိတယ်"ဟု ဆို၏။

"ဘယ်လိုမပါတာလဲ"

ရှိအန်တီက မေးလိုက်၏။

"ရုရှားနဲ့ တူရကီ၊ စန်စတီဖာနိုစာချုပ် ချုပ်ဆိုကြတုန်းက ကျွန်တော်ဟာ ရုရှားကို သိပ်ကြောက်သွားတယ်။ ဒီစာချုပ်အရ ရုရှားသာ ဘော်လကန်နယ်တွေမှာ ကြီးစိုးသွားရင်၊ တို့အင်္ဂလိပ်ပိုင်တဲ့ အိန္ဒိယနဲ့ အရှေ့တောင်အာရှဒေသတွေအတွက် စိုးရိမ်စရာပါပဲလား ဆိုပြီး သိပ်အကြောက်လွန်တာပဲ။ အကြောက်လွန်တယ်ပဲ ဆိုရမှာပေါ့"

သူ့ကိုယ်သူပြောဟန်လုပ်လိုက်၏။

"ချက်ချင်းပဲ၊ ကျွန်တော်ဟာ ရုရှားကို 'ဒီစာချုပ်ကို ဥရောပတိုင်းပြည်ကြီးများ ပါဝင်တဲ့ ကွန်ဂရက်အစည်းအဝေးမှာ ပြင်၊ မပြင်ရင် ရုရှားကို စစ်တိုက်ရပါလိမ့်မယ်'လို့ ရာဇသံပို့လိုက်တယ်။ ကျွန်တော်လည်း ပြောသလို စစ်ပြင်၊ ပါလီမန်မှာတောင် စစ်စရိတ်တွေ ဘာတွေ တောင်းပြီး လုပ်လိုက်တာ ရုရှားက အလျှော့ပေးလာရတယ်။ နောက်ပိုင်းလည်း ကျွန်တော်ပဲ နိုင်တယ်ဆိုပါတော့။ ဘာလင်ကွန်ဂရက်လုပ်ပြီးတော့ စန်စတီဖာနိုစာချုပ်ကို ပြင်ပစ်လိုက်တာပဲ။ အင်္ဂလန်ပြန်လာတော့ 'ရုရှားတို့ လက်တွင်းမှ ဗြိတိသျှအင်ပါယာကို ကယ်တင်ခဲ့သူကြီး'ဆိုပြီး အချီးအကျူးတောင်ခံရလို့။

သူသည် စကားကို ခေတ္တရပ်နား၏။ ပြီးမှ စိတ်မချမ်းမြေ့သောဟန်နှင့် ဆက်ဆို၏။

"ခု ဝိညာဉ်ဘဝရောက်တော့ စဉ်းစားမိတယ်။ ဒီတုန်းက ရုရှားကို ကြောက်ဇောနဲ့ ကျွန်တော်လုပ်တာတွေဟာ တိုင်းငယ်၊ ပြည်ငယ်လေးတွေ လွတ်လပ်ရေးထိခိုက်ကုန်တာ

mgyoe.com

ပဲ။ စန်စတီဖာနိုစာချုပ်အရ ဘူလ်ဂေးရီးယားနဲ့ ဆားဗီးယားဟာ လွတ်လပ်ရေး ရကုန်ကြတယ်။ အဲဒါကို ကျွန်တော်က ဘာလင်စာချုပ် (၁၈၇၈) အရ ပြန်ပြီး ခွဲဝေပစ်လိုက်တာ လွတ်လပ်ရေးရပြီးသား ဘူလ်ဂေးရီးယားကို ထက်ဝက်ခွဲ၊ တစ်ဝက်ကို ဂျာမန်မင်းသား တစ်ပါးပေး၊ တစ်ဝက်ကို တူရကီအုပ်စိုးစေလိုက်တယ်။ ဘော့စနီးယားနဲ့ ဟာဇီဂိုဗီးနားကို ဩစတြီးယား ပေးလိုက်တယ်။ သေသေချာချာ တွေးကြည့်တော့ စက္ကူလေးတစ်စကို ဖြတ်တောက်ခွဲခြမ်းပစ်လိုက်သလိုပဲ။ လွတ်လပ်ရေးဆုံးရှုံးကြတဲ့ ဘူလ်ဂေးရီးယားနဲ့ ဆားဗီးယားနယ်သားတွေဟာ ဘယ်လောက်အသည်းဆတ်ဆတ်ခါ နာကျည်းကြလိမ့်မယ်ဆိုတာ ကျွန်တော်မတွေးခဲ့ဘူး။ ကျွန်တော် ရှင်းရှင်း ဖွင့်ဟဝန်ခံရရင် ဒီတုန်းက တူရကီလက်အောက်မှာ ရှိနေတဲ့ ဘော်လကန်ပြည်တွေရဲ့ ပြဿနာကို ကျွန်တော် သေသေချာချာ မလေ့လာမိဘူး။ ဘော်လကန်မှာ ရုရှားလွှမ်းမိုးမှာကိုသာ အရူးအမူးကြောက်နေတာကလား။ နောက်ဆုံးတော့လည်း ဂျာမနီနဲ့ ဩစတြီးယားတို့ အဲဒီဘော်လကန်နယ်မှာ လွှမ်းမိုးပြီး ပထမကမ္ဘာစစ်ဖြစ်ရတော့တာပါပဲ။ အမှန်တော့ ကျွန်တော်ဟာ ရုရှားကို ကြောက်သင့်ကြောက်ထိုက်တာထက် ပိုကြောက်သွားတာနဲ့ လုပ်သင့်တာတွေရော၊ မလုပ်သင့်တာတွေရော လုပ်မိတာပဲ။

ဒစ်စရေလီသည် စိတ်ပင်ပန်းစွာဆို၏။ အဘိုး ရှိဝန်တီသည် ရှေ့သို့ ကိုယ်ကိုညွတ်ကာ ဝင်ရောက်ဆွေးနွေးပြန်၏။

''စိတ်မပျက်ပါနဲ့ နန်းရင်းဝန်ကြီး ဒစ်စရေလီ။ ကျုပ်အခုဝိညာဉ်ဘဝနဲ့ နိုင်ငံရေးတွေလေ့လာတော့ ရုရှားကို ကြောက်သင့်ကြောက်ထိုက်တာထက် ပိုကြောက်လို့ အရူးအမူးသွေးရူးသွေးတန်း ဖြစ်ကြတဲ့နိုင်ငံတွေ တွေ့ရသေးတယ်''

''ဆိုပါဦး. . . ''ဟု ဒစ်စရေလီက ဆို၏။

''သူတို့ဟာ ခင်ဗျားထက်တောင် မပြုလုပ်သင့်တာတွေကို ရုရှားအကြောက်လွန်ပြီး လုပ်ကြသေးတယ်။ ခုခေတ်တော့ ရုရှားကို ကွန်မြူနစ်ပဲ ခေါ်ကြတယ်''

''ဟုတ်ကဲ့. . . ''

''ကျုပ်တို့ အရှေ့တိုင်းနိုင်ငံတစ်ခုပဲ ကွန်မြူနစ်ကို နင်းကန်ကြောက်၊ ကြောက်သင့်ကြောက်ထိုက်တာထက် ပိုကြောက်ပြီး သူတို့တိုင်းပြည်က လူထုကို ကွန်မြူနစ်မဖြစ်အောင် ဦးနှောက်ဆေးကြတယ်လေ။ အမှန်က အဲဒီဦးနှောက်ဆေးတယ်ဆိုတဲ့ နည်းကိုက ကွန်မြူနစ်နည်းဆိုတာ သူတို့ မတွေးမိဘူး။ ကွန်မြူနစ် မဖြစ်စေချင်တော့ သင်တန်းတွေပေး၊ သင်တန်းမှာ ကွန်မြူနစ်မဖြစ်အောင် ကွန်မြူနစ်တွေအကြောင်း၊ ရုရှားပြည်အကြောင်းကို အဘိဓမ္မာဆရာကြီးများက လေ့လာသင်ကြားပြသကြတယ်။ နောက်တော့ ဘယ်လိုဖြစ်လာလဲဆိုတော့ အဲဒီတိုင်းပြည်က အစိုးရအရာရှိတွေလည်း အဲဒီသင်တန်းတွေ တက်ရတယ်။ သူတို့တိုင်းပြည်

mgyoe.com

ဟာ လူများစုက ကွန်မြူနစ်ဝါဒကိုလည်း မကြိုက်ဘူး။ အစိုးရအရာရှိတွေဆိုတာလည်း ကွန်မြူနစ်ဝါဒစာအုပ်ကို ကိုင်တောင်မကိုင်ကြဘူး။ ဒီတိုင်းပြည်က ဗုဒ္ဓဘာသာကို အသည်းစွဲနေကြတာ။ ကွန်မြူနစ်ဖြစ်ဖို့ တော်တော်ခဲယဉ်းတယ်။ သင်တန်းပေးတဲ့ အဘိဓမ္မာဆရာတွေ ထက်တောင် ဘာသာရေးကို လေးလေးနက်နက် ယုံကြည်ကြသေးတယ်။ နောက်ပိုင်းတော့ ဆရာကြီးများ သင်တန်းအပေးကောင်းလိုက်တာ အစိုးရအရာရှိတွေဟာ ကွန်မြူနစ်ဝါဒကို လေ့လာခွင့် ဖတ်ရှုခွင့်ရလာတော့တယ်။ ဖတ်လာကြတယ်။ ဘာနဲ့တူလဲဆိုတော့ အပျိုပေါက်လေး သူ့ဟာသူနေ ကောင်းသား။ အလကားနေရင်း 'ဟဲ့ ယောကျ်ားဆိုတာ ကြောက်စရာကောင်းတယ်၊ မတွဲနဲ့၊ မထိနဲ့. . . ' ဆိုလွန်းတော့ စိတ်ကို နှိုးဆွပေးသလိုဖြစ်ပြီး တွေးကြည့်၊ ထိကြည့်တော့ ဒုက္ခရောက်ကုန်သလိုပေါ့။ အဲ သင်တန်းဆုံးတော့ ခင်ဗျားတို့ ထင်မြင်ချက်ရေးဆိုတော့ အရာရှိများက 'ကွန်မြူနစ်ဝါဒသည် ကျွန်ုပ်တို့ တိုင်းပြည်နှင့် သင့်တော်သောဝါဒဖြစ်သည်'ဆိုပြီး ရေးလိုက်ပါလေရော. . . ၊ တစ်ခါတည်း ငါးပါးမှောက်တာပဲ''

''ဖြစ်မှဖြစ်ရလေ အဘိုးရယ်၊ ကျွန်မတို့ တိုင်းပြည်မှာ အဲဒီလိုများ ဖြစ်ရင် ဒုက္ခပါပဲ'' မကြေးမှုံက ထိတ်လန့်စွာဆို၏။

''မဖြစ်ပါစေနဲ့ ဆုတောင်းပါတယ် မိန်းကလေးရယ်၊ ကွန်မြူနစ်ဖြစ်မှာစိုးပြီး အဓမ္မနည်းတွေနဲ့ ပိတ်ပင်တော့ သူတို့ဟာ အဓမ္မသမား အာဏာရှင်ကြီးတွေလို ဖြစ်လာကြတာပဲ။ အဲဒီတော့ ဒစ်စရေလီရေ ခင်ဗျားဖြစ်တာတွေကို သိပ်စိတ်မကောင်း မဖြစ်နဲ့ဗျ။ လူတွေဟာ ရယ်စရာသတ္တဝါတွေပါ''

အားလုံးသည် သတိသံဝေဂ ရဟန်ဖြင့် ဖြည်းညင်းစွာ ခေါင်းညိတ်ကြ၏။

''အလို. . . နောက်ထပ် ဧည့်သည်တော်တစ်ယောက် ထပ်ပြီး ရောက်လာပြန်ပြီ။ သူ့ကိုယ်က တောက်ပလိုက်တာ'' နန်းရင်းဝန်ကြီး ဦးဝါပိုလ်က ဆို၏။ အားလုံးသည် ဦးဝါပိုလ် ညွှန်ပြရာသို့ ကြည့်လိုက်၏။ မြန်မာမင်းဝတ်တန်ဆာဖြင့် ဝတ်ဆင်လာသော ပုဂ္ဂိုလ်တစ်ဦးသည် သူတို့အပါးသို့ ရောက်လာ၏။ မြန်မာမင်းတစ်ယောက် ဖြစ်ဟန်ရှိ၍ မကြေးမှုံသည် ပျာပျာသလဲ ဝတ်ပြုရပြန်၏။

''ကြွပါ၊ ဒီနေရာ ထိုင်တော်မူပါ''ဟု မကြေးမှုံကဆို၏။ ဧည့်သည်များ အားလုံးသည် နောက်ဆုံး ဧည့်သည်တော်အား ဝမ်းမြောက်ရွှင်လန်းစွာ ခရီးဦးကြိုပြုကြ၏။

''ကျုပ်ကတော့ မြန်မာရာဇဝင် ပုဂံခေတ်ဦးမှာ ထင်ရှားခဲ့တဲ့ အနော်ရထာ ဘုရင်မင်းမြတ်ပါပဲ။ ကျုပ်လည်း ဝိညာဉ်ဘဝရောက်ခဲ့ပြီမို့ ကျုပ်ကို ဆက်ဆံကြတဲ့အခါမှာ သာမန်ပုဂ္ဂိုလ်လိုပဲ ဆက်ဆံကြပါ။ အခုဘာများ ဆွေးနွေးနေကြလဲ''

မကြေးမှုံသည် ဆွေးနွေးကြသည့် အကြောင်းများကို ပြန်ပြောပြ၏။

mgyoe.com

"ကျုပ်ကတော့ နောက်ကိုပြန်မတွေးချင်တဲ့ လူစားပဲ၊ မြတ်စွာဘုရားသခင် ဟောကြားသလို ပစ္စုပ္ပန်ကို မှန်မှန်ရှုခြင်းဟာ စိတ်ချမ်းသာတာပဲ"

"မှန်ပါပေတယ်၊ မှန်ပါပေတယ်" အားလုံးသော ဧည့်သည်တော်များက တညီတညွတ်ဆို၏။

"ဒါပေမဲ့လည်း ကြားရတဲ့အခင်းတွေက သတင်းမလျော့ဘူး ဆိုရမှာပေါ့။ မိန်းကလေးတို့ကျောင်းမှာ မြန်မာရာဇဝင် မသင်ရဆိုတဲ့ ဂယက်သတင်းပါပဲ"

"ဒါဟာ ကောလာဟလလို့ ကြားပါတယ် မင်းကြီး" မကြေးမုံက ဆို၏။

"အေး ကောလာဟာလပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်။ ကျုပ်တို့မှာတော့ 'ဆိုရေးရှိက ဆိုအပ်လှ၏၊ ဆိုစများများ၊ ထားပချေမိ၊ ငါ့ဝန်ရှိခဲ့'ဆိုသလို တာဝန်ရှိတော့လည်း ပြောရဦးမယ်။ ဟိုတလောကလည်း ပါမောက္ခကြီးတစ်ယောက် မိန့်ခွန်းပြောတဲ့အထဲမှာ မြန်မာတို့ဟာ ကိုယ့်မင်းကိုယ့်ချင်းနဲ့ တစ်ခါမှ လွတ်လပ်စွာနေခဲ့တဲ့ လူမျိုးမဟုတ်ဘူးလို့ အရာရှိတွေရှေ့မှာကို ပြောခဲ့တယ်။ ကျုပ်တို့ မြန်မာလူမျိုးတွေအတွက် ရှေ့ရေး ကျုပ် ရင်လေးမိပါတယ်"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ မြန်မာလူမျိုးတွေဟာ အနောက်မျက်စိနဲ့ ကြည့်ရင် အင်မတန်ဂုဏ်ယူထိုက်တဲ့ ယဉ်ကျေးမှု၊ စိတ်ကို နောက်ဆုံးအဆုံးသတ်ရာအထိ ပို့ပေးနိုင်တဲ့ ဘာသာတရားတွေရှိပါလျက်နဲ့ ကိုယ့်ဟာကိုယ် ဂုဏ်မယူတတ်၊ မထိန်းသိမ်းတတ်သလိုပဲ"

ဝန်ကြီးချုပ် ဦးဝါပိုလ်ကဆို၏။

"ကိုယ့်လူမျိုးနဲ့ ကိုယ့်ရာဇဝင် ဒါလောက်အထင်သေးတဲ့လူမျိုး မျိုးမပြုတ်တာ ကံကောင်းပဲ။ ခက်တာက ကမ္ဘာမှာ ငါပဲရှိတယ်ဆိုပြီး အမျိုးသားစိတ် ပြင်းထန်လွန်းလည်း အန္တရာယ်ဖြစ်တတ်တယ်။ အမျိုးသားစိတ်လုံးဝမရှိရင်လည်း လူမျိုးပျောက်တတ်တယ်၊ ပုဂ္ဂိုလ်ကြီးများရဲ့"

အနော်ရထာဘုရင်ကြီးက စိတ်အားထက်သန်စွာ ပြောပြ၏။

"ကျုပ်တို့အဖြစ်က ရှက်ဖို့ကောင်းပါတယ်။ ဟောဒီ မိန်းကလေးလည်း သင်ဖူးမှာပေါ့။ မင်းတို့ကျောင်းမှာ ကျောက်စာ မသင်ရဘူးလား"

"သင်ရပါတယ် မင်းကြီး"

"ကဲ မြစေတီကျောက်စာဘာစ်ခုတည်းပဲ ကြည့်ရအောင်။ ဒီကျောက်စာအရ သာသနာသက္ကရာဇ် ၁၆၂၈ နှစ်မှာ ကျန်စစ်မင်းကြီးဟာ ပုဂံပြည်မှာ မင်းပြုတယ်။ နန်းသက်အနှစ် ၂၈ နှစ်ကြာတဲ့အခါ နတ်ရွာစံခါနီး သားတော် ရာဇာကုမာရမင်းသားက ရွှေဆင်းတုထုလုပ်ပြီး ဖခင်ဖြစ်သူ ခမည်းတော်မင်းကြီးကို ရေစက်သွန်းချ လှူဒါန်းစေတယ်။ အဲဒီအကျိုးအကြောင်းတွေကို ကျောက်စာထွင်းထားတယ်။ ဒီကျောက်စာဟာ စာပေရှုထောင့်

mgyoe.com

နဲ့ ကြည့်ရင် အင်မတန်ဝမ်းနည်းကြေကွဲစရာ ကောင်းတယ်။ ရာဇကုမာရက ဖခင်အပေါ်မှာ ထားရှိတဲ့ သဘောထား၊ 'ငါ့ကို' အိမ်ရှေ့အရာ မပေးတယ်လို့ အာဃာတ မထားပုံတွေ၊ အင်မတန် မင်းသားလေးရဲ့ နှလုံးသားဟာ ချစ်ကြည်ညိုစရာကောင်းပုံတွေကို တွေ့ရတယ်။ ဒါတွေထားလိုက်ပါတော့လေ။ ရာဇဝင်ရေးအရ ကြည့်မယ်ဆိုရင် ကျန်စစ်မင်းဟာ သာသနာသက္ကရာဇ် ၁၆၂၈၊ ကောဇာသက္ကရာဇ် ၄၄၆ ခုနှစ်မှာ နန်းတက်တယ်လို့သိရတယ်။ ဦးကုလားရာဇဝင်မှာဆိုရင် သက္ကရာဇ် ၄၂၃ ခုနှစ်မှာတက်တယ်လို့ အမှားအယွင်း တွေ့ရတယ်။ ဒီကျောက်စာဟာ ရာဇာကုမာရမင်းသားမျက်မှောက်မှာ ရေးထိုးတဲ့ ကျောက်စာဖြစ်လေတော့ ကျန်စစ်မင်းနန်းတက်သက္ကရာဇ်ကို ခိုင်လုံတဲ့အထောက်အထားရှာရင် ဒီကျောက်စာထက် ခိုင်လုံတာ မရှိတော့ဘူး၊ မဟုတ်ဘူးလား မိန်းကလေးရဲ့''

''ဟုတ်ကဲ့''

''အဲဒီလို မျက်မှောက်ခေတ်တွေမှာ အထင်အရှား ကျန်ရစ်ခဲ့တဲ့ ကျောက်စာတိုင်တွေ၊ လူ့အသုံးအဆောင်ပစ္စည်း ကိရိယာတွေ တူးဖော်တွေ့ရှိရသမျှ ညှိနှိုင်းပြီး ရာဇဝင်ဆိုတာလေ့လာရတာပဲ။ ကျုပ်တို့လူမျိုးဟာ ရာဇဝင်မရှိ၊ အလကား ရော်ရမ်းပြောတဲ့ ဒဏ္ဍာရီနဲ့နေလာခဲ့တဲ့လူမျိုးဆိုရင် ခု မြစေတီကျောက်စာတို့၊ မင်းနန္ဒသူ ကျောက်စာတို့ကို ဖြိုဖျက်ပြီး ရေထဲမျှောလိုက်ဖို့ပဲ ကောင်းတယ်။ မင်းတို့ရော အချိန်ကုန်ခံပြီး ကျောင်းမှာ ဘာလို့စာသင်နေသေးလဲ''

အနော်ရထာမင်းတရားကြီးလည်း ဒေါသဖြစ်ဟန်ရှိလာ၏။

''ကျုပ်က အသည်းနာလွန်းလွန်းလို့ဗျာ။ သူများတိုင်းပြည် ရာဇဝင်အထောက်အထားမနည်းရှာရတယ်။ ဒီတိုင်းပြည်ဖြစ်ပုံက ရှိပြီးခိုင်မာတဲ့ အထောက်အထားတွေကိုတောင် ရေထဲ မျှောပစ်ရမဲ့အဖြစ်မျိုး။ ဒဏ္ဍာရီသဘောမျိုးလည်းပါသပေါ့။ ဒါကတော့ ဘယ်ရာဇဝင်မဆိုရှိမြဲပဲ။ ဒါပေမဲ့ တကယ့်တကယ်ကျတော့ အဲဒါတွေဖယ်ပြီး အထောက်အထား ခိုင်လုံတာကို ယူရတာပဲ။ ဥပမာ တရုတ်ပြည်ဗျာ။ 'ယို' 'ရှန်'တို့၊ 'ယု'တို့ဆိုတဲ့ မင်းဆက်တွေရဲ့ သာယာရွှေပြည်အကြောင်း ဒဏ္ဍာရီ သဘောတွေပြည့်လို့။ တကယ့်ရာဇဝင်အဖြစ်ယူရတော့ အထောက်အထား ခိုင်ခိုင်လုံလုံတွေ့ရှိတဲ့ ရှန် (Shang) မင်းဆက်က စယူရတာပဲ။ တူးဖော်ရရှိတဲ့ အရိုးတွေ၊ လိပ်ခွံတွေပေါ်က စာပေတွေလေ့လာပြီး ရှန်ခေတ် တရုတ်တို့ ယဉ်ကျေးမှု၊ အုပ်ချုပ်ရေး၊ စစ်ရေး၊ စီးပွားရေး ဒီလိုပဲ လေ့လာရတာပဲ။ အဲဒါတွေကျတော့ ရာဇဝင်တစ်စောင်အဖြစ် လက်ခံပြီး ကိုယ့်လူမျိုးကျခါမှ ဒဏ္ဍာရီရယ်လို့ ပစ်ပယ်ရမတဲ့။ သေလိုက်ကြပါတော့။ အခုလို ပုဂ္ဂိုလ်ကြီးများရှေ့ ကိုယ့်လူမျိုးအကြောင်း ကိုယ်ပြောရတာ ရှက်ပါတယ်''

mgyoe.com

"ဒါကတော့ ဖြစ်တတ်မြဲ ဓမ္မတာပါပဲ အနော်ရထာမင်းကြီး"

အဘိုး ရှိအန်တီက မင်းကြီးအနော်ရထာအား နှစ်သိမ့်၏။

"မင်းနန္ဒသူ ကျောက်စာဆို ခုထိထင်ရှားရှိသေး။ ခု မင်းနန်းသူဆိုတဲ့ ရွာမှာပေါ့။ ပုဂ္ဂိုလ်ကြီးများကိုတောင် ခေါ်သွားချင်သေးတယ်။ လေ့လာရအောင်လို့။ အဲဒီ ကျောက်စာဟာဆိုရင် ပုဂံပြည်ရဲ့ ကြေးမုံကြီးပဲ။ မင်းအနန္တသူ ဇနီးမောင်နှံနှစ်ယောက်ရေးထိုးခဲ့တယ်။ မင်းအနန္တသူကို 'မဟာသေနာပတိ အနန္တသူရ'လို့လည်း ခေါ်တယ်။ ဒီကျောက်စာဖတ်ရင်ပဲ 'မဟာသေနာပတိ' ဆိုကတည်းက ပုဂံခေတ်မှာ မြန်မာတို့ဟာ ဖွဲ့စည်းထားတဲ့ စစ်တပ်အဖွဲ့အစည်းရှိနေပြီဆိုတာ သိနေရပြီ။ ပုဂံခေတ် ကြွယ်ဝပုံ၊ ပုဂံသားတို့ စိတ်ကူးစိတ်သန်း၊ ဘာသာရေးအပေါ်ထားရှိတဲ့ သဘောထား၊ လူမှုရေးတွေ အားလုံးသိနိုင်တယ်။ ဥပမာ စာပေဘက်ကကြည့်ရင် ဒီကျောက်စာထဲမှာ သေနာပတိကြီးက 'ငါလည်း သိစပ်မြင်နှံသော သဗ္ဗညုတဉာဏ်ဘုရားဆုကို လိုချင်သောကြောင့်'ဆိုပြီး သူ့ကုသိုလ်ရဲ့ ရည်ရွယ်ချက်ကို ရေးထားတယ်။ သဗ္ဗညုတဉာဏ်ကို မြန်မာလိုပြန်တဲ့နေရာမှာ စကားလုံးတိုတိုနဲ့ အဓိပ္ပာယ်ထိရောက်စွာ 'သိစပ်မြင်နှံသော'လို့ ပြန်ခဲ့တယ်။ ခုခေတ်လည်း ဒီစကားလုံးကို လက်ခံသုံးရတယ်။ ဒါထက်ကောင်းတဲ့ စကားလုံးကို မထွင်နိုင်ကြသေးဘူး။ ဒါဟာ စာပေရှုထောင့်တစ်ခုတည်းက ကြည့်သေးတာ။ ဘုရားတံတိုင်း၊ ဥယျာဉ်၊ ရေကန် အစီအစဉ်ထားပုံ၊ စိတ်ကူးယဉ်တတ်ပုံလေးတွေ တွေ့ရတယ်။ ဘုရားကိုဌာပနာတဲ့နေရာမှာ ရွှေစမခန်း၊ ငွေစမခန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် လှူတာတွေကြည့်ရုံနဲ့ ပုဂံခေတ်ကြွယ်ဝပုံ၊ ပုဂံခေတ်လက်မှုပညာတွေ လေ့လာနိုင်တယ်။ ကျုပ် အရှည်ကြီးပြောရရင် မဆုံးတော့ဘူး။ လူကြီးမင်းတွေ ပျင်းတောင်ပျင်းမယ်"

ပုဂ္ဂိုလ်ကြီးများသည် ပြုံးကြ၏။

"အဲဒါတွေ ဒါလောက် အထောက်အထားရှိပါရက်နဲ့ ငါတို့နှောင်းခေတ်တွေဟာ ဒဏ္ဍာရီဆိုရင်တော့ ဒီလူမျိုးမကြာခင် မျိုးပြုတ်မှာပဲ"

မင်းသားကြီး နာကာက အသံထွက်အောင် ရယ်ရာမှ ဤသို့ဆို၏။

"ကွန်မြူနစ်တို့ရဲ့ သံကန့်လန့်ကာကြီးကို ရောခ်အင်ရိုးတည်းဟူသော ဘူဒိဇာနှင့် ဖြိုဖျက်အံ့လို့ အမေရိကန်က ကြွေးကြော်ချိန်မှာ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရာဇဝင် မထိန်းသိမ်းတတ်တဲ့ လူမျိုးတော့ ထိလိမ့်မယ်ဗျာ။ ကျုပ်တို့ဂျပန် အခုခံနေရပြီလေ။ အမေရိကန်ရဲ့ ဘူဒိဇာက ရုရှားသံကန့်လန့်ကာကို ထိ, မထိတော့ မသိဘူး၊ ကျုပ်တို့တော့ ထိနေပြီ"

"မှန်ပါတယ် မင်းသားကြီး။ ကျွန်မတို့ မြန်မာပြည်မှာရော ဖင်ကျပ်ဘောင်းဘီပြာ

mgyoe.com

နဲ့ မိန်းကလေးတွေ အနောက်နိုင်ငံအကကို မက၊ ကအောင် လှုံ့ဆော်ပေးတဲ့ လူတွေနဲ့ ရင်လေးလိုက်တာ အလွန်ပဲ။ သံကန့်လန့်ကာကိုလည်း အသံကြားတာနဲ့ အသက်ရှူရကျပ်တယ်။ ယဉ်ကျေးမှု ဘူဒိုဇာကိုလည်း ကြောက်တယ်။ အဘိုးတို့၊ ဦးမင်းတို့နေတဲ့ဆီမှာ အသက်ရှူရချောင်ရင် ကျွန်မကိုပါ အပြန်ခေါ်သွားကြစမ်းပါ"

မင်းသားကြီးနှင့်တကွ ဧည့်သည်တော်များအားလုံးက ရယ်မောကြ၏။

"ကဲ စကားကလည်း ကောင်း၊ အရှေ့ကလည်း ရောင်နီပျို့လာပြီမို့ ပြန်ခွင့်ပြုပါဦး မိန်းကလေးရဲ့"

မင်းကြီးအနော်ရထာက နေရာမှထကာ ဦးဆုံးပြန်ရန် ခွင့်တောင်းလိုက်၏။ အားလုံးပင် နေရာမှထကာ မကြေးမှုံကို နှုတ်ဆက်၍ ကောင်းကင်လမ်းဖြင့် ပြန်သွားကြလေသည်။

× × ×

နံနက်မိုးသောက်လျှင် ဝရန်တာကို ခေါင်းမှီကာ အိပ်ပျော်နေသော မကြေးမှုံအား အိမ်သားတို့ တွေ့ရှိရ၏။

ငွေတာရီ၊ ၁၉၆၀၊ ဇူလိုင်။

o

mgyoe.com

mgyoe.com

# ပန်းကိုတော့ ပန်ချင်ပါသည်

ကြင်ယုံသည် လတာပြင်တွင် ရေချိုးခဲ့၍ ဗေဒါပန်းကို သူလက်နှင့်ချိုးကာ ခေါင်းမှာလည်း ဝေအောင် ပန်ခဲ့ဖူးပြီး အိုးပုတ်နှင့် ကစားချိန်ကတည်းက ခတ်တက်သီးကို ဗေဒါပန်းနှင့် ရောကာ ပါးပါးလှီး၍ ဟင်းချက်တမ်း ကစားခဲ့သူပါတည်း။

'ပန်းပန်လျက်ပါ' ရုပ်ရှင်ကြော်ငြာကို သတင်းစာထဲတွင် ကြင်ယုံ မြင်ရသည်မှာ ကြာမြင့်လှပြီ။ ကြင်ယုံနေသော အင်းမကျေးရွာသို့ သတင်းစာရောက်သည်တော့ မဟုတ်။ ပန်းတနော်ကို ဟိုတစ်ပတ်ရောက်သွားရင်းမှ သတင်းစာကို လှန်လှောကြည့်ရင်း တွေ့ခဲ့ရခြင်းဖြစ်သည်။

ခါတိုင်း ရုပ်ရှင်ကြော်ငြာများကို သွားရင်းလာရင်း တွေ့ရပေမယ့် စိတ်ဝင်စားခြင်းမရှိပေ။ ရန်ကုန်မှာ ဘာရုပ်ရှင်ပြပြ အင်းမကျေးရွာက ကြင်ယုံ စိတ်မဝင်စားသည်မှာလည်း အဆန်းမဟုတ်ပါပေ။ ကြင်ယုံသည် ရန်ကုန်မဆိုထားနှင့် ပန်းတနော်ရုပ်ရှင်ရုံကိုပင် ကားသစ်လဲတိုင်း ကြည့်နိုင်သူမဟုတ်သောကြောင့်ဖြစ်၏။

ယခုတစ်ခါ 'ပန်းပန်လျက်ပါ' ရုပ်ရှင်ကြော်ငြာကို စိတ်ဝင်စားမိသည်က ကြော်ငြာတွင်ပါသော အငြိမ့်မင်းသမီးရုပ်ပင်တည်း။ ရုပ်ရှင်ကုမ္ပဏီက ဖွယ်ဖွယ်ရာရာ ကဗျာတွေ၊ မေတ္တာစာတွေနှင့် ဆရာဇော်ဂျီ၏ ကဗျာတစ်ပုဒ်လုံး၊ ဦးပုည၏ မေတ္တာစာတစ်အုပ်လုံးကို ဟိုကယူ၊ ဒီကယူ ဖွဲ့ဖွဲ့နွဲ့နွဲ့ ဘယ်လိုပင် ကြော်ငြာ ကြော်ငြာ ကြင်ယုံဆိုသူ မိန်းမငယ်က ကကြီးရေကသတ်ကက်ကို အော်ဟစ်သတ်ပုံပေါင်းကာ ရေနွေးအိုးတည်ပေးရင်း၊ သင်ဖြူးရက်ရင်း၊ ဆရာတင်၏ကျောင်းတွင် လေးတန်းမျှ အောင်လာခဲ့သူဖြစ်၍ ဘာမျှနားလည်သူမဟုတ်ပေ။

'ပန်းပန်လျက်ပါ'ဆိုသည့် အဓိပ္ပာယ်ကိုတောင် ကြင်ယုံနားမလည်။ များသောအားဖြင့် ပန်းတနော် ရုပ်ရှင်ရုံသို့ လာတတ်သော ရုပ်ရှင်များကလည်း 'ချစ်တော့ချစ်တယ်'

mgyoe.com

'မိုက်ခဲကွ'၊ 'ကျိုက်ထီးရိုး သမိုင်း'ဆိုသော ရုပ်ရှင်ကားများဖြစ်၏။ ထိုရုပ်ရှင်အမည်တွေက ဖတ်လိုက်လျှင် ဒက်ခနဲ အဓိပ္ပာယ်ပေါ်၏။

ဒီ'ပန်းပန်လျက်ပါ'ဆိုသော အမည်က သူ့ဝတ္ထုမူရင်းကို မဖတ်ဘဲ၊ သို့တည်းမဟုတ် ဆရာဇော်ဂျီ၏ ကဗျာကိုမဖတ်မိဘဲ၊ မလေ့လာမိဘဲ ထိုနာမည်၏ အဓိပ္ပယ်ကို ဘယ်လိုလုပ်၍ ဒက်ခနဲချက်ချင်း သဘောပေါက်ပါမည်နည်း။

သဘောပေါက်လွယ်ခြင်း မရှိရကောင်းလားဟု ကြင်ယုံကို အပြစ်တင်၍ မဖြစ်ပါပေ။ ရေခံ မြေခံဒေသ၏ လက်ရှိအခြေအနေကို ကြည့်ပါဦး။ ပန်းတနော်မြို့သည် သောင်းကျန်းသူ နှစ်ခါပြန် မီးရှို့ခံရပြီးကတည်းက မြို့အခြေပျက်သွားသည်မှာ ရွာကြီးသာသာလောက် ကျန်တော့သည်။ ဇော်ဂျီတို့၊ ခင်နှင်းယုတို့ စာအုပ်များက ဘယ်လိုလုပ်၍ များများကြီး ရောက်လာပါမည်နည်း။ ရောက်လာတော့လည်း မြို့ပေါ်ရှိ စာတတ်တွေလောက်သာ ဝယ်ဖတ်မည်။ ကြင်ယုံသည် စာအုပ်ကို ကိုင်ပင်မကိုင်ဘူးပါချေ။

ရုပ်ရှင်ကားအမည်၏ အဓိပ္ပာယ်၊ ကြော်ငြာစကားလုံးများကို စိတ်မဝင်စား နားမလည်သော်လည်း ပန်းချီဆရာဆွဲထားသော အငြိမ့်မင်းသမီးလေးဟန်က ကြွရွလှသည်။ ထိုကြော်ငြာကို ဖြတ်ယူလာသော ကြင်ယုံသည် ပန်းချီဆွဲထားသော အငြိမ့်မင်းသမီးလေးရုပ်ကို ကြည့်ရင်း လက်ကလေးမြှောက်၊ ခေါင်းလေးမော့ကာ က, ဟန် လုပ်ကြည့်၏။

အော်... အဖြစ်ကလည်း သူ့ကဟန်ကိုကြည့်ရန် ကိုယ်တစ်ဝက်ပေါ်မှန်လေးသော်မှ သူ့အိမ်တွင် မရှိပါတကား။ ထိုမင်းသမီး ပန်းချီကားက တကယ် 'က' ရင် မဆိုထားနှင့် သတင်းစာထဲ မြင်ရသည်ကိုက နှစ်လိုဖွယ်ပါတည်း။

ကြင်ယုံသည် စိတ်မောသွား၏။ အိမ်ရှေ့ဘူးစင်အောက် ကွပ်ပျစ်တွင်ထိုင်ရင်း တွေးကြည့်လိုက်၏။ သူ က သောအခါ ကကြိုးများထဲတွင် ထိုအငြိမ့်မင်းသမီးလိုဟန်များ တစ်ကွက်တလေ ပါပါလေစ။

"ပါစရာလည်း မလိုပါဘူးလေ" သူသည် သူ့ဟာသူ ညည်းလိုက်၏။ သူသည် အငြိမ့်တီးဝိုင်းရှေ့ ဂျိန့်. . . ဂျန့်နှင့် နှစ်ခါသုံးခါ ခုန်လိုက်လျှင်ပဲ လက်ခုပ်သံတွေက ထွက်လာ၏။ ဒိုင်း. . . ဒိုင်းနှင့် ခုန်လိုက်လျှင်လည်း သူ့နယ်က ကိုသာဝတို့အုပ်စုက ကြိုက်ပြီးသား။ တစ်ခါတစ်ခါ အောက်လင်းဓာတ်မီးကလည်း မှိန်၍မှိန်၍ သွားတတ်သေးသည်။ လူပျက်တွေက ညစ်တီးညစ်ပတ်တွေ ရွတ်ဖတ်ပြီးလျှင် သူက. . .

"အစ်ကိုကာလသားအစုံ. . . ချစ်တဲ့သူ ကြင်ယုံ လာပါပြီကော ကြင်ယုံ"ဟု ဟစ်လိုက်လျှင် ထိုညတော့ စားသာသွားသည်။ စားသာသည်ဆိုသည်က ငွေငါးကျပ် အငြိမ့်ဆရာထံမှ ရခြင်းပင်တည်း။

mgyoe.com

ယခုတလော ဘာကြောင့်ရွာများတွင် အလှူများကျဲသွားရပါလိမ့်။ သူတို့အရပ်ဆိုင်း အငြိမ့်က ဘုန်းကြီးပျံပေါ်ပါမှ (သို့မဟုတ်) လယ်ရိတ်သိမ်းချိန်၊ အင်းများအပြီး တောအလှူ တောရှင်ပြုမှာမှ က ရသော အငြိမ့်ပါပင်တည်း။ ပန်းတနော်လိုမြို့လိုမှာပင် တစ်ချီတမောင်း ကြင်ယုံ မကဖူးပါပေ။

"ဟဲ့. . . ကြင်ယုံ ဘာတွေများ ဖတ်နေလဲ"

ကြင်ယုံသည် လန့်သွား၏။ အသံပြုလာသူမှာ အငြိမ့်ဆရာ ကိုထွန်းမောင်ပင်တည်း။ ကိုထွန်းမောင်သည် ယုဇနခင် ရန်ကုန်တွင် နာမည်မကြီးမီ တောတွင်ကစဉ်က အငြိမ့်ကို ထောင်ရင်းမှ သူ့ကို လက်ထောက်မင်းသမီးအဖြစ် ဆွဲသွင်းသူဖြစ်၏။

"မနေ့က ဖျာတွေ ပန်းတနော်သွားပို့ရင်း ဟောဒီသတင်းစာ တွေ့ခဲ့လို့. . ."

သူသည် သတင်းစာဖြတ်ပိုင်းကို ထိုးပြလိုက်၏။

"အော်. . . ပန်းပန်လျက်ပါ ဇာတ်ကားလား၊ ဒီကား ရန်ကုန်မှာ သိပ်ပြရတာ ပဲ. . . အမေကော"

"အမေ ရွာဖျားခဏသွားတယ်၊ ခုပဲလာလိမ့်မယ်၊ ဆရာ ကိစ္စအထူးရှိလား..."

"ရှိတယ်လို့တော့ မဟုတ်ဘူးဟေ့. . . ငါရန်ကုန်သွားမလို့. . . နင်လိုက်ခဲ့မလား"

"လိုက်ချင်တာပေါ့ ဆရာရယ်. . . အမေ့ကို ပြောကြည့်ပါလား. . . မကရ တာလဲ ကြာလှပြီ"

"အေး. . . ယုဇနခင်ကတော့ ရန်ကုန်ပန်းခြံပွဲတွေမှာ က နေရပြီ။ နင်က ပညာ လိုသေးတယ်ဟ"

ဆရာက ပြောမှပြောရက်လေခြင်း၊ တောအလှူပွဲမှာ ဗေထိဆိုရာက စိတ်မနေနိုင်လို့ လက်မြှောက်ရင်းဖြစ်လာရသော အငြိမ့်သမ။ တစ်ခါတစ်ခါလည်း ငွေကလည်း လိုသည့် အခါ စကားစပ်မိပြီး ခေါ်ကောက် 'က' ရတဲ့ ကချေသည်မ။ ပန်တျာဟန်ဆိုသည်ကို မြင်တောင် မမြင်ဘူးသူ။ သူ့ကိုများ ဆရာက ပညာမစုံသေးတဲ့။

"ရန်ကုန်မှာ ကျွန်မလည်း သင်မှာပေါ့ ဆရာရယ်"

"အေးလေ... လိုက်တော့ လိုက်ခဲ့ဦးပေါ့။ နေရာကျမယ် မကျမယ်တော့ ငါလည်း မသိသေးဘူး၊ ဟော အမေတောင်လာပြီ"

အမေသည် ခေါင်းဆောင်းထားသော တဘက်လေးကို အသာကွပ်ပျစ်ပေါ် ချလိုက် ၏။

"အမေ ကြင်ယုံကို ကျွန်တော် ရန်ကုန်ခေါ်သွားချင်တယ်"

အမေသည် ဦးထွန်းမောင်ကိုပုံကာ ဟိုအရင်ကလည်း သမီးဖြစ်သူအား ခဏခဏပင် အပ်ခါထည့်လိုက်ရ၏။ ရွာနီးချုပ်စပ်များတွင် ကလည်း အမေမလိုက်နိုင်။ အမေသည်

mgyoe.com

ဖျာများကို ရက်ရသေးသည်။ တစ်ညတွင် ကၡရသော ငွေငါးကျပ်က ယခင်နွေဦးပေါက်ပွဲဆက်များလျှင် အမေ့အတွက် ငွေပိုငွေလျှံရသလိုရှိပေမဲ့ ယခုတလော ကြင်ယုံ မကရသည်မှာကြာပြီ။ ထို့ကြောင့် အမေက ကြင်ယုံ ဘယ်လိုကက ဖျာရက်သော အလုပ်ကိုလက်မလွှတ်နိုင်ပါပေ။ ကြင်ယုံသော်မှ ယခုနွေတွင် အမေနှင့်ကူ၍ ဖျာရက်ရသည်။

ဘာကြောင့် နွေရာသီရောက်ပေမဲ့ ကြင်ယုံမကရပါလိမ့်။

''ဆရာ ရန်ကုန်ရောက်ရင်လေ ကြင်ယုံကို ဒီ 'ပန်းပန်လျက်ပါ' ဇာတ်ကားပြပါနော်''

''ပြမယ် . . . ပြမယ် . . . မင်းသမီးက ကြည်ကြည်ဌေးပဲဟ၊ မတော်ဘဲ ရှိပါ့မလား''

''ကြည်ကြည်ဌေး၊ ရွှေဘဆိုလျှင်တော့ တောပရိသတ်က အသည်းစွဲပါပင်တည်း။ ကြင်ယုံ သွားမည့်နေ့က အမေသည် ပန်းတနော်အထိ လိုက်ပို့၏။

''ကဖို့ အဆင်မပြေလည်း မြန်မြန် ပြန်လာခဲ့၊ သင်ဖြူးပဲ ပြန်ရက်ပါ ကြင်ယုံရယ်'' အမေ၏မှာပုံသည် မယုံမရဲရှိလှ၏။

''ဟိုမှာက လူစုံတယ် အမေရဲ့။ မမခင်တို့ အဆက်နဲ့ဆို အကသင်ပေးတဲ့ သူတွေရှိမှာပေါ့။ ဆရာကို ပြောရမှာပဲ၊ ကြင်ယုံ အကကောင်းလာရင် မမခင်တို့လို ရန်ကုန်ပန်းခြံတွေမှာ ကရမှာပေါ့''

ကြင်ယုံသည် သူ့ယုံကြည်ချက်နှင့် အမေ့ကို ပြန်ပြောလိုက်၏။

*

ရန်ကုန်ရောက်လျှင် အငြိမ့်ဆရာ ကိုထွန်းမောင်က သူ့ဆန္ဒကို ဖြည့်ရှာပါ၏။ ကြည်မြင်တိုင်မှာ တည်းခိုပေမဲ့ ရန်ကုန်မြို့လယ်ကို ခေါ်သွားကာ ပန်းပန်လျက်ပါဇာတ်ကားကို ကြင်ယုံအား ပြ၏။

ကြင်ယုံသည် ဇာတ်ကားကိုကြည့်ရင်း မဗေဒါကသလို မြူးပျံ့နေအောင်သော်လည်းကောင်း၊ သိမ်သိမ်မွေ့မွေ့သော်လည်းကောင်း ကလိုက်ချင်ပါဘိ၊ ဇာတ်ကားပြီးသွားတော့လည်း သူငိုချင်၏။

အိမ်ပြန်ရောက်လျှင် အိမ်ရှင်ကျွေးသော ထမင်းကိုမှ မစားမိ၊ အိမ်ပေါ်တက်ခါ၊ အိပ်ရာထဲ ခွေနေမိသည်။ ဆရာကိုထွန်းမောင်ကတော့ ညဥ့်ဈေးတန်းကို ထွက်၍သွားသည်။

သူသည် အိပ်ရာပေါ် ပစ်လှဲရင်း မျက်စိကို စုံမှိတ်ထား၏။ မျက်စိထဲတွင် . . .

''အငြိမ့်မင်းသမီးများ ရည်းစားထားတဲ့''အစချီသော မမြရင်ကြီး သီချင်းကို သီဆိုထွက်လာသော မဗေဒါကဟန်က မျက်လုံးထဲမှာ မပျောက်။

mgyoe.com

"အော်· · · ကောလိပ်ဂျင်နေဝင်းလို ကျောင်းသားက စွဲမည်ဆိုလည်း စွဲလောက်စရာပါပင်တည်း။ မဗေဒါ ကပာန်က သိမ့်မွေ့၏၊ ပြေပြစ်၏၊ မဗေဒါရုပ်ကလည်း ကာလသားကြိုက်၊ မင်းကြိုက်၊ စိုးကြိုက်၊ သူ့မှာတော့ ရည်းစားသနာဟူ၍ ယောကျ်ားပန်းချီရုပ်တောင်မရှိ။ ညောင်ဝိုင်း ဦးအာသဘကျောင်းက ဘုန်းကြီးကျောင်းသား အုန်းမောင်တို့၊ သာအေးတို့ အုပ်စုကပင် သူ့ကို စာလေးတစ်စောင် မပေးဘူးပါပေ။

က ချင်ပါဘိသည်။ မဗေဒါတို့လို တက္ကသိုလ်ကျောင်းတော်ကြီးမှာ၊ ဒါမှမဟုတ်လည်း မင်းပွဲစိုးပွဲမှာ ကြင်ယုံ အတော်ကချင်သည်။ ကျောင်းသားဆို၍ ဦးအာသဘကျောင်းက ကျောင်းထိုင်ဆရာတော်ကြီး ဦးဝဏ္ဏ ပျံလွန်တော်မူစဉ်က ဘုန်းတော်ကြီး၏ တပည့်ကျောင်းသားများအလယ် ကခဲ့ရ၏။ ဒီတုန်းက ကြင်ယုံဆယ့်ခြောက်နှစ်ပင် မပြည့်သေးပေ။

မဗေဒါပွဲခင်းနှင့် သူ့ပွဲခင်းသည် မကွာပါလေစ။ ညနေခင်းကတည်းက ထင်းပေါက်စ၊ သစ်ကိုင်းစငုတ်တိုတွေကို သပေါ့ဖျာစုတ်ထောင့်မှာရိုက်၍ ပွဲခင်းတွင် ဖျာနေရာ သတ်မှတ်ထားရသော ပွဲခင်းပင်တည်း။ အရေးထဲ အကြော်သည် ဒေါ်ထွေးနှင့် စိန်ခွေးတို့အမေ ဖျာနေရာလုနေရာမှ ရန်ဖြစ်၍ အငြိမ့်အထွက်ရ နောက်ကျသေးသည်။

ဟန်ဟန်ပန်ပန် ပရိသတ်ဆို၍ ကျောင်းပရိဝုဏ်ထောင့် ညောင်ပင်ကြီးအောက်တွင် ကျောင်းအမ ဒေါ်ညီမကြီး သားသမီးတစ်စု ကွပ်ပျစ်ပေါ်မှ သူ့အငြိမ့်ကို သူကြီးမင်းနှင့်အတူ ကြည့်၏။

သူ့အငြိမ့်ဟုသာ ဆိုရသည်၊ သူခေါင်းဆောင်သော အငြိမ့်မဟုတ်ပေ။ ယုဇနခင်နာမည်မကြီးခင်က တောရွာများတွင် လှည့်လည်ကပြ၏။ ထိုစဉ်က သူသည် လက်ထောက်မင်းသမီးဖြစ်သည်။

မှတ်မှတ်ရရ မင်းပွဲစိုးပွဲ ဆိုကြပါစို့၊ တစ်ချီ 'က' မိသေးသည်။ ထိုအချီကို မေ့၍မဖြစ်သေး။ လွန်ခဲ့သော လေးနှစ်လောက်က အင်းမရွာတွင် ပါပင်တည်း။ မဗေဒါလို မင်းပရိသတ်ဗိုလ်ပုံအလယ်မျိုး မဟုတ်ဆိုသော်လည်း ဗိုလ်ဆိုသူတော့ပါသည်။ တပ်ခွဲမှူးတစ်ယောက်က သူ့တပ်သားများနှင့် ရွာသူ ရွာသားများအတွက် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပပေးပေးသည်။ လမပြည့်ခင်တစ်ရက်က သူတို့ကရ၏။

ထိုညကအကြောင်းကို ပြန်တွေးမိတော့လည်း ကြင်ယုံသက်ပြင်းချမိ၏။ ဘယ်လိုပင်ဆိုဆို သူ့နေရာနှင့်သူမတော့ တပ်ခွဲမှူးဆိုသူမှာ မဟာရာဂျာပါပင်တည်း။ သူကြီးမင်းက အနားမှ ရံ၍ သူတို့အငြိမ့်ကို တပ်ခွဲမှူးက ကြည့်၏။ လက်ထောက်တပ်ခွဲမှူး ဗိုလ်တစ်ယောက် အပြင် ဆရာ(ဆာဂျင်) အောင်ရွှေတို့လည်း ပါသည်။ တပ်သားတွေကလည်း မြို့နှင့်ဝေး၊ အငြိမ့်ပွဲတို့နှင့် ဝေးနေသည်မှာ ကြာပြီဖြစ်၍ သူတို့အငြိမ့်ကို အားရပါးရ ကြည့်ကြသည်။

mgyoe.com

လဆန်း ၁၄ ရက်နေ့ညဖြစ်၍ လမင်းမှာ ထွန်းထွန်းပပ သာနေပြန်တော့၊ အငြိမ့်ပွဲခင်း သာတောင့်သာယာ ရှိပေသား။

အော်. . . သူ့မှာတော့ မင်းစိုးရာဇာဆို၍ ထိုတပ်ခွဲမှူး ဗိုလ်ကြီးရှေ့တွင် ကပြရ ခြင်းသည် ပထမအကြိမ်ဖြစ်၍ ကြင်ယုံ ရင်ဖိုမိပေသား။

ဒီတုန်းကများ. . . မဗေဒါကို ကောလိပ်ကျောင်းသားတွေကျသလို တပ်ခွဲမှူးက ဖြစ်စေ၊ ဆာဂျင်ကြီးကဖြစ်စေ သူ့ကိုများကျလျှင် ကောင်းလေစွ။

ကြင်ယုံသည် သက်ပြင်းချမိပြန်၏။ သို့သော် ထိုညက သူ့အလှည့်သာပြီးသွားသည်။ တပ်ခွဲမှူးက မတုန်မလှုပ်။ သူ့မှာတော့ ဆံမြိတ်များပင် ပြုတ်ကျ၍ ချွေးဒီးဒီးပြန်အောင် ခုန်လိုက်၊ ပျံလိုက် ကလိုက်ရသည့်ဖြစ်ခြင်း။

နောက်နေ့မနက်တွင် သူသည် အငြိမ့်ပွဲအတွက် ဘာကိုမှ ကူမလုပ်၊ စိတ်ပေါက်ပေါက် နှင့် ပြောင်းဖူးဖက်တိုကိုခဲကာ အုတ်စည်းရိုးပျက်ကြီးအနီးတွင် ဆောင့်ကြောင့်ထိုင် နေမိ သည်။ ဘဲကျားရိုက်ထားသော သနပ်ခါးများပေါ်ကို ချွေးများက စီးကျနေသည်။ ကဆုန် ၏ နေသည် ပူပြင်းပေသား။

ရဲဘော် သုံးလေးယောက်သည် သူ့အပါးမှ ဖြတ်လျှောက်သွား၏။

"အငြိမ့်မင်းသမီးများကွာ မီးရောင်အောက်မှာ မဟုတ်ရင် တယ်သောက်ကျည်း တန်တယ်"

မကြားတကြား လှမ်းပြောသွား၏။ ရဲဘော်တွေမို့လို့နော်. . . ရဲဘော်တွေမို့လို့ဟု သူ ရင်ထဲကလည်း ကြိမ်းဝါးမိ၏။ စိန်ခွေတို့ လူသိုက်ကသာ သူ့ကို သောက်ကျည်းတန် တယ်ဟုပြောလျှင် သူသည် လက်ညှိုးငေါက်ငေါက်ထိုးခါ ရန်တွေ့မည်ဖြစ်၏။

"အိုး ငါ့ရုပ်ကလည်း ဆိုးပါလိမ့်မယ်။ ဒါကြောင့် တပ်ခွဲမှူးက မလှုပ်တာပေါ့"

သူ့တစ်ယောက်တည်း ပြောမိပြန်သည်။ အငြိမ့်နှင့် ပတ်သက်သော ဒဏ္ဍာရီပုံပြင်များ သူတို့ ပန်းတနော်တစ်ဝိုက်တွင် ခဏခဏ ကြားရဖူး၏။

ခေတ်မပျက်ခင်က အိုင်စီအက် နယ်ပိုင်တစ်ယောက် နယ်လှည့်ရင်း အငြိမ့်သမ နာမည်ကြီးတစ်ယောက်နှင့်တွေ့ကာ ညလုံးပေါက် အရက်နှင့်မြိုးသည်မှာ အရပ်ကကို အော့ ရသည့်အဖြစ် ရောက်သည်ဟု ကြားရဖူး၏။

ထို့ပြင် ရောမအရာရှိလူကြီးတစ်ဦး အငြိမ့်သမ ရွှေခြေကျင်းတစ်ဖက်ကို အငြိမ့်သမ ကိုယ်စား ဖက်၍ ဖက်၍ နမ်းသတဲ့။

အော်. . . အငြိမ့်သမချင်းတူတူ သူတို့မတော့ တန်ခိုးထွားလေဘိခြင်း။

"ကျုပ် လက်ဖျားလေးကိုများ နမ်းရင်တော်ပါပြီ"

mgyoe.com

 mgyoe.com 

"နင့်လက်ဖျားက ဘာဖြစ်လို့လဲ" ကြင်ယုံလန့်လိုက်သည့် ဖြစ်ခြင်း၊ သူ့နောက်မှ ရပ်နေသူမှာ ဒိုးတီးဆရာ ကိုသန်းစိန်။

"တစ်ယောက်တည်း ဘာလုပ်နေတာလဲ ကြင်ယုံရဲ့၊ ဒီည ပသွယ်ဘက် ပွဲဆက်ရဦးမှာ၊ နင်ခုတလော သိပ်ငိုင်တာပဲ. . ." ဆရာကိုသန်းစိန်သည် သူ့ခေါင်းကို ပွတ်ခါ သူတို့အငြိမ့် ခေတ္တစတည်းချသည့် ကျောင်းဝင်းထဲသို့ ဝင်သွား၏။

သူသည် သိမ်းစရာ ဆည်းစရာများကို ကူပြုလုပ်ပေးရမည်ကို သတိရကာ ဆရာကိုသန်းစိန်နောက်ကို လိုက်သွားရလေသည်။

ထိုနေ့ညက လက်ထောက်တပ်ခွဲမှူးက သွားရေးလာရေး အားလုံးစီစဉ်ပေး၏။

ထိုနေ့ညဆိုသည်မှာ ကဆုန်လပြည့်နေ့ည။ ထိုညကိုလည်း မေ့၍မဖြစ်သေး။ ပသွယ်မရောက်ခင် လေကြီးမိုးကြီး ကျတော့သည်။ မိုးကသည်းထန်လွန်း၍ အငြိမ့်တစ်ဖွဲ့လုံး ရွဲရွဲစိုနေတော့သည်။ ကမ်းကပ်၍ မော်တော်ကို ရပ်နားနေ၏။ လေက ထန်ထန်၊ မိုးက ရွဲရွဲ ဟိုတိုးသည်ခွေ့နှင့် ဒိုးတီး ဆရာကိုသန်းစိန်ရင်ခွင်ထဲ ကြင်ယုံတစ်ည အိပ်ခဲ့သည်။ ထိုညသည် ဘာပဲပြောပြော၊ သူ့အပျိုဘဝတွင် သွေးစွန်းသော ညပေပဲ။ ပိုးစိုးပက်စက် ဖြစ်ခဲ့ရသည် မဟုတ်ပေမဲ့၊ ယောကျ်ားတစ်ယောက် ရင်ခွင်ဆိုသည်မှာ ရင်ဖိုစရာ ကောင်းသည်ဆိုသည်ကို တော့ သူသိခဲ့ရသည်။

*

ကြင်ယုံပါးပေါ်တွင် မျက်ရည်များ စီးကျလာ၏။ ယခု သူအိပ်ရင်း တွေးတောနေသောနေရာမှာ ပန်းတနော်နယ်မြေမဟုတ်၊ ရန်ကုန်နယ်မြေ ကြည့်မြင်တိုင်မှာပါတည်း။

လောကမှာ အသိုင်းအဝိုင်းဆိုသည်က ဘယ်နေရာမှာမဆို ရှိတာပါပဲလေ။ ကြင်ယုံသည်မြို့ရောက်တော့ မြို့ဆန်ဆန်တွေးမိ၏။ ကြည့်ပါဦး၊ ကြင်ယုံတွေးမည် ဆိုလျှင်လည်း တွေးချင်စရာပင်ဖြစ်၏။ မဇေဒါအငြိမ့်မှာ သီချင်းရေးဆရာ ကိုယ်တိုင်က အနုပညာမြို့တော် မန္တလေးသား၊ သီချင်းသားကိုက ရာဇဝင်နှင့်ဘာနှင့်၊ ဇေဒါရီနှင့် မဟာသမ္မဝကို နောက်ခံထားလို့။ စကားလုံးများက သိမ့်မွေ့၍ မဇေဒါသီချင်းဆုံးတော့လည်း ကရုဏာရသတွေ တစ်ပုံကြီးနှင့် ကြည့်သူမှာ ကျန်ရစ်ရ၏။

သူ့မှာတော့ "ပျိုကြင်ယုံ ခေတ်ထလို့ ချစ်ကြပေတယ်. . . အစ်ကိုကာလသားများကို အားကိုးပါတယ်" ဒီသီချင်းကို ဟစ်ဆိုကာ တပ်ခွဲမှူးကို ပစ်လိုက်ရသည့် မျက်စ၊ မျက်စလေးတစ်ချောင်းတလေသော်မှ တပ်ခွဲမှူးကို စူးပုံမရ။ မစူးသည်မှာလည်း မဆန်းပေ။ ထိုသီချင်းတောင် အငြိမ့်သမတပြေသူ ခေတ်ထစဉ်က "တပြေသူ ခေတ်ထလို့ ချစ်ကြပေတယ်"ဆိုသော သီချင်းဟောင်းကို သူတို့အငြိမ့်မှာ ဆရာက နာမည်ပြောင်းထည့်ထားခြင်းပေတည်း။

mgyoe.com

mgyoe.com

ထိုညက မိုးသာ စင်းစင်းလင်းခဲ့သည် အိပ်၍မပျော်ပါပေ။

နောက်နေ့မနက် ပဲပြုတ်နှင့် ရေနွေးကြမ်းဝိုင်းတွင် ဆရာကိုထွန်းမောင်နှင့် မျက်နှာချင်း ဆိုင်မိသည်။ အိမ်ရှင်တို့ လူစုကလည်း ညကကြင်ယုံတို့ သွားကြည့်သော ပန်းပန်လျက်ပါ ဇာတ်ကားအကြောင်း ပြောပြနေကြသည်။

"ရုပ်ရှင်ဆိုတာ ကံလည်းပါတယ် ကိုထွန်းမောင်ရဲ့ . . . ဒီပန်းပန်လျက်ပါ ဇာတ်ကားဟာ ဇာတ်လမ်း ရိုးရိုးပဲ၊ ဒါပေမဲ့ စွဲချင်တော့စွဲတာပဲ"

အိမ်ရှင်ကပြော၏။ အိမ်ရှင်မှာ အငြိမ့်သမဟောင်းကြီး 'မြစကားဝါ' ဖြစ်သည်။ သူသည် ယခုတော့ အငြိမ့်သုံးလေးခုကိုထောင်၍ ရန်ကုန်မှချုပ်ကိုင်ကာ အငြိမ့်အုပ်လုပ်နေသည်။ မြစကားဝါက ပန်းပန်လျက်ပါ အတိမ်အနက်ကို ထိုမျှလောက်ပင် လေ့လာမိသည်မှာ အံ့သြစရာ မဟုတ်ပါပေ။ သုံးကျပ်ခွဲတန်း ကြည့်သူအချို့ကပင် . . .

"အငြိမ့်ကနေတာနဲ့ ပြီးရော၊ ဒီဇာတ်ကားများ လူကြိုက်တာ အံ့ပါရဲ့"ဟူ၍ မှတ်ချက်ချကြပေသေးသည်။

ကိုထွန်းမောင်ကမူ ကြင်ယုံကို တစ်ချက်လှမ်းကြည့်ကာ"အငြိမ့်ဒိုးနဲ့ မဗေဒါဆိုတဲ့ ပန်းပန်လျက်ပဲဆိုတဲ့ ကဗျာကိုတော့ ကြင်ယုံအလွတ်ကျက်ထားဖို့ကောင်းတယ်"ဟု ပြောလိုက်၏။

"ဟုတ်ကဲ့"ဟု ကြင်ယုံဆိုလိုက်သော်လည်း ဘာကိုရည်ရွယ်၍ ကိုထွန်းမောင် ပြောသည်ကို နားမလည်ပါပေ။ တပြေသူ သီချင်းကို စကားလုံးလေးဘာလေး ပြောင်းကာ ဖျက်၍ဆိုသလို ကျေးလက်များတွင်သွား၍ ကပြရင်းဆိုရဖို့လောက်သာပဲ ကြင်ယုံက မှတ်လိုက်မိ၏။

"ဒီ . . . ပန်းပန်လျက်ပါ ဝတ္ထုရေးတာလေ၊ ဘယ်သူလဲ သိလား ကြင်ယုံ" ကိုထွန်းမောင် မေးပြန်၏။

"ဟင့်အင်း မသိဘူး"

"ခင်နှင်းယုတဲ့"

အငြိမ့်သမဟောင်းကြီး မြစကားဝါက ပြောလိုက်၏။

"အဲဒီ ခင်နှင်းယု ဆိုတာကို သူမှမသိတာ မမမြရဲ့"

ကိုထွန်းအောင်က ဆက်ပြော၏။

"ဟို တို့များ လေပြင်းတိုက်တဲ့ ညလေ၊ အင်းမမှာကတဲ့ည သတိရသေးလား"

ကြင်ယုံက သတိရလိုက်သည့်ဖြစ်ခြင်း၊ အပြင်တွင် လေပြင်းကျရုံသာမက၊ သူ့ရင်တွင်းမှာလည်း မုန်တိုင်းထန်ခဲ့ရသော ည။

mgyoe.com

 mgyoe.com



"အဲဒီညမတိုင်ခင်က ဒို့အင်းမရွာမှာ ကခဲ့ပါရောလား"

"ဟုတ်တယ်ဆရာ သတိရပြီ"

"အေး. . . အဲဒီတုန်းက ပွဲသွင်းပေးတဲ့ တပ်ခွဲမှူးလေ၊ အဲဒီဗိုလ်ကြီးရဲ့ မိန်းမတဲ့"

ကြင်ယုံသည် နည်းနည်းတော့ ရှက်သွား၏။ ထိုနေ့ညက ဗိုလ်ကြီးကို မျက်စပစ်မိသေးသည်ကို သတိရသွားသည်။

"ဒီဗိုလ်ရဲ့ မိန်းမက အငြိမ့်သမတွေအကြောင်း သိသတဲ့လား ဆရာ"

"သင့်သလောက်တော့ သိတာပေါ့ဟယ်။ တို့အငြိမ့်လောကကို အနုပညာပြည့်ပြည့်ဝဝ ပါစေချင်တဲ့ စေတနာလည်း သူ့မှာရှိတယ် ထင်ပါရဲ့၊ ပြီးတော့ သူကြည့်ဖူးတဲ့ အငြိမ့်က မန္တလေးအငြိမ့်တွေနဲ့ ရန်ကုန်က နာမည်ကြီး ကောလိပ်မြိုင်တို့၊ ရွှေနှင်းဆီတို့ ကြည့်ဖူးမှာပေါ့"

"ဟင်း" ကြင်ယုံသည် သက်ပြင်းချ၏။ သူ့အငြိမ့်ပွဲတစ်ပွဲလောက် ဒီစစ်ဗိုလ်ဇနီးကို ကပြလိုက်ချင်သည်။ ကြင်ယုံတကယ်ကရတဲ့ အငြိမ့်က မဗေဒါလို မဟုတ်ပါဆိုသည်ကိုပဲ ဒီ စာရေးဆရာစစ်သား၏ ဇနီးကို ကြင်ယုံ ပြောပြချင်ပါသည်။ လူထဲကလူတွေမှာ တကယ်စင်စစ် ခံစားရသောဝေဒနာကို သူတို့သိစေချင်ပါသည်။

ကြင်ယုံတို့ စကားပြောနေစဉ် နယ်မှပြန်လာကာ ပွဲရက်ခဏနားနေသော အာဇာနည်ခင်သန်းကြည်သည် အိမ်ခန်းထဲသို့ ဝင်လာသည်။ သူ့ခြေထောက်တွင် ဖိနပ်ဖြူ၊ ဒေါက်မြင့်နှင့်။ ပြီးတော့ နဖူးထိပ်တွင် ဆံပင်များက တွန့်လိပ်ကျနေသည်။ ရင်ဘတ်ရှေ့က ဇာဘော်လီကလည်း ဇာနိုင်လွန်အောက်တွင် ချွန်ချွန်မြမြနှင့် ကြွကြွရွရွလေး ကြင်ယုံ မျက်လုံးထဲတွင် ထင်းခနဲ ဖြစ်သွားသည်။

နွေပေါက်၍ သည်တစ်ခေါက် ကရရင်တော့ သူတို့လိုပဲ ဖိနပ်ဖြူမြင့်မြင့်နှင့် ဘော်လီချွန်ချွန်ဝယ်ဝတ်လိုက်ဦးမည်။ ဆံပင်တွေကိုလည်း တစ်ခေါင်းလုံးကို ကောက်လိုက်ဦးမည်။

"ဒီမှာ ကြင်ယုံ"

သူ့စိတ်ကူးများထဲတွင် ဒေါက်မြင့်ဖိနပ်နှင့် ဇာဘော်လီချွန်ချွန်ရောက်လာ၍ ရှေ့တွင်ထိုင်နေသော ဆရာကိုထွန်းမောင် စကားပြောနေသည်ကိုပင် မေ့သွားပြန်သည်။

"ရှင်. . . ဆရာ"

"ထွေထွေထူးထူး ကိစ္စမရှိတော့ရင် နင်ရွာပြန်ရင် ကောင်းမယ်"

"ရွာကို ပြန်ရမယ်လား"

"အေး"

mgyoe.com

''ဒီမှာ အကသင်ပြီးနေရစ်လို့ မရဘူးလား ဆရာ''

''အရင်ကတော့ လွယ်ပါတယ်၊ ခုတော့ လက်ရှိ အငြိမ့်သမတွေတောင် သိပ်မကရတော့ သိပ်မလွယ်ဘူး။ တစ်ခုကလည်းလေ အဆင်ပြေမဲ့ အိမ်တွေ့ရင် နင့်ကို ငါ ခေါ်လိုက်မယ်လေ။ ခုတော့ မတွေ့သေးဘူး။ ပြီးတော့ ရန်ကုန်မှာ ကတယ်ဆိုတော့ အမေ့လိုအုပ်ထိန်းသူတစ်ယောက်ယောက် နောက်ကလိုက်နေရင် ကောင်းသား၊ နင့်မှာက တစ်ယောက်ထဲ''

''ဆရာကလည်း တစ်ခါကမှ ငါးကျပ်ကို မှန်မှန်မှမရတာ၊ အမေက ဘယ်လိုလုပ်ထမင်းစားပြီး ကျွန်မနောက် နေရမှာလဲ''

''အေးလေ၊ ဒါကြောင့် ရွာခဏ ပြန်နေဦးလို့ ငါပြောတာ။ ရွာမှာက ဒီမှာထက်အန္တရာယ်နည်းတာပေါ့''

''အန္တရာယ်. . .''

ကြင်ယုံသည် ထိုစကားလုံးကို ရွက်လိုက်ရင်း ငြိမ်သက်၍ နေလိုက်လေသည်။

ဆရာထွန်းမောင်အဖို့ ကြင်ယုံကို အသုံးချဖို့ အနည်းငယ်စဉ်းစားကြည့်မိသေးသည်။ ရုပ်မရှိပေမဲ့ ကောလိပ်မြို့လို ကဟန်နှင့် စားလျှင်လည်း ''အကျည်းတန်မလေး''ဆို၍ သူ့ပွဲထုတ်ကြည့်မိဦးမည်ဖြစ်သည်။ ယခုတော့ ကြင်ယုံ၏ ကဟန်ကလည်း ဝါသနာပါ၍ လက်ကွေးရသည်။ ပညာသားက မပါ။ သူ့ကိုဆရာရယ်လို့ အားကိုးလိုကြ၏။ ဆရာသမားတစ်ယောက်အနေနှင့် သူက အငြိမ့်သမအသစ်လေးများကို စနစ်တကျ အကသင်ပေးကာ ပွဲထုတ်ရအောင်က အငြိမ့်ထောင်ဆရာကြီးမှာ ယုဇနခင်နှင့် ဇာတ်ခေါင်းကွဲကတည်းက ခုထိ မိမိရရပြန်လည်၍ အငြိမ့်တစ်စင်မထောင်ဖြစ်သေး. . .၊ သူ့ကိုယ်သူတောင် မရေရာသေးသော ဆရာထွန်းမောင်သည် ကြင်ယုံအတွက် အာမခံချက် လုံခြုံမှုများကို မပေးနိုင်သေး၍ ရွာကိုပြန်လွှတ်နေမိခြင်း ဖြစ်လေသည်။

ကြင်ယုံ ရင်ထဲမှာတော့ အကယ်၍သာ သူသည် ဖိနပ်ဖြူလေးစီး၍ ဆံပင်ထိပ်တစ်ဝက်ကို ဖြတ်၍ ကောက်နိုင်လျှင် ကောလိပ်ကျောင်းသားက မကျတောင် တပ်ခွဲမှူးအနားက ဆရာကြီး (ဆာဂျင်) အောင်ရွှေတို့လို လူကကော့ သူ့ကိုကျမှာပဲဟု တထစ်ချတွေးမိသည်။

ကြင်ယုံလိုပင်တည်း မဗေဒါလည်း အငြိမ့်သမ၊ သူလည်း အငြိမ့်သမ။ မဗေဒါကို ပွဲကြည့်ပရိသတ်ထဲက စွဲလမ်းတမ်းတပြီး မဗေဒါမှာ ရည်းစားနှင့် ဘာနှင့်ရှိသလို၊ ကြင်ယုံကလည်း ကရင်း ခုန်ရင်းမှ ရည်းစားလေးဘာလေးနှင့် ဖြစ်ချင်သေးသည်။

သူဖြစ်ချင်သော စိတ်ကူးယဉ်ထဲမှ ဒေါက်မြင့်ဖိနပ်ဖြူ ဘော်လီချွန်ချွန် ပုံပိုးပေးမည့် ရည်းစားလေးတစ်ယောက်ကိုမှ သေသေချာချာ မတွေ့ရသေးခင် ဆရာက ရွာပြန်ရမည်ဆိုတော့ ကြင်ယုံ ဘာတတ်နိုင်ပါဦးမည်နည်း။

mgyoe.com

 mgyoe.com 

အငြိမ့်အုပ်ကြီး မြစကားဝါသည် ကြင်ယုံကို ကြည့်ပါသေးသည်။ ဝဝတစ်တစ်လေး ရှိသော ကိုယ်လုံးကလွဲ၍ ကြင်ယုံသည် စင်ပေါ်တွင် မီးစားသော ရုပ်မဟုတ်။ သွားက နည်းနည်းခေါနေသည်က ပြင်မရနိုင်ဟု သူထင်သည်။ ထို့ကြောင့်ပင် မင်းသမီးကြီးသည် ကိုထွန်းမောင်လက်မှ ကြင်ယုံကို ဆွဲမထားလိုက်ခြင်း ဖြစ်ပေသည်။

နောက်နေ့တွင် ကြင်ယုံကို ဆရာက သင်္ဘောဆိပ်အထိ လိုက်ပို့သည်။ ဆရာ ထွန်းမောင် ကုန်းပေါ်သို့ ပြန်အတက်တွင် သူသည် ကုန်းဘောင်ထိပ်အထိ ပြန်တက်ကာ လိုက်ပို့သည်။

ရန်ကုန်မြို့က မခွာချင်သော ကြင်ယုံသည် ရန်ကုန်ဆိပ်ကမ်းကို တပ်မက်မောစွာ ကြည့်မိ၏။ ဆိပ်ကမ်းသည် စာအုပ်သည်၊ ငှက်ပျောသီးသည်၊ ကွမ်းယာသည်တို့နှင့် ရှုပ်ထွေး၍ နေသည်။

အမေဖို့ ထွေထွေရာရာ ဝယ်သွားချင်ပေမဲ့ ပိုက်ဆံကလည်း လက်ထဲတွင် ရှိလှသည် မဟုတ်။ ငှက်ပျောသီးဆိုသည်က ရွာမှာ ပေါသားပဲ။ ရန်ကုန်မှ ဝယ်သွားရန်မလိုပေ။

''ကြင်ယုံ. . . ကြင်ယုံ. . .''

ကုန်းဘောင်ပေါ်မှ မော်တော်ရှိရာသို့ ပြန်တက်မည့်အလုပ် သူ့နာမည်ခေါ်သံ ကြား၍ ခြေလှမ်းတန့်သွားတော့သည်။

''နင်ဘယ်သွားမလို့လဲ''

သူ့ကိုမေးသူမှာ ဒိုးတီးဆရာ ကိုသန်းစိန်ပင် ဖြစ်၏။ တစ်ရံရောအခါက မိုးသက် လေများပြင်းစွာကျနေဆဲ၊ မိုးရေစိုစို ဟိုတိုးဒီလိုမ့်နှင့် ရင်ငွေ့လှူခဲ့ရသော ကိုသန်းစိန်။

''ရွာကိုပြန်တော့မလို၊ ခုပဲ ဆရာကိုထွန်းမောင် ကျွန်မကိုပို့ပြီး ပြန်သွားတယ်''

ကိုသန်းစိန်သည် သူ့ထုံးစံအတိုင်း ရယ်မောလိုက်၏။ ခုတစ်ခါ ရယ်မောခြင်းမှာ အစကိုမြင်၍ သွားဖြဲပြလေသလား ကြင်ယုံမတွေးမိ။

''နင်ကရော မပြန်ချင်ဘူးလား''

''မပြန်ချင်ဘူး ဆရာရယ်. . . ဆရာ အခုဘယ်အငြိမ့်နဲ့ လိုက်နေလဲ။ ကြင်ယုံ ဆရာ့အိမ်မှာ လိုက်နေမယ်လေ။ ဆရာသွားတဲ့ အငြိမ့်နဲ့ပဲ လိုက်ပါရစေ. . .''

''လက်ထောက်ဘဝနဲ့ ကရတာကလည်း မဟန်ဘူးဟဲ့. . .''

''အို ကျန်တဲ့အချိန် ဆရာ့အိမ်မှာ ထမင်းကူချက်ပေးမှာပေါ့. . . ထမင်းချက် ဖော်ရရင် ဆရာ့မိန်းမက မကြည်ဖြူနိုင်ဘူးလား''

''အဟဲ. . . ''

ကိုသန်းစိန်သည် ဘာကိုမြင်၍ ရယ်ပါလေသနည်း။

mgyoe.com

"အေး လိုက်ခဲ့လေ. . . ငါတို့ အငြိမ့်ကောင်းကောင်း မကရတဲ့ အလှည့်ကျလို့ အိမ်က ဟာမကြီး ပူညံပူညံလုပ်ရင် နင်က သည်းခံဟယ်"

ဆရာကိုသန်းစိန်နှင့် ကြင်ယုံ ဤလို အပေးအယူတည့်သွားကြသည်။

*

ကြင်ယုံရောက်စက အစိုးရအမတော်ကြေးကို ယူကာ ကိုသန်းစိန်၏ မြကြာခြည် အငြိမ့်မှာ ပြင်ဆင်ဝယ်ခြမ်းစရာအသစ်များကို ဝယ်လိုက်သေးသည်။

ပွဲကျဲကျဲ ကရသော နွေရာသီ ကုန်ဆုံးပြီ။ နောက်တစ်မိုးတွင်းလုံး ထိုင်စားလိုက် ကြသည်မှာ အမတော်ကြေးဆပ်စရာပင် မရှိတော့။

ကြင်ယုံသည် ထမင်းအိုးမွှေရင်း မျက်စိထဲတွင် ဒေါက်ဖိနပ်ဖြူဖြူ အမြင့်လေးနှင့် ဘော်လီချွန်ချွန်လေးကို မြင်နေသည်။ နွေတုန်းကမှ တစ်လကို နှစ်ဆယ်လောက် လက်ထဲ ငွေကိုင်ရသေးသည်။ ယခုမိုးတွင်းတွင် ငွေစ မမြင်ရသည်မှာ ကြာပြီ။

ထမင်းကိုတော့ ကိုသန်းစိန်မိန်းမကို ထမင်းကူချက်ရင်း စားနေရသေးသည်။ ယခု မိုးတွင်းတွင် ဆရာကိုသန်းစိန်မိန်းမ မရွှေကလည်း ဒိုးတီးဆရာ ဒိုးတီးကျဲလာလျှင် သူ့ကို ပါ မသထာချင်တော့၊ သို့သော် ကံကောင်းချင်တော့ နွေပေါက်လာလျှင် ဆက်တိုက်ကြီး မဟုတ်ပေမဲ့ ဖြိုးဖြိုးဖြောက်ဖြောက် ကရသည်။

ထိုကရ၍ရသော ငွေထဲမှ ဇာနိုင်လွန် ဖြစ်ဖြစ်၊ ငွေချည်ကြောင်းများ ဖောက်ထားသော မှန်နိုင်လွန်ဖြစ်စေ ဝယ်ကန်တော့လိုက်လျှင် ကိုသန်းစိန် မိန်းမက ကျေနပ်သွားပြန်သည်။ သည်လိုနှင့် ရွာကိုလည်း မပြန်ဖြစ်သေး။ သူလိုချင်သော ခုံမြင့်ဖိနပ်ဖြူနှင့် ဘော်လီချွန်ချွန် ကိုလည်း မဝယ်ဖြစ်နိုင်သေးပေ။ အမေ့ဆီကို ငွေပို ငွေလျှံ ပို့ဖို့ဆိုသည်က ဝေးသေးသည်။

တစ်ခါတစ်ရံ လသာသောညများ၌ ရွာကို အောက်မေ့မိသည်။ သူသည် သူ့အလှည့် ပြီးလျှင် ဇာတ်စင်နောက်တွင် ကုလားထိုင်တစ်လုံးနှင့် ဆင်း၍ ထိုင်နေတတ်သည်။ ထိုအချိန် တွင် မင်းသမီးကြီးသည် လူပျက်များနှင့် ဇာတ်စင်ရှေ့တွင် ကနေပေပြီ။

သူ့လို လက်ထောက်ဇာတ်ရံ နှစ်ယောက်၊ သုံးယောက် ပါလာတတ်၏။ ထိုအငြိမ့် မင်းသမီးကလေးများ၏ အမေများသည် ဇာတ်စင်အောက်တွင် ထဘီများကို ဝါးလုံးများတွင် ဟိုဘက် ဒီဘက်ချည်ကာ လူမမြင်အောင် ကွယ်၍ အိပ်တတ်သည်။ တစ်ခါတစ်ရံ ထဘီစကို ဖြတ်ကာ အိပ်မှုန်စုံမွှားနှင့် အငြိမ့်မင်းသမီး ကြည်သန်းအမေ အိပ်ရာမှ ထလာသည်ကို မြင်လျှင် အမေ့ကို သတိသွားရတတ်သည်။ ကြည်သန်းအမေက ရန်ကုန် သာကေတတွင်နေ၍ ကြည်သန်းသွားသမျှ လိုက်နိုင်သည်။

အမေကတော့ အင်းမကိုခွဲ၍ သူကလေရာသို့ မလိုက်နိုင်၊ လိုက်နိုင်အောင်လည်း

mgyee.com

သူက ငွေမပို့။ နားစရာ ရန်ကုန်မှာ အိမ်မရှိ။ သူ့တစ်ယောက်ကျွေးရသည်ကိုပင် ဆရာကိုသန်းစိန်မိန်းမ မရွှေက ကျေနပ်လှသည် မဟုတ်။

လရောင်အောက်တွင် ဇာတ်စင်၏ မြင်ခင်းသည် မီးရောင်ထိန်ထိန်ဝင်း၍ ပန်းခက်ပန်းနွယ်၊ ရွှေချည် ငွေချည်ထိုး လုံချည်အင်္ကျီများကို ဝတ်ထားသော အငြိမ့်မင်းသမီးများနှင့် ကျက်သရေ ဖြိုးဖြိုးဝေသကဲ့သို့ ရှိပေသား။

သို့သော် စင်အောက်တွင် ထဘီကို တင်းထိမ်လုပ်၍ အမေလုပ်သူတို့အုပ်စု အိပ်နေသည်ကို မြင်ရတော့လည်း ကျက်သရေတုံးလှသည်ဟု ကြင်ယုံထင်မိသည်။

ထိုလသာသောညသည် ကဆုန်၏ လသာသောညရက်များ ဖြစ်သည်။ ကဆုန်လွန်လျှင် မိုးကလာတော့မည်။ မိုးရွာလျှင် ကြင်ယုံသည် သက်ပြင်းရှိုက်မိ၏။ ဒီတစ်ခါ မိုးရွာ၍ အငြိမ့်အကရက်ကျဲလျှင် ရွာပြန်သည်ပဲ ကောင်းပါသေးသည်။ သို့မဟုတ်လျှင် မရွှေက ငြူစူဦးမည်ဖြစ်သည်။

သူထင်သလိုပင် ကဆုန်လကုန်ဆုံးမည့်ရက်သတ္တပတ်တွင် မိုးသည်းထန်စွာ ရွာလာသည်။ ရွာက အိမ်သည် ခနော်ခနဲ့တဲပင် ဖြစ်ဦးတော့ မိုးသံတဖြောက်ဖြောက်နှင့် သူအိပ်၍ ပျော်ခဲ့သည်။ ယခုတော့ လွမ်းဆွတ်သား။ မရွှေတို့အိမ်သည် သူတို့တဲထက်တော့ ကောင်းပါသည်။ ထရံများက လုံပေမဲ့၊ သူ့အတွက် မလုံခြုံ။

ဆရာကိုသန်းစိန်က မိုးရွာ၍ အငြိမ့်နားရလျှင် ရွာကို မပြန်ပါနှင့်ဟု ဆိုသည်။

မရွှေမရှိသော ညတစ်ညက ကိုသန်းစိန်သည် သူ၏ရှေ့ရေးကို တွက်ပြ၏။

"နင်ရွာပြန်တော့ကော အမေနဲ့ဖွာရက်တာက လွဲလို့ ဘာလုပ်ရမှာတဲ့လဲ၊ ပြီးတော့ . . . ဗေထိသံကြားရင် နင်က နေနိုင်ဦးမှကိုး"

ဟုတ်၏။ ငယ်ငယ်ကတည်းက ရွာထဲတွင် အလှူရှိ၍ ဗျောတီးသံကြားလျှင် ကြင်ယုံသည် အိမ်မှာ ကွေးနေအောင်ကရသော ဝမ်းတွင်းပါ ဝါသနာပင်တည်း။

"အားနာတယ် ဆရာရယ်၊ နွေပေါက်တော့ ကြင်ယုံတစ်ခါ ပြန်လာမှာပေါ့"

မရွှေ ငြူစူသည်များကို ကြင်ယုံက အကျယ်ချဲ့၍ မပြောချင်ပေ။ အပြင်တွင် မိုးသက်လေကျသံကြား၍ မိုးပေါက်များပင် သွပ်မိုးပေါ်သို့ ကျလာကြသည်။

"နင်က ငါ့ကိုခွဲသွားချင်လို့လား၊ နင်ရန်ကုန်မှာ ဆက်နေချင်တယ်ဆိုလို့ ငါကဖြင့် ငါ့အငြိမ့်ထဲမှာ ဆွဲသွင်းထားရတာ၊ ဒီကျေးဇူးတွေတော့ နင်သိလောက်သင့်ပါတယ် ကြင်ယုံရယ်" ကြင်ယုံသည် ကိုသန်းစိန်မျက်နှာကို မော့ကြည့်၏။ မှန်အိမ်မီးရောင်တွင် ကိုသန်းစိန်မျက်လုံးများသည် ဝင်းဝင်းတောက်လာသည်။

"ဆရာ့ ကျေးဇူးဆပ်ချင်လို့ ကြင်ယုံ မီးဖိုကမထွက်ဘဲ ချက်ပြုတ်ကျွေးခဲ့တာပေါ့ ဆရာရယ်"

mgyoe.com

"အေးပါဟယ်. . . ဖြစ်သလို ဆက်နေသွားပေါ့"

"မိုးကလည်း. . . သည်းလာလိုက်တာ"

"တို့များတစ်ခါ၊ ပသွယ်သွားကရတုန်းက ဒီလိုပဲ မိုးတွေသည်းပြီး လေတွေ ထန်တယ်နော်"

ကြင်ယုံသည် မျက်လွှာချလိုက်၏။ ဆရာဆိုလိုသော အဓိပ္ပာယ်ကို ကြင်ယုံ နားလည်ပါသည်။ ထိုညက မှန်အိမ်မီးသည် လေပြင်းတိုက်ခတ်၍ အလိုလိုပင် ငြိမ်းလေသလား၊ ဆရာကိုသန်းစိန်ကပင် မှိန်ပစ်လေသလား၊ ကြင်ယုံ သဲသဲကွဲကွဲ မမှတ်မိ။ သို့သော် မှောင်ကြီးကျလိုက်သည်မှာ မိုးလင်းခါနီးမှ သူ့ခြင်ထောင်အတွင်းမှာ ကိုသန်းစိန် ရှိနေသေးသည်ကို သူသိတော့သည်။

ထို့နောက်တွင်တော့ မိုးသည်းသောညများသည် ကြင်ယုံအတွက် နွေးနွေးထွေးထွေး ရှိလှသည်။ ထွေပြားသောအိပ်မက်များနှင့် ကြည်နူးစရာလို ထင်မိ၏။ သို့သော် အိပ်မက်များမှ နိုးလာချိန် နံနက်လင်းလျှင် အိမ်ကိစ္စကို နှစ်ဆတိုး၍ ကြင်ယုံလုပ်ပေးရသည်။

အငြိမ့်များ ရပ်နားနေချိန် မိုးတွင်းတွင် မြစကားဝါတို့ထံတွင်ဖြစ်ဖြစ်၊ ယုဇနခင်တို့ထံတွင် ဖြစ်ဖြစ် အကသင်ချင်ပေမဲ့ ထမင်းရှင်မရွှေ ကျေနပ်အောင် သူသည် မရွှေတို့အိမ်ဝေယျာဝစ္စကို အိမ်စေလို ကျုံးလုပ်ပေးနေရလေသည်။

ပြီးတော့ မရွှေ၏ 'အစာ'ကိုလည်း သူက ခိုးစားမိပေသကိုး။ သူမည်မျှပင် အလုပ်လုပ်ပေးသော်လည်း ခုတလော မရွှေသည် ကျေနပ်ပုံမပေါ်။ ကောင်းကင်က မိုးခြိမ်းသလိုပင် မရွှေ၏ ဆူညံပူသံသည် အမြဲလိုကြားနေရ၏။ မရွှေက ပို၍မဆူဘဲနေပါမည်လော။ ဤအိမ်ကလေး တစ်ထွာလောက်တွင် ကိုသန်းစိန်၏ သန်းခေါင်ယံလှုပ်ရှားမှုကို မရွှေအကုန်သိ၏။ ထမင်းမျှသာ ဝေမျှစားရသည်မဟုတ်၊ လင်ကိုပါ ဝေစားရသည်ဆိုတော့ မရွှေသည် ပို၍ပို၍ ဆောင့်၍ဆူ၏။ ကြင်ယုံမှာတော့ ထမင်းရှင် အနေနှင့် ဆရာကို ကျေးဇူးဆပ်ရခြင်းပေပဲ။

"လူတစ်ယောက် ပါးစပ်ပေါက်ဆိုတာ နည်းလား" ကြင်ယုံတစ်ယောက် ထမင်းအိုးမွှေရင်း အိမ်ရှေ့မှ မရွှေ၏ သူ့လင်ကို ပြောသံကြားနေရသည်။ သူတို့အိမ်များ၏ အိမ်ရှေ့နှင့်နောက်ဖေးသည် နှစ်လံကျော်ကျော်လောက်ပင် မဝေးပါပေ။

"ဒီလိုပေါ့ မရွှေရယ်. . . မိုးတွင်းမှာ အငြိမ့်မကရတဲ့အခါ ဝေမျှစားရတာပေါ့"

"ကိုယ့်မှာတောင် ဘယ်လိုစားရမှန်းမသိဘဲ လူပိုမကျွေးနိုင်ဘူး"

ကြင်ယုံသည် ထမင်းအိုးကို စိုက်ကြည့်ရင်း ထမင်းအိုးမျက်နှာပြင် ပွက်ပွက်ဆူလာသလို သူ့ရင်ထဲတွင် ပွက်ပွက်ဆူလာသည်။

mgyoe.com

 mgyoe.com 

ထမင်းအိုးကို မီးဖိုမှချ၍ ငှဲ့လိုက်သည်။ ထမင်းအိုးပွက်သည်ကို မမြင်ရတော့ပေ။ မီးခဲကို ချဲလိုက်၍ မီးညွန့်သည် ငြိမ်းသွား၏။ သူ့ရင်ထဲက မီးမှာမူ မငြိမ်းပါပေ။

*

"ကြင်ယုံရယ် တိတ်ပါဟယ်"

ထိုညက အိပ်ရာဝင်ချိန်တွင် ကြင်ယုံသည် ကိုသန်းစိန်ရင်ခွင်ထဲမှာ တရှုံ့ရှုံ့ငို၏။ ကိုသန်းစိန်က တင်ပါးလေးကိုပွတ်ကာ သူ့ကိုချော့၏။ ဆရာ့အပေါ်မှာ ထမင်းစားရတာက လည်း ပါသည်။ အပျိုဘဝတွင် ပထမဆုံး တွေ့ရသည်မို့ ချစ်တာကလည်း ပါသည်။

"နင် တကယ်လို့ မပြန်ချင်ဘူးဆိုရင်လေ. . . ယုဇနခင်အငြိမ့်က ကြီးနောင်တီးတဲ့ ကိုသော်ဒါတို့အိမ် လိုက်နေပါလား"

"ဘာလဲ က ရတာက နည်းနည်းရယ်၊ ထမင်းချက် ကျွေးရဦးမှာလား။ ပြီးတော့ သူ့မိန်းမကြီးက သဒ္ဓါရင်တော်ပါရဲ့"

"သူတို့က ငါတို့အငြိမ့်ထက်စာရင် ကရတယ်မို့လား. . . နင်လဲ ယုဇနခင်နဲ့ ပြန်တွေ့ရတော့ ပညာတိုးတာပေါ့"

"ပညာ. . ."

ပညာဆိုတာတွေ ဘာတွေ ကြင်ယုံ အယုံအကြည် မရှိတော့ပါပေ။ ထို့ကြောင့် ကြင်ယုံသည် ပညာအကြောင်းဆက်မပြော။ ကိုသန်းစိန်ကိုသာ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်၏။

လောကများနှယ်. . . စိတ်ကူးတုန်းကတော့ မဗေဒါလို အငြိမ့်သမ သန့်သန့်လေး သူဖြစ်ချင်သပေါ့။ ရည်းစားသနာထားရင်လည်း ကောလိပ်ဂျင်နေဝင်းလို၊ သို့တည်းမဟုတ် သူမျက်စပစ်ခဲ့သော တပ်ခွဲမှူးလို လူမျိုးဖြစ်ဖြစ်၊ အနည်းဆုံး တပ်ကြပ်ကြီး အောင်ရွှေလို ဖြစ်ဖြစ် ဖြစ်ချင်သပေါ့။

ခုတော့ သူရောက်နေသော ရင်ခွင်က ရှေ့သွားအကျဲသား၊ ပါးရိုး ငေါက်တောက်နှင့် မဲခြောက်ခြောက် ဒိုးတီးဆရာကိုသန်းစိန်။

ဘယ်ဟာက ပိုမို၍ ဝမ်းနည်းစရာ ကောင်းသည်ကိုတော့ ကွဲကွဲပြားပြား မတွေးမိ။ မျက်လုံးထဲတွင်တော့ ထမင်း၊ ဒေါက်မြင့်ဖိနပ်နှင့် ဘော်လီချွန်ချွန်တို့ ရောထွေးနေသည်။

ကိုသော်ဒါတို့အိမ်ရောက်တော့ သူ့ဘဝသူမသဒီ၊ သူ့စိတ်ကိုလည်း သူမယုံ. . . သူ့ဘဝကို နာကျည်းသလိုလည်း ဖြစ်မိ၏။ ကလိုပါသည်ဆိုသည်မှ ဒိုးတီးဆရာ၏ ခြေတင်တင်လည်း ခံလိုက်ရ၏။ ထမင်းချက်လည်း ဖြစ်ရသေးသည်။ သူ့ကိုယ်သူလည်း မသန့်ရှင်းသလို ဖြစ်လာသည်။ သူ့ရင်ထဲတွင် ဖြစ်ပေါ်လာသော မလုံသောစိတ်က နေမထိ ထိုင်မထိ သလို ဖြစ်နေသည်။

mgyoe.com

ကိုသော်ဒါအိမ်တွင် သူ့လိုပင် အောင်လှကြည်ဆိုသူ အငြိမ့်သမပေါက်စလေး တစ်ယောက်ရှိသည်။ သူတို့နှစ်ယောက်သည် ယုဇနခင်မထွက်ခင် ထွက်ရသည့် ရှေ့ပြေး မင်းသမီးလေးများ လုပ်ကြရမည်။ ဆရာကိုသန်းစိန်အိမ်ထက်တော့ အကလေး၊ ဘာလေး အနည်းအကျဉ်း သင်ရ၏။ သို့သော် ကြင်ယုံထမင်းချက်လျှင် အောင်လှကြည်က အနားက ငရုတ်သီး ထောင်းပေးသည်။ ကြင်ယုံ စိတ်ထွေပြား၍ ငေးမော နေလျှင်လည်း အောင်လှ ကြည်သည် ရောက်တတ်လေးဆယ် ပြောပြနေလေတော့. . . စိတ်ပြေလက်ပျောက်အရှိ သား။

တစ်ခါတစ်ရံ သူမှိုင်နေလျှင် အောင်လှကြည်က ''မှိုင်ရန်ကော''ဟုဆို၏။

''အမေ့ကိုလည်း လွမ်းသားဟဲ့၊ ငါ့ငွေလေး ဘာလေးပိုရင် ပို့ချင်သား။ ငွေကလည်း ပိုတယ်မရှိဘူး။ တို့ အငြိမ့်ကရတာကလည်း ထမင်းချက်နေရတာနဲ့ ပြီးနေတာပဲ''

''ထမင်းချက်နေရတာက တော်သေးတာပေါ့ မမရဲ့၊ ကျွန်မလိုများ ပဲပြုတ်ရောင်းရ ရင် မမခက်မှာ''

အောင်လှကြည်သည် ကြင်ယုံကို မမဟူ၍ခေါ်သည်။ အောင်လှကြည် ငယ်ရွယ်နုပျို ပုံမှာတော့ ကြင်ယုံလို ပျိုပျိုမျစ်မျစ်နှင့် ဝဝလေးဖြစ်၏။ မျက်လုံးလေးလှသော်လည်း အသား ညိုလွန်းသည်။ သို့သော် မီးရောင်အောက်တွင် မျက်နှာချေများများလိမ်းလိုက်တော့ မီးအစား ပေသား။ သို့ကြောင့် အောင်လှကြည် မီးရောင်အောက်တွင် ကြင်ယုံထက် လှသလို ရှိပေ သည်။

''ပဲပြုတ်ရောင်းရသေးတယ်လား''

''ရောင်းရသေးတာပေါ့ မမရဲ့၊ ဟိုဒင်းပေါ့လေ ဗိုလ်ကတော်ကျတုန်းကပေါ့''

ကြင်ယုံကြားနေရသည်မှာ အဆန်းကြီးပဲဖြစ်၏။

''ဗိုလ်ကတော်လည်း ဖြစ်သေးသကိုး''

''အဟီး''

အောင်လှကြည်သည် ခပ်ပေါ့ပေါ့လေးပင် ရယ်လိုက်၏။ ဖြစ်မှဖြစ်ရလေ သူ့မှာ တော့ ဆရာကိုသန်းစိန်နှင့် ဖြစ်ခဲ့ရသည်ကို စိတ်မလုံ၊ ကိုယ့်ကိုယ်ကို မသတီလိုက်ရသည့် ဖြစ်ခြင်း၊ အောင်လှကြည်ကတော့ ဗိုလ်ကတော်ကျ ဖြစ်ခဲ့ရသည်ကိုပင် ထမင်းစား ရေ သောက်သလို ဖြစ်ရိုးဖြစ်စဉ် ဘာမှမထူးသော အကြောင်းလို ခပ်ပေါ့ပေါ့လေး ပြောပြနေ၏။ သူ့ထက် ငယ်သော်လည်း ဘဝအတွေ့အကြုံ တွင် အောင်လှကြည်သည် သူ့ထက်သာခဲ့ပါ ပကော။

''အဲဒီတုန်းက တံခွန်တိုင်မှာ ကတာပေါ့။ ကျွန်မက ဆိုင်းမင်းသမီးသာသာရယ်'' သူ့အဆိုတွင် သောင်းကျန်းသူများ တံခွန်တိုင်လို ရွာနီးချုပ်စပ်တွင် လှုပ်ရှားဆဲအချိန်ဖြစ်၏။

mgyilae.com

အငြိမ့်ဆိုသည်က ဘယ်နေရာမဆို သွားရောက်ကပြရင်းက သူတို့အငြိမ့် သောင်းကျန်းသူ နယ်မြေထဲတွင် သွားရောက် ကပြရ၏။

"စရန်တင်ပဲ တစ်ချိတည်း မင်းသမီးအနေနဲ့ နှစ်ရာရတော့ ကျွန်မတို့လဲလိုက်တာပေါ့ မမရဲ့၊ ငွေနှစ်ရာဆိုတာ ကျွန်မတစ်သက် တစ်ခါမှ မကိုင်ဖူးဘူး"

အငြိမ့်အပြီးတွင် ဆိုင်းအဖွဲ့နှင့် ကျန်လူများကိုသာ အစိုးရဘက်နယ်မြေသို့ ပြန်လည်ပို့လိုက်သည်။ အောင်လှကြည်ကိုမူ သောင်းကျန်းသူ တပ်ခွဲမှူးက ကောက်ယူလိုက်တော့သည်။

"ဒီတုန်းက ရင်ထဲမှာထိခိုက်တာ တစ်ခုတော့ရှိတယ်။ ကိုချမ်းမြက ကျွန်မပြန်မလာတော့ စိတ်အတော် ဆင်းရဲမှာပဲလို့ တွေးမိလို့ပဲ"

"ကိုချမ်းမြက ဘယ်သူလဲ"

"ကျွန်မနဲ့ ကြိုက်နေတာပေါ့. . . ပထမတော့ သူကလည်း သူပါလိုက်လာရမှာ အောက်မေ့တာ၊ လှည်းနဲ့လာကြိုတော့ ဆိုင်းဝိုင်းနဲ့မှ သူ့ကိုတစ်ပါတည်း ခေါ်တော့မလို ဘာလိုလိုနဲ့ သူ့ကိုချန်ခဲ့တာ"

အောင်လှကြည်မျက်နှာသည် ထိုအကြောင်းကို ပြန်လည်ပြောပြနေချိန်လေးတွင်တော့ ဆွေးဆွေးမြေ့မြေ့ အရိပ်ပေသား၊ ဘယ်လိုပင်ဖြစ်ဖြစ် အသည်းနှလုံးဆိုသည်မှာ ခံစားမှုတော့ ရှိပေသည်။

အောင်လှကြည်သည် သောင်းကျန်းသူ ဗိုလ်ကတော်ဘဝတွင် ခြောက်လလောက် ကျင်လည်လိုက်ရ၏။

"အမှန်တော့လည်း သူကျွန်မကို စွဲစွဲမြဲမြဲ ရှိပါတယ်။ သူ့ကြောင့် ပြန်လွတ်လာခဲ့ရတယ် ဆိုပါတော့"

ချမ်းမြသည် အောင်လှကြည်သတင်းကိုသာ လိုက်လံ စုံစမ်းနေလေသည်။ နီးစပ်ရာ အစိုးရတပ်ကိုလည်း အောင်လှကြည်သတင်းကို ပို့ထား၏။

"တစ်နေ့တော့ တံခွန်တိုင်အောက်ဘက်က ကိုင်းတောကြီးမှာ ကျွန်မတို့ခိုနေတုန်း အစိုးရတပ် အဝိုင်းခံရတယ်။ သူတို့တပ်အပြောင်းမှာ ကျွန်မကို ခေါ်မသွားပဲ ထားရစ်ခဲ့တာပဲ"

ချမ်းမြက သူ့ကိုကြည်ကြည်ဖြူဖြူ ပြန်၍ယူသည်။ သောင်းကျန်းသူတွေ နောက်ထပ်လာလျှင် သူ့ကို ထပ်သိမ်းပိုက်မှာကိုလည်း ကြောက်သည်။ အောင်လှကြည်ရွာတွင် ဒီလို 'က' နေပုံနှင့် တစ်နေ့မတွေ့ တစ်နေ့ပြန်တွေ့လျှင် 'အကောက်' ခံရမည်ကို ကြောက်သည်။ ထိုကြောင့် ချမ်းမြက ရန်ကုန်တက်လာသည်။ အောင်လှကြည်ကလေရာ အငြိမ့်တွင် ချမ်းမြသည် ကားဆွဲ၊ ကားလိပ်အလုပ်များကို လုပ်၍ ချစ်သူ၏ ဝါသနာပါရမီကို ဖြည့်ရှာသား။

mgyoe.com

''လောက်တယ်လို့တော့ မဟုတ်ဘူး၊ အငြိမ့်မကရတဲ့အခါ ကျွန်မတော့ ပဲပြုတ်ရောင်းတာပဲ''

''ခု. . . ကိုချမ်းမြရော''

အောင်လှကြည် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်နေသည်။ မျက်လုံးထဲတွင် မျက်ရည်များ ဝင်းလက်လာ၏။ ကသည် ဆိုသည်မှာ မြစ်ရိုးကိုလည်း ဆန်၍ ချောင်းကိုလည်း စုန်ခဲ့ကြရသည်။ မီးရထားလမ်းကိုပတ်ခါ ကားလမ်းပေါ်သို့ဖြတ်၍ လယ်ကွင်းတွင်လည်း ကခဲ့ကြရသည်ဟု ဆိုသည်။

''ဟိုတစ်နှစ်က မှတ်မှတ်ရရပဲ၊ မိုးအစ နောက်ဆုံးအချိမှာ ဝိဇ္ဇာမယ် ခင်စိန်ရွှေနဲ့တွဲအက သရက်တောကို မော်တော်ကားနဲ့ သွားတာ ကားမှောက်တာပဲ။ အဲဒီမှာ ကိုချမ်းမြနံရိုးကျိုးပြီး သေသွားတယ်''

အောင်လှကြည်သည် မျက်ရည်များ စီးကျလာ၏။ ယခင်ပြောင်ချော်ချော် မျက်နှာထားသွင်ပြင် သူ့မျက်နှာတွင် မရှိတော့။

''ဘာပဲဖြစ်ဖြစ် လင်ဆိုတာ ကျွန်မတို့အဖို့ အကာအကွယ် တံတိုင်းပေါ့ မမရယ်။ ကျွန်မတို့က နာမည်ကြီး အငြိမ့်သမမှ မဟုတ်ဘဲ။ ဘယ်သူက ကျွန်မတို့ကို လေးစားမှာလဲ။ နောက်တော့ လူပျက် ကိုစိန်သုံးနဲ့ ညားလိုက်သေးတယ်။ သူကလည်း ဝင်ငွေ သိပ်မဟန်ပါဘူး။ ဒါနဲ့ ကျွန်မဆရာကိုသော်ဒါနဲ့ လိုက်နေတာပေါ့။ အဟီး ခုတော့လေ ဘာလုပ်ရမလဲ ကျွန်မအားလုံး လုပ်တတ်တယ်''

အောင်လှကြည်မျက်နှာသည် ပြောင်ချော်ချော် ဖြစ်လာပြန်သည်။

''ကောင်မလေး. . . ရှူးလားဟဲ့၊ ခုနတော့ ငိုပြီး၊ ခုတော့ အဟီးတွေ၊ အဟဲတွေနဲ့''

''အို. . . မမနှယ် ဘာထူးလဲ၊ အငြိမ့်ကသလိုပေါ့၊ တစ်ညထဲမှာကို အငိုရော အရယ်ရော၊ နှစ်ပါးသွားရော၊ တပင်တိုင်ရော ကရတာ ဘာထူးသေးလဲ၊ တကယ်ကလည်း ဒီအတိုင်းပဲ၊ ဆရာ့ဆီ မရောက်ခင် တလောကတောင် စားတော်ပဲပြုတ်သွားလို့ ပဲပြုတ်မရောင်းဖြစ်ဘူး၊ ဟင်းရွက်တွေရောင်းရသေး။ ကိုယ်လိုသူလိုလူတွေ အငြိမ့်သမဘဝမှာ အများကြီးဆိုတော့ ဝမ်းနည်းမနေနိုင်ပါဘူး''

''အခုအောင်လှကြည် အသက်ဘယ်လောက်ရှိပလဲ''

''နှစ်ဆယ်ပြည့်တော့မယ်''

''နှစ်ဆယ်. . . နှစ်ဆယ်'' ကြင်ယုံသည် တိုးတိုးရေရွတ်၏။

''ဟုတ်ပေသား၊ သူလို ကိုယ်လိုချည်းပဲတဲ့၊ အောင်လှကြည်က သူ့အသိနှင့် သူ့ဘဝအဘိဓမ္မာကို သူသုံးသပ်မိသမျှ ပြောပြရှာ၏။ အသက်နှစ်ဆယ်ဆိုသည့် ကာလပိုင်းလေး

mgyee.com

အတွင်း ဗိုလ်ကတော်ရော၊ ချမ်းမြမိန်းမရော၊ လူ့ပျက်မယားရော၊ ပဲပြုတ်သည်၊ ကုန်စိမ်းသည် အစုံဖြစ်လိုက်သေးသည်။ ဒီကြိုကြား ကြိုကြားထဲမှာမှ သူမစွန့်နိုင်သော သူ့အကလေးကို ကပြရင်း စိတ်ပြေလက်ပျောက် နေလာခဲ့သော အောင်လှကြည်''

ကြင်ယုံလက်တစ်ကမ်းတွင် ဤသို့အဖြစ်တွေက တစ်ပုံကြီး၊ သူတို့မှာ ရုပ်ရှင်ထဲ ကြည့်ရသည့် မဗေဒါတို့လို၊ ကွယ်လွန်သူ အငြိမ့်မင်းသမီး မမြရင်တို့လို အသက်မွေးဝမ်းကျောင်းအတွက် အကပညာကို ထူးထူးချွန်ချွန် တတ်ကျွမ်းကြသည်မှ မဟုတ်လေဘဲ။ 'က' ချင်၍ ကရင်းမှ ထမင်းစားဖို့ကို ဖြစ်သလို လုပ်ကြရသော 'အဖြစ်' လုပ်နေကြသော ဘဝသာတည်း။

ဤသို့လျှင် အောင်လှကြည် တရားကို ကြားနာရပြီးကတည်းက နေသာ၊ ထိုင်သာ ရှိလာပေသား။

*

''သောက်ကောင်မလေးကလည်း မာနကြီးလိုက်တာဟဲ့''

ကိုသော်ဒါက သူ့ပါးကိုလိမ်ဆွဲရင်း ပြောသည်။ ယခုအကြိမ်မှာ ယုဇနခင် အငြိမ့်နှင့် ပြန်လည်တွဲဖက်မိမှ ပထမဆုံးအကြိမ် ကရခြင်းဖြစ်သည်။ သရဲသမိန်ရွာသို့ မော်တော်နှင့်အသွား တစ်ယောက်တည်း ထိုင်နေသော သူ့အပါးမှာ ကိုသော်ဒါက သူ့ကိုတို့နေခြင်းဖြစ်သည်။

''တခြားလူတွေ မြင်ကုန်ပါဦးမယ် ဆရာရယ်. . . ဆရာကိုသန်းစိန်က ဆရာ့ကို ယုံလို့ ထည့်လိုက်တာပဲ''

''အမယ် ဒါတွေကတော့ ဘယ်ကင်းမလဲဟ၊ အခု အငြိမ့်မင်းသမီးကြီး မြစကားဝါတောင် အစက ကမ္ဘောဇအောင်ဗလဇာတ်က ကားဆွဲနဲ့ ညားလာခဲ့သေးတာ၊ ခရီးထွက်ရင်း အပျော်ပေါ့ ကြင်ယုံရယ်. . . အိမ်ကျတော့ နင်နဲ့ငါ တန်းတန်းနေတာပေါ့''

''ဟီး ဟီး'' ကြင်ယုံက စိတ်မပါသော်လည်း ရယ်လိုက်၏။ အခုလို ရယ်လိုက်တော့လည်း စိတ်ပေါ့သွားပေသား။ သို့သော် သူရယ်လိုက်ခြင်းကို ကိုသော်ဒါအတွက် သဘောတူညီခြင်းဟူသော အထိမ်းအမှတ်ကို ပြလိုက်ခြင်းဖြစ်သည်ဟု ယူဆ၏။

''ဆရာ သရဲသမိန်က ပြန်ရင်လေ ဖိနပ်ဖြူ ဒေါက်မြင့်မြင့်နဲ့ ဘော်လီ ဝယ်ပေးမလား''

''နွေမှာဆိုရင်ဟော့၊ သော်ဒါတို့ ငွေစရွှင်ပြီးသား၊ ဒါတွေ စိတ်ချစမ်းပါ ကြင်ယုံ''

ထိုည သရဲသမိန်မှာ ကအပြီး ကြင်ယုံသည် ဆရာကိုသော်ဒါနှင့်အတူ အိပ်သည်။

ဆရာသည် ကတိတည်ပါ၏။ ရန်ကုန်ရောက်သောနေ့က ဖိနပ်ဒေါက်မြင့်အဖြူနှင့် ဘော်လီချွန်ချွန် သူ့ဖို့ဝယ်လာသည်။

mgyoe.com

ဆရာ့မိန်းမ မအေးမေကိုတော့ ကြင်ယုံ ပိုက်ဆံပေးမှာသည်ဟူ၍ အသိပေးထားသည်။ ကြင်ယုံသည် လူသားပေပဲ၊ မှန်ရှေ့တွင် ဇာနိုင်လွန် ဘော်လီချွန်ချွန်နှင့် ဝတ်ပြီး သူ့ကိုယ်ကိုကြည့်၏။ အာဇာနည် ခင်သန်းကြည်လောက် မလှပေမဲ့ သူမြင်ချင်သော ကြင်ယုံကို မှန်ထဲတွင် တွေ့ရပေပြီ။ ဖိနပ်ဖြူကိုစီးကာ ထိုညနေက ကြည့်မြင်တိုင် လဟာပြင်ဈေးတန်းကို အစအဆုံးလျှောက်လိုက်သည်။

နောက်သုံးလေးပွဲကရလျှင် ဒီဆံပင်ကို အကုန်လုံးကောက်လိုက်ဦးမည်။

"ကြင်ယုံ"

ရှေ့မှာ မားမားရပ်နေသော ဆရာကိုထွန်းမောင်အသံကြောင့် သူတုန်လှုပ်ရပြန်သည်။ ဆရာ့ကိုတော့ သူလေးစားရိုသေရ၏။ သူသည် နှစ်လက်ပြောင်းလာခဲ့၍ ဆရာနှင့်အတူတူ လိုက်စက ကြင်ယုံနှင့် မတူတော့သောကြောင့် ဆရာနှင့်တွေ့ရခြင်းကို ပိုမိုတုန်လှုပ်သွား၏။

"အောင်မယ် ငါ လူတွေဘာတွေမှားလို့"

"ဟဲ. . . ဟဲ" ကြင်ယုံသည် ရှို့တိုးရှန့်တန့် ပြုံးရယ်လိုက်လေသည်။

"ငါတလောက အင်းမရောက်သေးလို့ အမေက မေးသေးတယ်၊ ဒီတော့မှ နင်ရွာမပြန်တာ ငါသိတယ်"

"ကျွန်မ. . . ကျွန်မ ဆရာကိုသော်ဒါတို့အငြိမ့်မှာ လိုက်ကနေလို့"

ဆရာကိုထွန်းမောင်သည် မျက်မှောင်လေးကြုတ်ခါ သူ့တစ်ကိုယ်လုံးကို အစအဆုံး ကြည့်လိုက်၏။ အငြိမ့်လောကတွင် ကမှအ အထိပါ မက၊ သရဆယ်နှစ်လုံးပါ သိရှိကျင်လည်ခဲ့သူပါတည်း။ ကြင်ယုံဘဝကို ရိပ်မိလိုက်၏။

"ငါပြောတဲ့ ပန်းပန်လျက်ပါ ကဗျာကို နင်အလွတ်ရပြီလား"

ဆရာ့မျက်နှာထားသည် တည်ကြည် ဣန္ဒြေရလှ၏။

"ရပါတယ်ဆရာ၊ ဒီကဗျာနဲ့တော့ တစ်ခါမှ မကသေးဘူး"

"အေး အေး ငါ သွားဦးမယ်" ဆရာနှင့်တွေ့တိုင်း ဒီကဗျာကိုရပလားဟု ခဏခဏ ဘာကြောင့် မေးရပါလိမ့်ဟု ကြင်ယုံတွေးမိ၏။

*

"အငြိမ့်လောကကို မြှင့်တင်ရမယ်၊ ကဲလေ၊ ဆရာလည်းအသိ ကျွန်တော့်တို့ လောကအကြောင်း ဟဲ. . . ဟဲ"

ဆရာကိုထွန်းမောင်က အငြိမ့်ကောင်စီဖွဲ့ဖို့ အစည်းအဝေးသွားရာမှအပြန် ဆရာကိုသော်ဒါအိမ် လိုက်လာ၏။ ဆရာက ကြင်ယုံ့အခြေအနေကို လာကြည့်ခြင်းဖြစ်သည်။ ကြင်ယုံကတော့ မရိပ်မိ၊ ဆရာနှင့် ကိုသော်ဒါသောက်ဖို့ ရေနွေးကြမ်း ယူလာခဲ့သည်။

mgyne.com

 mgyoe.com 

ကိုသော်ဒါက ရေနွေးပန်းကန် မော့ချရင်းဆက်ပြော၏။

"အမတော်ကြေး ယူချိန်တော့ လက်သွက်မှာပေါ့ ဆရာရဲ့၊ အငြိမ့်တွေ ပြန်လည်ထူထောင်ဖို့ လိုအပ်တဲ့ပစ္စည်းဝယ်ဖို့ အစိုးရကတော့ ပေးလိုက်တာပဲ။ ကျွန်တော်တို့က မိုးတွင်းစာမှမရှိဘဲ၊ ဒီ အမတော်ကြေးနဲ့ ကြိုးစားနှင့်တာပေါ့၊ နွေမှာလှိုင်လှိုင်ကရရင်လည်း တော်သေး၊ ခုတော့ နွေပွဲရက်တွေအကြောင်း ဆရာလည်း သိသားပဲလေ"

"ငါသိပါတယ်၊ ငါအားလုံးကို သိပါတယ်"

ဆရာကိုထွန်းမောင် ထိုသို့ပြောလိုက်လျှင် ကြင်ယုံသည် မျက်လွှာချလိုက်မိ၏။ သူ့အကြောင်းကိုရော အစုံဆရာများ သိသွားပေပြီလား။ ညစ်ပတ်ခြင်း၊ စုတ်ပဲ့ခြင်း၊ နံစော်ခြင်းများနှင့် ရောထွေးယှက်တင်နေသော အငြိမ့်လောကကို ကျင်လည်ခဲ့ရသော ဆရာသည် ကြင်ယုံအကြောင်း မသိဘဲရှိပါမည်လော။

"ခက်သေးသကွာ. . . ဘတ်(စ်)ကားလောကရယ်၊ တို့အငြိမ့်သဘင်သည် လောကရယ်ကို အစိုးရအနေနဲ့ စည်းရုံးရနိုင်လိမ့်မယ်လို့ ငါမထင်ဘူး"

ဆရာကိုထွန်းမောင်က ပြော၏။ "ငွေတွေပုံတိုက်ပြီး ပေးဦးတော့ 'ဉာဉ်'ဆိုတဲ့ ချိုးကပ်နေတဲ့ စိတ်ကို တို့ခေါင်းတွေထဲကမှ မဖယ်ပစ်နိုင်ဘဲ ဘယ့်နှယ်အငြိမ့်လောကကို ပြင်လို့ရမလည်း၊ အငြိမ့်ကတဲ့ ကောင်မလေးတွေကလည်း အ,လိုက်တာ လွန်ပါရော၊ 'ပန်းပန် လျက်ပါ'သီချင်းကို တစ်ရာမှာ အစိတ်လောက်ကပဲ သဘောပေါက်တယ်"

ကြင်ယုံရင်ထဲတွင် တလှပ်လှပ်ဖြစ်လာသည်။

"သူတို့အတွက် ဒီသီချင်းဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာလည်း မသိ၊ သူတို့ဟာ ဗေဒါပန်းလို ရေစုန်၊ ရေဆန်မှာ မျော၊ လှိုင်းပုတ်ခံရ၊ လှော်တက်နဲ့ အချခံရ၊ အဲဒီဘဝမှာ ကြံ့ကြံ့ခံပြီးနေနိုင်အောင် စိတ်ဓာတ်တင်းပြီး ပညာရှာရမယ်ဆိုတဲ့ သဘောလည်း ကောင်မလေးတွေက နားမလည်၊ တိမ်လိုက်တာ လွန်ပါရော၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားချင်တာ"

"ဒါကတော့ ဆရာရယ်၊ အငြိမ့်သမလည်း လူပဲ၊ ဗိုက်ထိလာတော့ ဘယ်ခံနိုင်ရည်ရှိမလဲ။ ပြီးတော့ သူတို့လည်း လှချင်ပချင်သပေါ့"

ဆရာကိုထွန်းမောင်စကားကို ကိုသော်ဒါက ချေပလိုက်၏။

"ဒါတော့ ဒါပေါ့၊ အခါခပ်သိမ်း အလှအပနဲ့ ထမင်းချည်း ဦးစားပေးတော့ ပျက်တဲ့ စခန်း ရောက်တာပေါ့လေ။ တစ်ခေတ်ပြောင်းတယ်ဆိုတာက ဦးနှောက်တို့၊ အသည်းနှလုံးတို့ မပါဘဲ မပြီးပါဘူး"

ဆရာကိုထွန်းမောင်သည် ပညာသား ပါပါ စကားပြောလိုက်၏။ ကြင်ယုံ ငိုချင်လာလေပြီ။ မျက်ရည်များ ဝိုင်း၍လာလေပြီ။

mgyoe.com

အဆင်သင့်ပင် ကိုသော်ဒါမိန်းမသည် ဈေးခြင်းကြီးနှင့် ဈေးဝယ်ပြန်လာ၍ ထမင်းကူချက်ရန် သူမီးဖိုချောင်သို့ ဝင်လာခဲ့သည်။

ဆရာကိုထွန်းမောင်သည် အပြန်တွင် သူ့ကိုနှုတ်မဆက်၊ သူသည် ငရုတ်သီးငုံ့ထောင်းရင်း မျက်ရည်ကျိတ်ကျမိသည်။

ယခုတော့မှ ဆရာက ခဏခဏ ပန်းပန်လျှက်ပါ သီချင်းရသလားဟု တွေ့တိုင်းလိုလိုမေးသည်ကို သဘောပေါက်လေပြီ။ သြော် . . . ဒုက္ခပါပဲ၊ သဘောပေါက်သည်ဆိုသောအချိန်သည် သူ့အတွက် သန်းခေါင်ယံ အမှောင်ကြီးကျပြီးသောအချိန် ဖြစ်ခဲ့ပြီး၍ အမှောင်သည် မီးသောက်ယံကို မျှော်လင့်ဖို့ရှိပါသေးသလား။ ပြင်လို့ကော ရနိုင်ဦးမှာတဲ့လား။ မှားခဲ့ပြီကိုသိပေမယ့် အမှန်ရောက်အောင် ဘယ်လိုပြန်လုပ်ရမည်ကို သူ့ဦးနှောက်သည် အဖြေမပေးတတ်။ ဒါကြောင့် ဆရာက "အ,လိုက်တဲ့ ကောင်မလေးတွေ" "တိမ်လိုက်တာလွန်ပါရော"ဟု သူ့ကို ရက်ရက်စက်စက် ဆိုသွားခြင်းပေပဲ။

သူက တိမ်သည် အ, သည်ပဲထားပါတော့။ ဒီအငြိမ့်ဝဲသြဃတွင် ကျန်သောအသိုင်းအဝိုင်း၊ မနုဿလူသား ဤယောက်ျားတို့ကရော အတိမ်, အအလေးတွေကို ဆရာကိုထွန်းမောင်လိုဖြည့်ပေးဖို့၊ ချွန်ပေးဖို့ မကြိုးစား၊ ဒီဟာမလေးတွေကိုဘဲ သူတို့က ဝဲသြဃတွင် နစ်မြုပ်ပစ်လိုက်ကြသည်။

ကြင်ယုံသည် 'နောင်တ'ဟူသော လင်းရောင်ခြည်ကို ရိုးတိုးရိပ်တိတ် မြင်မိပေမယ့် ထိုအလင်းရောင်သို့ သွားရာလမ်းကိုကား ကြင်ယုံမသိနိုင်ပါပေ။ မသိခြင်းသည် ဘဝအတွက် ဆုံးရှုံးရခြင်းပါလား။

ယခုသော် ကြင်ယုံ၏ ပွဲမကရသော ညများသည် အတွေးလေး၊ အငိုလေးနှင့် ဖြစ်လာသည်။

တစ်ညတွင် ကြင်ယုံပို၍ငိုရသည်။ "ငါ့အိမ်ပေါ်က ဒီဗိုက်က ဘယ်ကပေါ်လာတာလည်းဆိုတာ အတိအကျပြောပါ၊ ကျုပ်မှာ သိက္ခာကျတယ်သိလား"

ဆရာကိုသော်ဒါ မိန်းမက သူ့ကိုကြိမ်းလေပြီ။

ကြင်ယုံစိတ်ထဲတွင် သူ့ဗိုက်သည် မပေါ်သေးဟုထင်သော်လည်း၊ ဆရာကတော်ကဘယ်လိုလုပ်သိသည် မသိပေ။

"ညည်းဇယားကို ညည်းဘာသာ ကြည့်ရှင်းမလား၊ ကျုပ်ရှင်းရမလား။ ညည်းဟာညည်း အိမ်အနှံ့နေလာပြီးတော့ ကိုသော်ဒါခေါင်းတော့ ပုံမချနဲ့၊ 'စိန်မြ'တဲ့ တစ်မြထဲရှိတယ်။ ဝက်ဝက်ကွဲသွားမယ် အောက်မေ့လိုက်"

ကြင်ယုံသည် ဘာမျှ ပြန်မပြောနိုင်၊ ငိုရလွန်း၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

mgyoe.com

ဆရာကိုထွန်းမောင်ကိုသာ ရင်ထဲမှတမိ၏။ ပန်းပန်လျက်ပါ ဇာတ်ကားထဲက အငြိမ့်သမ မဗေဒါကိုလည်း သူ့မျက်လုံးထဲတွင် မြင်ယောင်လာသည်။

ဩော် မဗေဒါ၏ 'တရံရောအခါ'သီချင်း၊ ထိုသီချင်းတွင် မန်းမြို့သား သီချင်းရေးဆရာသည် ဗူဇွာသမ္ဘဝ၊ မဟာသမ္ဘဝတို့ကို နောက်ကြောင်းခံကာ၊ ရသေ့သမီး မဗေဒါနှင့် နှိုင်းယှဉ်၍ သီချင်းဖွဲ့နွဲ့သွားသည်မှာ ကြည်နူးစရာ၊ လွမ်းဆွတ်စရာ ကောင်းလေခြင်း။

အကယ်၍သာ သူ့အဖြစ်ကို သီချင်းရေးဆရာကရေးလျှင် ရာဇဝင်ကြောင်းနှင့်တော့ ယှဉ်နိုင်ပါ၏။ ထိုရာဇဝင်ကြောင်းက သူ့ဝမ်းထဲမှ သန္ဓေသားကို ဖွဲ့ရမည့်အကြောင်း၊ ရသေ့သမီးမဗေဒါမှာတော့ သားတော်ဒွတ္တဘောင်ကို မွေးဖွားပြီး နန်းစံခဲ့ရပေမဲ့၊ သူ့မှာတော့ သန္ဓေသား ဒွတ္တဘောင်ကြောင့်၊ ဘယ်သူ့ကို အဖေ မှည့်ခေါ်ရမည်နည်း။ သူကိုယ်တိုင်က ဆရာကိုသန်းစိန်နှင့် ရလေသလား၊ ကိုသော်ဒါနှင့် ရလေသလား မသဲကွဲ။

သူ၏ ဒွတ္တဘောင်သီချင်းကို ဘယ်စာရေးဆရာသည် လာရောက် သီကုံးဖွဲ့နွဲ့ပါမည်နည်း။

ရုပ်ပျက် ဆင်းပျက် ဗိုက်ပေါ်မလာခင် သူသည် ကိုသော်ဒါ့အိမ်ကို စွန့်ရမည်ကိုတော့ သူသိ၏။

"ကြင်ယုံ မမမြတို့ အရှက်မကွဲစေရပါဘူး၊ နက်ဖြန်ဆို ရွာကိုပြန်ပါ့မယ်"

ဒေါ်စိန်မြသည် ကျေနပ်သွား၏၊ ကြင်ယုံသည် သူ့အဖြစ်ကို ဆရာကိုသော်ဒါအား ဘာမှမပြောတော့ပေ။

သို့သော်. . . ရင်ထဲမှာ နာကျင်မိ၏။ သူသည် အကယ်၍သာ ပစ္စည်းရှင်တစ်ယောက်က ခြေတော်တင်၍၊ သို့တည်းမဟုတ် ဓနရှင်တစ်ယောက်က ဖိမ်ခံလွှန်၍ ဗိုက်တစ်လုံးပိုက်ခါ ရွာပြန်ရသည်ဆိုလျှင်လည်း လူတန်းစားတစ်ခုက လူတန်းစားတစ်ခုကို စော်ကားခြင်းဟူ၍ တိုက်ပွဲအနေနဲ့ ဖော်ပြရကောင်းသေး၏။

သို့တည်းမဟုတ်သေးလိုပါမူ အောင်လှကြည်လို"သောင်းကျန်းသူ အဆွဲခံရ၍ ကလေးအဖေမဖော်နိုင်ဘူး"ဆိုရသည်ကလည်း တော်သေး။

"ခုတော့ ဒီတစ်ပွဲမှာ လက်ညှိုးထိုးပြစရာ သောင်းကျန်းသူရော၊ ဓနရှင်ရော မရှိပါ· ဘဲ ကြင်ယုံ ရေတိမ်နစ်ရခြင်းပါတကား။ ဒါလေးတစ်ခုကိုတော့ ကြင်ယုံနာကြည်းလှသည်။

ပန်းတနော်သင်္ဘောသည် မြစ်ရေပြင်ပေါ်တွင် အပြေးမောင်းလျက်ရှိသည်။ သင်္ဘောလက်ရန်းကို မေးတင်ခါ ကြင်ယုံက လိုက်ပါလာ၏။ ရွံ့နွံများ ဖုံးလွှမ်းနေသော လတာပြင်သည် နေရောင်အောက်တွင် တလက်လက် တောက်ပနေသည်။

လတာပြင်ခြေရင်းတွင် ဗေဒါပင်လေးများသည် မေးတင်ကာ အပန်းဖြေနေပုံရသည်။

mgyoe.com

သဘော်လှိုင်းက ပုတ်လိုက်လျှင် လှိုင်းနှင့်အတူ ရေယာဉ်စီးကာ သူတို့ သဘော်နောက်သို့ တပျော်တပါးလိုက်ပါလာပုံရသည်။ ကျူပင်ကြားမှ ပြာလဲ့သော ပွင့်တံများနှင့် ဗေဒါပန်းလေးများကလည်း လှိုင်းနှင့်အတူ ခုန်ကြွကာ ရေပေါ်တွင်ပေါလောမျော၍ပါလာသည်။ ဘဝဆိုသည်မှာ လှိုင်းပုတ်တော့ ခံရစမြဲ၊ တစ်ကွေ့မဟုတ် တစ်ကွေ့ကြုံရစမြဲပေပေါ့။ သို့သော်ကိုယ်ဖော့တတ်သူက ရေတွင်စုံးစုံးမမြုပ်၊ မဖော့တတ်သူကတော့ ကျောက်တုံးကြီး ရေထဲချလိုက်သလို မြုပ်ကျစမြဲပင်တည်း။

ဤကဲ့သို့ ''ကိုယ်ဖော့''နည်းကို ဘဝမြစ်ရေယဉ်တွင် ကြင်ယုံတို့အား ဘယ်သူသင်ကြားပါမည်နည်း။

ဆရာဇော်ဂျီဆိုသူ ကဗျာဆရာကြီးသည် လတာပြင်တွင် ဗေဒါပန်းကို မြင်သည်ဆိုသည်က ကြင်ယုံလောက် အကြိမ်အခါများပါမည်လား။ ဆရာသည် ကျောင်းသို့လည်း စာသင်သွားချင်သွားနေမည်။ ရုံးသို့လည်း အလုပ်လုပ်ရန် သွားချင် သွားနေပေမည်။ သူ့မွေးဖွားရာ ဤမြစ်ဝကျွန်းပေါ်တွင် ရေဝယ်မျောနေသော ဗေဒါပန်းကို မြင်ဆဲတစ်ခဏ သူ့နှလုံးသားဝယ် လှပသော ဗေဒါလမ်းကဗျာတစ်ပုဒ် ပေါ်လာခဲ့ရသည်။ ဆရာ့မှာတော့ အသည်းနှင့် နှလုံးနှင့် အသိနှင့်ပညာနှင့်ပါတကား။ ဆရာတွေ့ထိခံစားရသမျှကို တင်ပြတတ်သော အတတ်ပညာကလည်း ဆရာ့ဦးနှောက်ထဲတွင် ရှိ၏။

ကြင်ယုံသည် လတာပြင်တွင် ရေချိုးခဲ့၍ ဗေဒါပန်းကို သူ့လက်နှင့်ချိုးကာ ခေါင်းမှာလည်း ဝေအောင်ပန်ခဲ့ဖူးပြီ။ အိုးပုတ်နှင့် ကစားချိန်ကတည်းက ခတ်တက်သီးကို ဗေဒါပန်းနှင့်ရောကာ ပါးပါးလှီး၍ ဟင်းချက်တမ်း ကစားခဲ့သူပါတည်း။

ဗေဒါကို တစ်ပင်နှစ်ပင်မက ဗေဒါဖောင်ဖွဲ့လာသည်ကို သူကိုယ်တိုင် လှေနှင့်ကြုံခဲ့ပေမဲ့၊ ဤဗေဒါပင်တို့သည် သူ့ဘဝကို ကိုယ်စားပြုနေရှာပါလားဟူသော အသိပညာခံစားမှုတို့ကား သူ့အသည်းနှလုံးတွင် မရှိပါပေ။

တစ်နေ့ကမှ ဆရာကိုထွန်းမောင် ပြောလိုက်၍ သူ့ဦးနှောက်တွင်း အလင်းရောင်ပြိုးပြိုးပြက်ပြက် ဝင်လာခဲ့သည်။

ယခုတော့ ရေပေါ်တွင်ပေါလောမျောပါကာ ပန်းပန်လျက် ဟန်တွေ မာန်တွေနှင့် ဗေဒါပန်းကိုမြင်တော့ သူရှက်လာသည်။ မျက်စေ့ကို စုံမှိတ်လိုက်၏။ မျက်တောင်များကြားမှ မျက်ရည်တို့သည် တစ်ပေါက်ပေါက်နှင့် ရေပြင်ပေါ်သို့ ကျလာကြသည်။

အသက်ပင်မရှိသော်လည်း ရေပေါ်တွင် ထာဝရပေါ်နိုင်အောင် ကိုယ်ဖော့နည်းပညာမှာတော့ ဗေဒါပင်သည် ကြင်ယုံ့ထက် တော်ပါပေသည်တကား။

*

mgyoe.com

အင်းမကို ရောက်သောအခါ အမေ့တဲသို့ မရောက်ခင် ကျောင်းပရိဝုဏ်ကို ဖြတ်သွားရ၏။

ထိုနေရာတွင် ကဆုန်လ၏ လသာသော ညတစ်ညက တစ်နေ့ ကျော်ကြားဦးမည်ဟူသော မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေ တစ်ပြုံကြီးနှင့် သူကခဲ့ဖူး၏။ ရွှေမြို့တော်မှ ရွာအပြန်သည် ခမ်းနားတင့်တယ်လိမ့်မည်ဟု ထင်ခဲ့၏။ ယခုတော့ သူ့ဘေးတွင် တစ်ထောင့်ထွာအလျားရှိသော သံသေတ္တာတစ်လုံးသာ ပါခဲ့သည်။ ထိုအထဲတွင် ငွေချည်ခက်များ ကွာစပြုနေသော ဗလာထဘီတစ်ထည်နှင့် ခါးတောင်အင်္ကျီ တစ်ထည်၊ ပြီးတော့ သူ အလွန်တောင့်တသော ဘော်လီချွန်ချွန် နှစ်ထည်နှင့် ဇာနိုင်လွန်သုံးထည်၊ သူ့ခြေထောက်တွင် ခုံမြင့်ဖိနပ်အဖြူတစ်ပတ်နွမ်းတစ်ရန် ဖိနပ်သည် ခွာများလန်နေပြီး ဖုံနှင့်ရွှံ့များပေလွန်း၍ ဖိနပ်ကအဖြူရောင်ပျောက်ကာ ထိပ်ကလက်ယှက်ထိုးထားသော ကြိုးတစ်ချောင်းပင် ပြတ်နေပေပြီ။

ဒီပစ္စည်းတွေက အကြောင်းမဟုတ်ပါပေ။ ဗိုက်ထဲကပစ္စည်းက နောင်ထုထည် ကြီးမားလာမည်ဖြစ်၏။ သူသည် ခေါင်းမှ မျက်နှာသုတ်ပဝါကို ဖြေကာ ပခုံးမှစုံချလိုက်၏။ မျက်နှာသုတ်ပဝါလေးနှင့်ဆိုတော့ ဗိုက်မှာပေါ်မည်မဟုတ်။ ရွာဝင်လမ်းတွင် သေတ္တာကို ခါးစောင်းတင်သွားမည်။

ဒါလောက်အထိတော့ သူ့အစီအစဉ်မှာ ပိရိလှပြီဟု ထင်သည်။ သို့သော် မွေးချိန်၊ ဖွားချိန်အထိ ဘယ်လိုစခန်းသွားရပါ့။ သူသည် ပင့်သက်ရှူကာ ခေါင်းကို မော့လိုက်၏။ သူ့ခေါင်းထက်တွင် ရွက်နုများ ထွက်စမပြုသေး၍ ညောင်ပင်ကြီးကလည်း အရိုးနှင့်ခေါက်ခက်၊ ပတ်ဝန်းကျင်သည် ခြောက်သွေ့လွန်းလှ၏။

"ပေါ်ပြန်လည်း မသက်သာ၊

နောက်တစ်ချိ၊ ဒီတစ်လုံးက

ဖုံးလိုက်ပြန်ပါ"

ရွာထဲတွင် အလှူမျာ း ရှိနေလေသလား။ ကြည်ကြည်ဌေးသီဆိုသော ဗေဒါလမ်းသီချင်းဓာတ်ပြားသည် ခြောက်သွေ့သော လေကိုဖြတ်သန်း၍ သူ့ဆီသို့ ရောက်လာပြန်သည်။ သူသည် ခေါင်းကိုရမ်းမိ၏။ သူ့ဘဝသူ့စခန်းက "ပေါ်ပြန်လဲမသက်သာ"အခန်းမှ မတက်နိုင်သေးပါတကား။

"ဒီဓာတ်ပြားကို မကြားပါရစေနဲ့" သူသည် ပါးစပ်ကပင် ဖွင့်၍ရေရွတ်မိ၏။ ဆရာကိုထွန်းမောင်သည် သူသွားလေရာသို့ ဤဓာတ်ပြားကို လိုက်လံ၍ပင် ဖွင့်ခိုင်းလေသလော။

သေတ္တာကိုခါးစောင်းတင်ကာ ကျောင်းပရိဝုဏ်နောက် ဖြတ်လမ်းကပင် အမေ့အိမ်ကို

mgyoe.com

ရောက်အောင်သွားမည်။ ရွာလမ်းအတိုင်းသွားလျှင် အလျှုမဏ္ဍပ်ကို ဖြတ်သန်းသွားရမည်။ လူများများကိုလည်း မတွေ့ချင်ပေ။

သူသည် ဘုန်းကြီးကျောင်း တဲဝိုင်းအပျက်မှ အမေ့တဲရှိရာ ဖြတ်လမ်းသို့ ခပ်သုတ်သုတ် ဖြတ်လျှောက်လာသည်။

"ဟဲ့. . . ကြင်ယုံ"

ကြင်ယုံသည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားပြန်သည်။

"နင်ကလည်း လန့်လိုက်တာ ဟယ်" ကြင်ယုံသည် အမောတကြီး ပြောလိုက်၏။

"ငါ့များ လန့်ရသေးလား"

ပြောမည်ဆို ပြောစရာပင်ဖြစ်၏။ သူ့ကို နှုတ်ဆက်သူမှာ သာအေးဖြစ်၏။

"နင်က ဝလာလိုက်တာဟယ်၊ ကြီးတော်ရွှေဥ အလှူလုပ်နေတယ် လာခဲ့ပါဦးလား"

"ငါ... ငါ... ကျုပ်အခုပဲ ပန်းတနော်ကပြန်လာတာ။ ခရီးပန်းသေးတယ်၊ သွားဦးမယ်"

သူသည် သာအေးကို ကြာကြာ ရပ်စကားမပြောနိုင်။ အိမ်ဘက်သို့ ကသုတ်ကရက် လျှောက်လာခဲ့သည်။

အိမ်ရောက်လျှင် အမေ့ကိုမတွေ့ရ။ အမေအလှူများ သွားနေလေသလား။ ယခင်လို ဘူးစင်အောက်တွင် မထိုင်ရဲ။ ပုဏ္ဏားကွယ်တွင် ခပ်ကွယ်ကွယ်ထိုင်ခါ မျက်နှာသုတ်ပဝါ နှင့် သူ့ကိုယ်ကို ယပ်ခတ်နေမိသည်။

"ကြင်ယုံ. . . ကြင်ယုံ"

အမေ့အသံဖြစ်သည်။

"ရှင်. . ."သူသည် တုန်တုန်ရီရီနှင့် ပြန်ထူးမိ၏။

"အမလေး. . . ဘယ်တုန်းက ညည်းပြန်ရောက်လဲ။ ခုပဲ သာအေးက အလှူမှာ ပြောလိုက်လို့ ငါပြန်လာတာ" အမေက သူ့ရှေ့မှာထိုင်ချလိုက်ကာ။ သူ့မျက်နှာကို စေ့စေ့ ကြည့်ကာ မေး၏။ အမေ့ရင်ထဲမှာတော့ သမီးကို ပြန်လည်တွေ့ရ၍ ပျော်ရွှင်နှစ်သိမ့်နေပုံ ရ၏။

"သာအေး တစ်လောက ရန်ကုန်သွားသေးတယ်၊ ညည်း. . . ကျောက်မြောင်းမှာ ဆိုလား၊ ဆွမ်းကြီးလောင်းပွဲမှာ ကနေတာ သူတွေ့ရသတဲ့၊ စာလေးဘာလေး လူကြုံနဲ့ ပေးရောပေါ့ သမီးရယ်"

ကြင်ယုံသည် ဘာပြန်ပြောရမှန်းမသိ၊ မျက်နှာသုတ်ပဝါနှင့် မျက်လုံးကို ခဏခဏ တို့နေမိသည်။

"ဟဲ့. . . မတုန်မလှုပ်နဲ့ ကြင်ယုံ ငါမေးတာ ပြောစမ်း"

mgyoe.com

 mgyoe.com 

''ပြောစရာမှမရှိဘဲ၊ မကချင်လို့ ပြန်လာတာပေါ့ အမေရ''

''အေး. . . အေး. . . ဒီမှာပဲ ဖျာရက်၊ မောင်ထွန်းမောင် လာတုန်းကလည်း သူက ပြန်လွှတ်တယ်တဲ့၊ ညည်းက မပြန်ချင်တာဆို''

''အကသင်ချင်သေးလို့ပါ အမေရယ်''

သူဒါပဲပြောလိုက်၏။

သေတ္တာကို အခန်းထဲသွင်းလိုက်၏။ မျက်နှာသုတ်ပဝါကို တန်းပေါ်တင်လိုက်သော အခါ အမေက သူ့ကိုမသင်္ကာပါပေ။

''ညည်း ဘယ်လိုဖြစ်လာတာလဲ''

ကြင်ယုံသည် ငိုတော့၏။ ခုမှပင် ရှိုက်ခါရှိုက်ခါ သည်းထန်စွာ ငိုတော့သည်။

''ကျွန်မ သိပ်ရပ်ပျက်နေပြီလား အမေ''သူသည် ဒါကိုပင် မေးမိ၏။

''တို့က မွေးဖူး၊ ဖွားဖူးတော့ သိနေတာပေါ့၊ မောင်ထွန်းမောင်နဲ့လား''

''ဆရာ့ကို အထင်မလွဲပါနဲ့ မေမေရယ်၊ ဆရာက သူတော်ကောင်းကြီးပါ''

''ဒါဖြင့် ဘယ်သူလဲ. . .''

''ကြင်ယုံမပြောချင်ဘူး'' သူသည် အိပ်ရာထဲသို့လှဲကာ ငိုတော့သည်။ အော်. . . ဒီဒွတ္တဘောင်လေးကို ဘယ်လိုလုပ်မွေးရပါ့။

ညတွင် လသာ၏။ ဖိုးကွက်လိုပင် ညကျမှ သူ ဘူးစင်အောက် ထွက်ထိုင်၏။ လေပြေလေညင်းကြောင့် စိတ်မှာပေါ့ပါးလာသည်။ ကောင်းကင်တွင် တိမ်များလည်း ကင်းစင်နေကြသည်။ သူတရှုံ့ရှုံ့ငိုလွန်း၍ အမေက စိတ်ညစ်ပုံရ၏။ အမေစိတ်ညစ်သည်ကိုလည်း သူမကြိုက်။ အမေက နောက်ဆုံးအကြံတစ်ခုပေးသည်။

''လူမြင်မကောင်းအောင် ဖြစ်လာတော့လည်း ရန်ကုန်မှာ အိမ်ထောင်ကျတယ်လို့ပဲ ပြောလိုက်။ အဲဒီအိမ်ထောင်က ဆုံးသွားတယ်လို့''

အမေပြောသည်မှာလည်း ယုတ္တိရှိပေသား. . .၊ သေသွားပြီဖြစ်သော ကလေးအဖေကို ဘယ်သူကမှ စစ်ကြောနေဖို့ မလိုတော့ပေ။

''ကြင်ယုံ''

သာအေး ရောက်လာပြန်လေပြီ။ တစ်ခါကဆိုလျှင် သာအေးတို့၊ စိန်ထွေးတို့ လူစုကိုပင် သူပရိသတ်လုပ်ခါ ကခဲ့ရ၏။

''အကြမ်းသောက်ဦးလေ သာအေး''

''နင်ကလည်း ရွာထဲတောင်မထွက်ဘူး၊ အိမ်ထဲ ကုပ်လိုက်တာ''

''ငါ ကောင်းကောင်း နေမကောင်းတာနဲ့ မကတော့ဘဲ ပြန်လာခဲ့တယ် သာအေး''

mgyoe.com

"ဟုတ်ပါတယ် ပြန်လာတာပဲ ကောင်းပါတယ်။ အမေက အိုပြီဟဲ့၊ အမေနဲ့အတူ ဖျာရက်တာက ကောင်းပါသေးတယ်ဟယ်၊ နင့်ရောဂါက ဘာရောဂါလဲ ဟင်"

ခက်ကပြီ။ ကြင်ယုံသည် မျက်လုံးလေးပြူးကာ ဟိုကြည့် ဒီကြည့်လုပ်ရင်းမှ…

"ဟိုဒင်း ဗိုက်ထဲမှာ ဘာရှိတယ်ဆိုလား… ကတော့ ခုန်ရင်းပြုရင်း အောင့်တတ်လို့"

သူသည် ထစ်ထစ်ငေါ့ငေါ့ဖြေလိုက်၏။

"ဖျာရက်တာ သက်သာပါတယ်ဟ။ လေလည်းဖြစ်နိုင်တာပဲ၊ ကြီးတော်ဆီမှာ ငါ လေဆေးတောင်းပေးမယ်"

ထိုညက သာအေး ညဥ့်နက်မှ ပြန်သွားသည်။ သူသည် ညဦးပိုင်းတွင် အိပ်၍မပျော်။ သူ့မှာ မိုက်စိတ်ကလေးတော့ ရှိခဲ့ဖူး၏။ ဒေါက်မြင့်ဖိနပ်ဖြူများ၊ အဖျားချွန်ဘော်လီများကို မက်သည့်စိတ်၊ ဒါပေမဲ့ သူမလိမ်တတ်။ ယခုတော့ သူငယ်ချင်းဖြစ်သူကို လိမ်လိုက်ရသည်ကို စိတ်မကောင်းပေ။ လိမ်လည်ခြင်းသည် နှုတ်မှ ဘာလို့များ အလိုလိုထွက်လာရပါလိမ့်။

နောက်တစ်ပတ်တွင်မူ အမေက သတင်းတစ်ခုပြောလာသည်။

"သာအေး ကြီးတော်က ပြောတယ်. . . သာအေးက သမီးကိုလိုချင်လို့တဲ့"

"ဘုရားရေ. . ."

ကြင်ယုံသည် တကယ်ပင် ဘုရားတမိ၏။ ရင်တလှပ်လှပ်ခုန်ကာ မျက်ရည်က ကောက်ခါငင်ကာ ကျလာတော့သည်။

"ညည်းဘယ်လိုသဘောရသလဲ"

ကြင်ယုံသည် ရှိုက်ခါရှိုက်ခါ ငိုး၏။

"ကျွန်မတို့ သူ့ကို. . . သူ့ကို လိမ်ရမှာပေါ့ အမေ"

အမေသည် သက်ပြင်းကြီးချ၏။

"မလိမ်လို့ ဖြစ်မတဲ့လား"

အို. . . အင်မတန် အေးချမ်း၍ ရိုးရိုးသားသားနေသော အမေ၊ သူ့အတွက်နှင့် လိမ်ဖို့အကြောင်းကို စဉ်းစားတတ်လာပါပကော။

"ကျွန်မမှာ ကလေးရှိနေတယ်။ သနားသဖြင့် ကယ်တဲ့အနေနဲ့ ယူပါလို့ဖွင့်ပြောပြီး ယူရရင် မကောင်းဘူးလား အမေ"

"ဟဲ့ သူတို့ယောကျ်ားဆိုတာ အပျိုစစ်လေ ကြိုက်လေတဲ့" တောသူမကြီး အမေသည် ယောကျ်ားတို့အကြောင်းကို ပြောလာ၏။ ကြင်ယုံသည် မောသွားပြန်သည်။

"နောက်တော့မှသိရင် ဘယ်လိုလုပ်ပါ့မလဲ အမေရယ်"

"ဒါကတော့ သူလာလာလည်တဲ့အခါ ညည်းဗိုက်ကို မြင်သွားပဲ"

mgyoe.com

 mgyoe.com 

''သူတို့ကရော မရိပ်မိဘူးလား အမေ''

''ညည်းပဲ လမ်းမထွက်လို့လား မသိဘူး၊ ညည်းဗိုက်ကို ဘယ်သူမှ သိသေးပုံ မပေါ်ဘူး''

ကြင်ယုံသည် သက်ပြင်းချလာရင်း''ခုနစ်လနဲ့မွေးရင်လည်း ကလေးတွေဟာ မွေးတတ်တာပဲမို့လား အမေ''

အမေသည် လိမ်လည်ရမည်အတွက် သူ့ခမျာလည်း ရင်လေးနေပုံရ၏။ ထိုကြောင့် ကြင်ယုံအမေးကို နှုတ်ဖြင့်မဖြေဘဲ ခေါင်းသာအသာညိတ်ပြလိုက်လေသည်။

ကိုသန်းစိန်နှင့် ကိုသော်ဒါသည် ရန်ကုန်တွင် အကြမ်းအသောက်မပျက်ကြ။ အမေတို့ သားအမိမှာတော့ ဒွတ္တဘောင်လေး အဖေပေါ်ရန်အရေးအတွက် စိတ်မောလူမောဖြစ်လိုက်ရသည်ဖြစ်ခြင်း။

သို့သော် နောက်လအတွင်းတွင်မူ သာအေးနှင့် ကြင်ယုံ လက်ထပ်ဖြစ်သွားတော့သည်။

သာအေးက လုံးဝ သံသယရှိပုံ မရပါပေ။ ကြင်ယုံကတော့ တစ်ခါတစ်ရံ ငိုမိသည်။ သို့သော် သူ့ဇာတ်လမ်းသည် ပူပင်စရာမရှိတော့ပေ။

ကိုယ်ဝန်ရင့်လာလည်း လင်နဲ့သားနဲ့မို့ ဘယ်သူမှ သံသယဖြစ်စရာ ဒီလောက်မရှိကြ။ ရွာထဲကလည်း သူ့ဗိုက်၏ လအခြေအနေကို စောင့်ပြီး လက်ချိုးရေတွက်နိုင်အောင် အားလပ်ကြသည်မဟုတ်။

''ဘာထူးလဲ၊ အငြိမ့်ထဲ ကရသလိုပေါ့။ တစ်ညထဲနဲ့ တပင်တိုင်ရော၊ နှစ်ပါးသွားရော၊ အလွမ်းရော၊ အသောရော၊ အစုံကရတာပဲ။ ဒီလိုပဲ သူလိုကိုယ်လိုလူတွေ အများကြီးပဲဟာ''

အောင်လှကြည်၏စကားသံများကို ပြန်လည်ကြားယောင်လာ၏။ သာအေးကို ယူပြီးစက ချစ်စရာကောင်းသော သူ့စိတ်ရင်းလေးသည် သာအေးကို လိမ်ယူရသည့်အတွက် ကိုယ့်စိတ်ကိုယ်မသန့်။ ဆရာကိုသန်းစိန်နှင့် ဖြစ်ပြီးချိန်ကလို မျက်နှာမထားတတ်၊ ကိုယ့်အကြောင်း ကိုယ်မလုံသလို ရှိုးတိုးရှန့်တန့်နှင့် ဖြစ်မိသေး၏။ သာအေးနှင့် မျက်နှာချင်းဆိုင်မိရင်ပဲ သူ့ရင်ထဲမှ ကလေးအကြောင်းကို ဖွင့်ပြောရကောင်းနိုးနိုးနှင့် ခဏခဏ ဆိုသလိုပဲ စဉ်းစားမိသည်။

''ကျွန်မဟာလေ. . . ရှင့်အပေါ်မှာ စိတ်ရင်းကောင်း ရိုးရိုးသားသားနဲ့ အားကိုးတာပါ ရှင်'' တစ်ခါတစ်ရံ သူသည် အရင်းမရှိ အဖျားမရှိ သာအေးကိုပြောမိ၏။ သို့သော် သူကြာရှည်တော့ ဝမ်းထဲတွင် မျိုသိပ်ထားဖို့ မလိုသောအကြောင်းက ပေါ်လာသည်။ နောက်လထဲတွင် အကောင်အထည် မပြည့်စုံသေးသော ဒွတ္တဘောင်လေး ပျက်ကျသွားသည်။

သာအေးကတော့ ကြင်ယုံ သွေးလွန်သောရောဂါ ဖြစ်သွားသည်ဟုပဲ သိလိုက်သည်။

mgyoe.com

အမေကတော့ မီးနေသည်ကို ပြုစုသလိုပင် တိတ်တိတ်ကျိတ်ကာ နှုတ်မှန်တိုက်၏။ စမုံနက်ကိုလည်း ရှုခိုင်းသည်။ သားကောင်းထက် သားဆိုးသည် စိုးရိမ်ရသည် မဟုတ်ပါလော။

အလိုလိုပျက်ကျသွားပေမယ့် သာမန်သာဆိုလျှင် ရင်သွေးငယ် လျှောကျပျက်စီးရခြင်းအတွက် နှမြောကြပေဦးမည်။ ယခုသော်. . . သားအမိ နှစ်ယောက်လုံး ရင်ချောင်သွားရသည်။ သာအေးကို မျက်နှာချင်းဆိုင်ရသည်ကို ရဲရဲတင်းတင်း ရှိလာကြတော့သည်။

ဘုရား. . . ဘုရား. . . ကြောက်မက်ဖွယ်ရာပါပင်တည်း။ လူသားသည် မိမိကိုယ်ကျိုးနှင့် အခွင့်အရေး၊ သို့တည်းမဟုတ် အရှက်နှင့်အသက်ကို ထိန်းသိမ်းရသောအခါ တရားဖြောင့်မတ်ခြင်း၊ ရိုးသားခြင်းတို့ကို လက်ကိုင်ထားပါသေး၏လော၊ သို့နှင့် လူ့ဘောင်သည် ညစ်ညမ်း၍လာရလေသလား။

အမေတို့ သားအမိနှစ်ယောက်တော့ ရက်ပေါင်းများစွာ လျှို့ဝှက်လိမ်လည် လာခဲ့ရခြင်းအတွက် ယခု အသက်ရှုချောင်သွားရလေသည်ကိုပဲ "ကံကောင်းထောက်မခြင်း" ဟူ၍ မှတ်ချက်ချလိုက်ကြသည်။

*

ကြင်ယုံ ကျန်းမာလာသောအခါ သွားခေါ်သည်က လွဲ၍ ကြင်ယုံသည် တစ်တစ်ရစ်ရစ်နှင့် ချစ်စရာကောင်း၍ လာပြန်သည်။

"နင်လေ. . . ပြန်ကဖို့များတော့ ဘယ်တော့မှ စိတ်မကူးနဲ့ ကြင်ယုံ"သာအေးသည် ချစ်ဇနီးကိုကြည့်ကာ တားမြစ်၏။

ကြင်ယုံ့ရင်ထဲမှာတော့ အလုံးကြီးကျသွား၍ ပေါ့ပါးသွားပြီး သူ့မျက်နှာသည် ရွှင်လန်း၍ သူ့ဟန်ပန်သည် ပေါ့ပါးဖျတ်လတ်လာ၏။

သင်များကို ရေစိမ်စဉ်တွင် ကြင်ယုံသည် ငယ်ငယ်ကလို သီချင်းဟစ်၍ ဆိုတတ်သည်။

"ဝါသနာကို မတားနဲ့တော့ မောင်၊ ဒီလိုနေတာ အများကလည်း သနားကြတယ်၊ မြမြရင် ကျွန်မ ကချင် သည်းခံတော့ ဘိုကေလင်"

ကြင်ယုံ ဤသီချင်းကို ဟစ်ဆိုလျှင် သာအေး စိတ်မကောင်း ဖြစ်တော့သည်။

"နင့်ကို တကယ်လို့များလေ. . . ရန်ကုန်က အငြိမ့်ဆရာတစ်ယောက်ယောက် လာပြန်ခေါ်ရင် နင်ပြန်သွားပြီး ကဦးမှာလား ကြင်ယုံ"

သာအေးသည် စိတ်မကောင်းတိုင်း မယုံမရဲမေးတတ်၏။ ကြင်ယုံကလည်း တိတိကျကျမဖြေ၊ ပြုံးဖြဲဖြဲနှင့် "ဝါသနာကို မတားနဲ့တော့ရှင်"ဆိုသော သီချင်းကိုသာ ကောက်၍ဆိုပြတော့သည်။ အမှန်တော့လည်း ကြင်ယုံသည် သီချင်းလေးဆိုကာ လက်ကလေး မြှောက်ကာနှင့် ကချင်သေးသည်တော့မှန်၏။ သို့သော် ပါရမီနုန့်နဲ့သည်ဟု ဆိုရမည်လား မသိ၊

mgoe.com

ngyoe.com


ကချင်တဲ့စိတ်များလည်း ရှိလျက် ကလက်စအခံကလည်း ရှိပါလျက်နှင့် ပို့ပေးမည့် အသိုင်းအဝိုင်း သူ့တွင် မရှိပါပေ။

တစ်ချိန်တစ်ခါက သူ့ထက် အသက်ငယ်ပေမယ့် အဖြစ်သနစ်စုံသူ၊ ဘဝအတွေ့ဝါကြီးသူ အောင်လှကြည် စကားတွေကို ပြန်၍ သတိရ၏။

သူသည် ထို့ကြောင့် သာအေးက က ဦးမှာလားဟု မေးခွန်းမေးလျှင် သူပြုံးပြ၏။

"ကျွန်မ ရန်ကုန်မှာ ကတုန်းက အောင်လှကြည်ဆိုတာနဲ့ အတူကခဲ့တယ်။ သူအငြိမ့်တွေ လည်ကရင်လေ၊ သူ့ယောကျ်ားက ကားဆွဲအဖြစ်နဲ့လိုက်ပြီး အငြိမ့်ထဲ လိုက်လာတာပဲ၊ သူ့မိန်းမကို သူစိတ်မချလို့ပေါ့။ ကျွန်မ ရန်ကုန်ပြန်သွားပြီးကရင် ရှင်လေ ကျွန်မနဲ့အတူ ကားဆွဲ၊ ကားလိပ်အဖြစ် အငြိမ့်ထဲ လိုက်ခဲ့မလား"

ကြင်ယုံက သာအေးကို မေးခွန်းထုတ်လိုက်လေ၏။

"အမယ်လေး. . . နင်တို့အလုပ်က အေးအေးနဲ့ အန္တရာယ် များလွန်းပါတယ်၊ ကြင်ယုံရယ်"

ကြင်ယုံဘဝတွင် သာအေးရော၊ ဆရာထွန်းမောင်ပါ "အန္တရာယ်"ဟူသော စကားကို သုံးလာကြသည်။

မှန်၏။ ဆရာကိုထွန်းမောင်နှင့် သာအေးပြောသလိုပင် ဂီတတွေ၊ အကတွေနှင့် အင်မတန် နှစ်သိမ့်စရာ၊ ကြည်နူးစရာကောင်းသော သဘင်လောကသည် ဘာကြောင့်များ အန္တရာယ်များရပါလိမ့်။

တကယ်တော့ ကျားရဲပေါ်သောလမ်းတွင် ဓားမတိုထမ်း၍ ထဘီတိုတို၀တ်ခါ ရင်ဝ ခါးစီး၍ လမ်းလျှောက်ရသည်ဆိုသည်က သဘာဝကျပေသေးသည်။

ကြင်ယုံတို့အဖြစ်က ခြေဖျားအောက်တွင် တစ်တောင်လောက်ရှည်သော ဗလာထဘီကို ဝတ်ကာ၊ ခါးတောင်လက်ရှည်နှင့် သိမ့်မွေ့စွာကရင်းမှ ဆူးပေါ်သော ဤလမ်းကို ဖြတ်သန်းလျှောက်ရသည်ဆိုတော့ သဘာဝမကျလိုက်သည့် ဖြစ်ခြင်း။

ဤဗလာထဘီအနားစ၊ ပဝါစ၊ ပုတီးစတွေကိုကပဲ လမ်းဘေးရှိဆူးကိုငြိကာ မလွတ်မကင်းနှင့် ကိုယ်ဖယားကိုယ်ရှုပ်ခဲ့ပါလေသလော။

မှန်၏၊ ကိုယ့်ဖယားကိုယ်ရှုပ်တာလေးတွေကလည်း ပါသည်။ ပတ်ဝန်းကျင်ကို မတွန်းလှန်နိုင်သည်ကလည်း ပါသည်။ ထမင်းတို့၊ ဘော်လီချွန်ချွန်တို့ ကိစ္စကလည်း ပါခဲ့သေးသည်ကို ကြင်ယုံသဘောပေါက် နားလည်ခဲ့လေပြီ။ အနုပညာဆိုသည့် သဘောကိုကလည်း ဆန်းကြယ်သော သဘောရှိသည် ပေပဲလား။

အကသည်လည်းကောင်း၊ တေးဂီတသည်လည်းကောင်း၊ ပန်းချီ ပန်းပုသည်လည်း

mgyoe.com

ကောင်း အစရှိသော ပညာရပ်တို့သည် လောကကို တန်ဆာဆင်ကြသည်။ ပန်းလေးများသာ မရှိလျှင် ဤလောကတွင် ဩကာသလောက လှပမည်မဟုတ်ဆိုသလိုပင် အကများ၊ တေးဂီတများသာ ဆိတ်သုဉ်းနေလျှင်လည်း သတ္တလောကသည် တိရစ္ဆာန်ရိုင်းကြီးများ ကြီးစိုးနေသော အဝ္ဗဘောသက်သက်လောကဖြစ်သည့် သားရဲတွင်းကြီးနှင့် တူကောင်းတူနေမည်။

သို့သော် အကမှအစ အရေးအသား၊ အထုအထွင်းထိ၊ ဤညက်ညော သိမ်မွေ့လှသော ပညာရှင်တို့ သွားရာလမ်းကား ဘာကြောင့်ဆူးညှောင့်ခလုတ် ချောက်ကမ္ဘားတို့နှင့် ပြည့်နှက်၍ နေပါလိမ့်။ သူတို့ဘဝသည် ဘာကြောင့်များ ဝန်ခံချက်များ၊ လုံခြုံမှုများနှင့် ခိုင်လုံမှု မရှိပါသနည်း။

စောင်းကိုပိုက်ကာ သတ္တလောကအား ဖြိုးဖြိုးဝေမျှ တေးသံများကို သွန်းလောင်းရင်းက ချောက်စွန်းကမ္ဘားတွင်ကျ၍ သေသောအလောင်းတို့သည် အနုပညာလောကတွင် များခဲ့လေပြီ။

"ကိုယ့်မှာတော့ ရင်ကွဲ၍ သားရဲအဆွဲခံရင်း၊ ခလုတ်တိုက်ရင်း၊ ဆူးငြိရင်းမှ ဤဝါသနာပါလှသော ပညာရပ်တို့ဖြင့် ဖြေဖျော်လိုက်သည်ကိုပင်လျှင် မြင်ရကြည့်ရ ကြားရသော လူအပေါင်းက နှစ်သိမ့်ကြည်နူးကာ အပန်းဖြေရပါသတဲ့"

အနုပညာသည်ကို ပုံပြင်လုပ်၍ ပြောလျှင် ဤသို့ပင်ပြောရမည်။

ကြင်ယုံတို့က အနုပညာသည် ရင့်မကြီးဟူ၍တော့ မဆိုသာသေး။ သို့သော် သူသည်လည်း ဝါသနာဆိုတာလေးက အခံလေးသာပါမလာလျှင် ဒီလမ်းကို ဘယ်သူကမှ အပင်ပန်းခံ၍ မလျှောက်။ ကြင်ယုံမှာ ထိုလမ်းကိုလျှောက်စကတော့ ဝါသနာကလည်း ပါသည်။ ကျော်လည်း ကျော်ကြားချင်သည်။ သို့သော် အနုပညာသည်တိုင်းသည် ကျော်ကြားသော ပန်းတိုင်သို့ ရောက်ချင်မှရောက်ကြပေမည်။ မရေရာသော ထိုပန်းတိုင်သို့ မျှော်မှန်း၍ လှမ်းကြရင်းပင် ရယ်ကာပြုံးကာနှင့် လမ်းတစ်လျှောက်တွင် သူတို့အရိုးများကား တောင်လိုပုံခဲ့ကြသည်။ ဩော် ဤအရိုးပုံပေါ်သို့ မည်သို့မျှ မျက်ရည်တစ်ပေါက်ယို၍ မငိုကြပါကလား။

အမာခံ လုံခြုံမှုမရှိသော ဤလမ်းကို အမိုက်ခံ၍ လျှောက်သောသူများ အဖြစ်နှင့်ပင် ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုကြသေးသည်။

တေသူ၊ ပေသူ၊ ဂုဏ်ငယ်သူတို့ စံပျော်ရာလောကဟူ၍လည်း အနုပညာလောကမှ လူများကို ပယ်ချင်ကြသေးသည်။

ဤတေသော၊ ပေသော၊ အနံ့ နံစော်သော၊ ရွံ့နွံတောတွင် ပျက်စီးကြေမွသော ပန်းတို့ ရှိသလိုပင် လှပသော ပန်းပဒုမ္မာတို့သည်လည်း ပွင့်ခဲ့ကြပါသေးတကား။

ဤလိုပင် သိသောသူက စိတ်ဖြေနိုင်သေးပေမယ့် ကြင်ယုံကတော့ သူ့လောကကို

mgype.com

 mgyoe.com 

သူထွက်လာစက ဘာမျှ ရေရေလည်လည် နားမျှမလည်သေး။ ကြင်ယုံသည် ''ယောက်မ'' များ ဆန်နေလေသလား။ ဟင်းမွှေသော ယောက်မသည် သူကိုယ်တိုင်ကသာ ဟင်းအိုးထဲတွင် ချာချာလည်အောင် မွှေခဲ့သည်။ ဟင်းအိုး၏ ချိုခြင်း၊ ငန်ခြင်း အရသာကို မသိ၊ ငါးပိန့်၊ ငရုတ်သီး၊ ကြက်သွန်နံ့ကိုလည်း သူမသိ။

ယခုအချိန်ထိတော့ ကြင်ယုံ့ဘဝက ပျက်စီးခြင်းငါးပါးမှ မတိုင်သေးဘဲ။ သာအေးသည် ထိုအန္တရာယ်ပေါ်သောလမ်းကို ကြင်ယုံတွင် အကာအကွယ်မရှိဘဲ မလျှောက်စေချင်သေးပေ။ စင်စစ် တွေးတော့လည်း အနုပညာလမ်းသည် နာမည်နှသလောက် ကြမ်းတမ်းလှသည်တကား။

*

''ခင်ဗျားတို့ အနုပညာကို ကျွန်တော်တို့ဘေးလူတွေ မြတ်နိုးသလို ခင်ဗျားတို့ အနုပညာသည်တွေ မြတ်နိုးပါရဲ့လားဆိုတာ ကျွန်တော် သံသယဖြစ်တယ်ဗျာ''

ယဉ်ကျေးမှု အထူးအရာရှိသည် ဆရာကိုထွန်းမောင်အား မေးလိုက်၏။ ဆရာကိုထွန်းမောင်သည် မလွယ်ကူလှသော ထိုမေးခွန်းကို ဘယ်လိုလုပ်၍ ဖြေရပါမည်နည်း။ သူ့အပါးတွင် ဒိုးတီးဆရာကိုသန်းစိန်က ထိုင်လျက်ရှိ၏။

''ကျွန်တော်တို့ ဆန္ဒကတော့ ကဟန် ကကွက်တွေ တိုးတက်လာသလို အငြိမ့်သမလေးတွေကို ပြုပြင်ထိန်းသိမ်းတဲ့ နေရာမှာရော လူပျက်တွေ ပျက်ပုံရော၊ အိုလေဗျာ တီးဝိုင်းကအစ တစ်ဖွဲ့လုံး၊ တစ်ဖွဲ့လုံး စည်းစည်းလုံးလုံးနဲ့ တိုးတက်ချင်တာပဲ''

''ဒါကတော့ သိပ်လွယ်ကူတဲ့ ကိစ္စတော့ မဟုတ်ဘူးပေါ့ခင်ဗျာ။ ကောင်မလေးတွေ ထိန်းရတဲ့ ကိစ္စကလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့''

''အို . . . အပြင်က မဖျက်တော့လည်း ခင်ဗျားတို့ အချင်းချင်း ယုံကြည်ရလို့လား''

ကိုသန်းစိန်သည် ထိုအရာရှိ မေးခွန်းအတွက် ပခုံးများတွန့်ခနဲ ဖြစ်သွားသည်။ ကြင်ယုံ့မျက်နှာကို ကွက်ခနဲ မြင်လိုက်သည်။

ဆရာကိုထွန်းမောင်ကတော့ လူကြီးပီပီ စဉ်းစဉ်းစားစား ပြောနေ၏။ သူ့အနေနှင့်က စဉ်းစားရမည်။ အငြိမ့်တွေ စည်းစည်းရုံးရုံးနှင့် တိုးတက်ဖို့ ရည်ရွယ်ပြီး အမတော်ကြေး လက်ခံယူရမည် ဖြစ်၏။ အငြိမ့်အဖွဲ့ဆိုသည်က 'မ' တစ်ရာသား သောင်းခြောက်ထောင်နှင့် လုပ်ရမည်ဖြစ်သည်။ သူတစ်ယောက်တည်းက ဘယ်လိုလုပ် တာဝန်ယူပါ့မည်နည်း။ အငြိမ့်အမတော်ကြေးကိုပင် ကျေလည်စွာ ပြန်ဆပ်နိုင်ကြဖို့ဆိုသည်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။

''တတ်နိုင်သလောက်တော့ ကြိုးစားကြည့်ရမှာပေါ့လေ''

ဆရာကိုထွန်းမောင်က ယဉ်ကျေးမှုအရာရှိကို မယုတ်မလွန်ပင် ပြောခဲ့၏။

mgyoe.com

သူတို့နှစ်ယောက်သည် အပြင်ထွက်လာခဲ့ကြသည်။ ကိုထွန်းမောင်စိတ်ထဲတွင်တော့ တစ်နည်းတစ်လမ်း လမ်းစရှာရမည်ကိုတော့ တွေးလာ၏။ ကိုသန်းစိန်စိတ်ထဲမှာတော့ ကြင်ယုံကိုမှ မှတ်မှတ်ရရ သွား၍သတိရနေသည်။

ယဉ်ကျေးမှုအရာရှိပြောသော "အနုပညာကို ကျွန်တော်တို့ မြတ်နိုးသလို ခင်ဗျားတို့ အနုပညာသည်တွေကရော မြတ်နိုးရဲ့လား"

ထိုမေးခွန်းမှာ ထိရောက်ပါ၏။ သို့သော်. . .

အငြိမ့်လောကတွင်မက ဇာတ်ရော၊ ရုပ်ရှင်ရော၊ ဂီတရော၊အားလုံးသော အနုပညာရှင်တို့သည်ရော ထိုမေးခွန်းအတိမ်အနက်ကို လေးနက်စွာ စဉ်းစားပါမည်လော။ အခါခပ်သိမ်း ထမင်းကြောင့်၊ သို့မဟုတ် ဗိုက်ကြောင့် စည်းမရှိ၊ ကမ်းမရှိ ပျက်စီးခန်းတိုင်ရသည်မှာကော ဟုတ်ပါသလော. . .၊

ခုတစ်လောတော့ ခပ်လွယ်လွယ်နှင့် အကောင်အထည်ပြ၍ရသော ထမင်းကိုသာ လက်ညှိုးထိုး၍ အကြောင်းပြကြသည်။

အငြိမ့်လောကတစ်ခုလုံးမပြောနှင့်၊ လမ်းပေါ်လျှောက်လာသော ဆရာကိုထွန်းမောင်နှင့် ကိုသန်းစိန်ပင် အတွေးချင်းမတူကြ။ ဆရာကိုထွန်းမောင်က "အငြိမ့်သမလေးတွေကလည်း ပညာခံ နည်းသည်။ သူတို့သည် သူတို့ပညာထက် အဝတ်နဲ့အစားကို မက်လွန်းသည်။ အတွေးအခေါ် တုံးလွန်းသည်ဟု ထင်သည်။ ပြီးတော့ ပတ်ဝန်းကျင်ကလည်း ညစ်ပတ်ဗရုတ်ကျလွန်းသည်"ဟု ယူဆလာသည်။ အရာရှိကြီးပြောသလို တကယ် သူတို့အငြိမ့်လောကကို စည်းရုံးရပါလျှင် အားလုံး၏ အသည်းနှလုံးကိုရော၊ ဦးနှောက်ကိုရော ခဝါချပါမှဟု တွေးလာမိသည်။

'ခဝါချနည်း'ဆိုသည်ကရော ကျယ်ပြန့်လွန်းလှ၍ ကိုထွန်းမောင်သည် လမ်းလျှောက်ရင်း တိတ်ဆိတ်ရာမှ အသက်ကိုမော့ရှူလိုက်သည်။

ကိုသန်းစိန်ကတော့ ခပ်ပြတ်ပြတ်ပဲ. . .။ အမတော်ကြေး များများရလျှင် အငြိမ့်ထောင်၍ရသည်။ ဒါလောက်ပဲ တွေးမိသည်။

စင်စစ် လူကို ထူထောင်ရာတွင် ငွေသည် အခါခပ်သိမ်း အကျိုးသက်ရောက်ပါသလော။

"မင်းတို့ ကြင်ယုံကို လုပ်ပုံ လုပ်နည်းမျိုးတွေ တို့အငြိမ့်လောကမှာ ရှိနေသေးသရွေ့ ဘယ်လိုလုပ် အငြိမ့်လောကဟာ တိုးတက်မလဲ. . .၊ ဒီကောင်မလေး ခုဘယ်မလဲ"

ကိုသန်းစိန်သည် ရုတ်တရက်ကြောင်သွား၏။

"သော်ဒါအပြောတော့ ရှာပြန်သွားတယ်တဲ့ ဆရာ၊ ပထမတော့ ကျွန်တော်လည်း အကာသင်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ ဆရာ"

mgyoe.com

 mgyoe.com 

''တော်ပါတော့ကွာ တော်ပါတော့၊ တကယ်ဆို နေရေးထိုင်ရေး တာဝန်မယူနိုင်ရင် မင်း သူ့အမေဆီ ပြန်ပို့လိုက်ဖို့ ကောင်းတယ်''

ကိုသန်းစိန်သည် ဆိတ်ဆိတ်လိုက်ပါ၏။

ကြင်ယုံတို့အိမ်ရှေ့တွင် ဧည့်သည်တစ်ယောက် ရောက်နေသည်။ သူ့မျက်နှာသည် ပါးရိုးချောင်ချောင် မဲ့ခွက်ခွက်ဖြစ်၏။

အမေကတွေ့တွေ့ချင်း ထိုသူကိုမှတ်မိနေသည်။

''မောင်သန်းစိန် မှတ်တယ်''

''ဟုတ်တယ် အမေ. . . ပန်းတနော်လာကရင်း ဆရာထွန်းမောင်က ကြင်ယုံဆီ ဝင်ခဲ့ဆိုလို့ ဝင်လာတာပါ. . .''

''ကြင်ယုံ ရွာဖျားခဏသွားတယ် ထင်တယ်၊ ထိုင်ဦးလေ. . .''

အမေသည် သူ့ရှေ့သို့ သင်ဖြူးလေးခင်းပေးလိုက်၏။

''သာအေး... ကြင်ယုံကို လိုက်ပြောစမ်း၊ ဒိုးတီးဆရာ မောင်သန်းစိန်လာနေတယ်လို့''

သာအေးသည် လိုက်သာသွားရသည် စိတ်တထင့်ထင့်။ ဒိုးတီးဆရာကို ရင်းရင်းနှီးနှီး မသိပေမယ့် အငြိမ့်ထဲက ဆိုသည်ကိုတော့သိသည်။ ကြင်ယုံကို အငြိမ့်ကဖို့များ သူတို့လာခေါ်ကြလေသလား။ ကြင်ယုံကတော့ သူ့ကိုထားရစ်၍ ရန်ကုန်ကိုမလိုက်ဘဲ နေတန်ကောင်းပါရဲ့။

သို့သော် ကြင်ယုံက ''ဝါသနာကို မတားနဲ့တော့ရှင်''ဆိုသော သီချင်းကို ခဏခဏ ဆိုတတ်သည်မှာ သာအေးအတွက် စိတ်ချလက်ချ မရှိစရာအကြောင်း ဖြစ်၍နေသည်။

ကြင်ယုံကို ကြီးတော်အိမ်မှာတွေ့ခဲ့၍ ခေါ်လာခဲ့သည်။ လမ်းတွင် သာအေးသည် ကိုသန်းစိန်လာကြောင်းသာ ပြောပြသည်။ ဘာကိုမှ မမေးပေ။ အိမ်ရောက်၍ ကြင်ယုံနှင့် ကိုသန်းစိန်စကားပြောနေလျှင်လည်း သူသည် ခပ်လှမ်းလှမ်းမှ နားထောင်နေသည်။ အနားသို့မကပ်ပေ။

ကိုသန်းစိန်သည် သွားခေါ်သည်ကလွဲ၍ ဝဝတစ်တစ် စိုစိုပြေပြေနှင့် ကြင်ယုံကို မြင်ရတော့ သူ့မျက်လုံးများ တောက်ပလာပြန်သည်။

''ကြင်ယုံ- တို့ပန်းတနော်မှာ လာကတယ်။ နင်က လှလို့၊ ဝလို့ပါလား''

ကြင်ယုံသည် မျက်တောင်ကြီး ပုတ်ခတ်၊ ပုတ်ခတ်လုပ်ကာ သူ့ကိုကြည့်၏။ မျက်လုံးထဲတွင် မျက်ရည်များ ဝေ့နေသည်။

''ဆရာကိုထွန်းမောင်တစ်ယောက် နေကောင်းရဲ့လား''

mgyoe.com

''နေကောင်းပါတယ်. . . သူလည်း အငြိမ့်တွေ စည်းရုံးရေးအတွက် ကြိုးစားနေတယ်''

''စည်းရုံးရေး'' ကြင်ယုံက တုန့်တုန့်ရီရီ ရေရွတ်လိုက်၏။ သူတို့နှစ်ယောက် စကားပြောနေစဉ်၊ အိမ်ဘေးအဖီ၌ သင်ဖြူးရက်နေသော အမေ့အပါးသို့ သာအေးကပ်သွားသည်။

''အမေ… ဒီလူက ကြင်ယုံကို ရန်ကုန်မှာ ကဖို့များ ပြန်ခေါ်သွားဦးမှာလား'' သူ့ရင်ထဲမှ သောကကို သူသည် ဖုံးဖိ၍ မရတော့ပြီ။

''ကြင်ယုံ နှစ်ခါပြန် မမိုက်ပါဘူး သားရယ်''

''မိုက်ခြင်း'' ဟူသော ဝေါဟာရကို အမေက ဖော်ပြပေမဲ့ ကြင်ယုံ ဘယ်လောက်အထိ မိုက်ခဲ့သည်၊ သို့တည်းမဟုတ် ကြင်ယုံအပေါ် ကိုသန်းစိန်နှင့် ကိုသော်ဒါတို့ မည်မျှမိုက်ကြေး ခွဲခဲ့သည်ကို သာအေးမှ မသိလေဘဲ။

''ကြင်ယုံက တကယ်လို့များ ပြန်ကမယ်ဆိုရင်တော့လေ ကျွန်တော် အတင်းတားမှာပဲ အမေ''

သာအေးသည် သူ၏ပိုင်ဆိုင်ခြင်းဆိုသော အခွင့်အရေးကို အသုံးချရန် သတိရလာသည်။

''သူတို့ စကားပြောတာ စောင့်ကြည့်ပါဦးလေ''ဟု အမေကဆို၏။

ကြင်ယုံကမူ ကိုသန်းစိန်ကိုကြည့်ကာ ငိုသည်။

''မငိုပါနဲ့ ကြင်ယုံရယ်. . . ဖြစ်ပြီးတာတွေအတွက် ငါတောင်းပန်ပါတယ်''

''တောင်းပန်နေဖို့ မလိုပါဘူး ဆရာ။ ကြင်ယုံလည်း ရန်ကုန်ကပြန်လာမှ ပညာတွေတတ်လာတယ် ကြင်ယုံမှာတော့ ဒွတ္တဘောင်အတွက် ရွာမှာလာပြီး စိတ်ဒုက္ခ ရောက်လိုက်ရတာ''

''ဒွတ္တဘောင်''

''ဟုတ်တယ်လေ ကြင်ယုံမှာ ကလေးပါလာတာကို ဆရာတို့မှ မသိဘဲ''

ကြင်ယုံက အသံအုပ်အုပ်နှင့် ပြောလိုက်၏။

''ငါ. . . ငါ မသိဘူး ကြင်ယုံ''

''မသိတာဘဲ ကောင်းပါတယ်လေ။ ကလေးလည်း ရှောသွားတယ်''

''ဒီလိုဆို နင်ရန်ကုန်ပြန်လိုက်ခဲ့ပါလား။ စနစ်တကျ အကလေးဘာလေးလည်း သင်နိုင်တာပေါ့''

''ဘာ. . . ရန်ကုန်''

ကြင်ယုံသည် တဆတ်ဆတ်တုန်သွား၏။ မျက်ရည်များကြားက ဆရာကိုသန်းစိန်ကို မော့်ကြည့်ရင်း အားယူပြုံးလိုက်၏။

mgyoe.com

 mgyoe.com 

"ကြင်ယုံ. . . ရန်ကုန်ကိုရော၊ ဆရာတို့ကိုရော ကြောက်ပါတယ်။ ကြင်ယုံ ဇာတ်လမ်းက ပန်းပန်လျက်ပါထဲက မဗေဒါ ဇာတ်လမ်းမှ မဟုတ်ဘဲ။ ကြင်ယုံ မကလို့လည်း ဘယ်သတင်းစာ၊ ဘယ်ဂျာနယ်ကမှ ဂရုစိုက်လို့ ရေးကြမှာ မဟုတ်ဘူး။ ဘယ်သူကမှလည်း အငြိမ့်သမကြင်ယုံ အငြိမ့်လောက ပြန်လာခဲ့ပါလို့ မတောင့်တပါဘူး"

"ငါကတော့ ငါ့မိုက်ပြစ်အတွက် ကြွေးဆပ်ချင်လို့ပါ"

"ကြင်ယုံပြန်ကရင်သာ ကိုသာအေး စိတ်ထိခိုက်မှာ"

"သာအေး. . . သာအေးဆိုတာ ဘယ်သူလဲ"

"ကြင်ယုံ ယောကျ်ားလေ. . ."

"အို. . . အမေက ငါ့ကိုဘာမှ ပြောမထားပါလား။ ငါကဖြင့် နင်ပြန်ကဦးမလားလို့ လက်ဆောင်တွေတောင် ဝယ်လာခဲ့သေးတယ်"

ကိုသန်းစိန်သည် သူ့လက်ထဲမှ အထုပ်ကို ဖြေလိုက်၏။ ကြင်ယုံကြိုက်သော မြန်မာဖြစ် ဇာနိုင်လွန်နှင့် ပွဲကရာတွင်ပန်သော ငွေချည်ပန်းတစ်ခက်။ အထုပ်ကို ရှေ့သို့ တိုးပေးလိုက်၏။

"နင်ယောကျ်ားပါခေါ်ပြီး လိုက်ခဲ့ပါလား"

ကြင်ယုံသည် မျက်ရည်ကို သုတ်လိုက်၏။ ပန်းခက်ကို ကောက်၍မယူ၊ ဆရာကိုသန်းစိန်ဘက်သို့ တိုးပေးလိုက်၏။

"အငြိမ့်သမ မဗေဒါလို လက်မထောင်ပြီး 'ဗေဒါပျံ့ အံ့ကိုခဲ ပန်းပန်လျက်ပဲ'ဆိုတဲ့ သီချင်းကိုတော့ ဆိုချင်တာပေါ့ ဆရာရယ်" ကြင်ယုံသည် မျက်ရည်လည် လာပြန်သည်။ ယခင်ကတော့ အပျိုပေါက်စ ပျံ့တံ့တံနန့်တန့်တန့်မို့ ဆရာကိုသန်းစိန်ကို ကြိုက်မိသည်ဟု ထင်သည်။ ယခုမှ ကိုသန်းစိန်နောက်ကို မလိုက်လိုတော့ပါဟု ငြင်းဆန်ရသောအခါ သူမည်မျှ စွဲလမ်းနေသည်ကို သူ့အသည်းနှလုံးက ဖော်ပြနေသည်။ သူသည် ရှိုက်၍ရှိုက်၍ ငိုလိုက်၏။

"ပန်းကိုတော့ ပန်ချင်ပါတယ် ဆရာရယ်. . .။ ဒါပေမဲ့ ပန်းပန်နိုင်အောင်က ကြင်ယုံ အခုနားလည်လာပြီ။ စိတ်ဓာတ်မှာ အမာခံရှိနေမှ ဒီပန်းက ပန်လို့ရမှာ. . .။ ကြင်ယုံ ဆရာကိုထွန်းမောင်ပြောတာတော့ ခုမှနားလည်တယ်။ ကြင်ယုံခုမှ လိမ္မာလာတယ်။ ကြင်ယုံမှာ စိတ်ဓာတ်ရော၊ ပညာရော၊ အသိုင်းအဝိုင်းရော ဘာမှ အမာခံမရှိလေတော့ ဒီ ဒီပန်းကို ဆရာပြန်ယူသွားပါ"

ကိုသန်းစိန်သည် ရှိုက်ကြီးတငင် ငိုကြွေးနေသော ကြင်ယုံကို ဒီတစ်ခါ မြင်ရတော့၊ ယခင့် ယခင် အချိန်တွေလို အစာကိုမြင်၍ သွားဖြဲခြင်းမဟုတ်ဘဲ သူ့ရင်ထဲတွင် တကယ်ပင် နာကျင်သွားသည်။ အော် ကရုဏာဆိုသည်မှာ ဒါပါပဲလား။

mgyoe.com

“နင်စကားတွေ တတ်လာလိုက်တာနော်။ ကဲ ငါသွားတော့မယ်။ ငါပေးတဲ့ပန်းကို မပန်ချင်ဘူးပဲထား၊ လက်ခံတော့ လက်ခံပါဟယ်. . .။ နင်ဟာ ပန်းတစ်ခက်၊ အင်္ကျီတစ်ထည်နဲ့ အလွယ်ကိုမကြိုက်တော့ဘူးဆိုတာ ငါနားလည်ပါတယ်။ ဆရာကိုထွန်းမောင်ကိုလည်း နင့်အကြောင်းပြောပြပါ့မယ်”

“ဆရာ ထမင်းစားသွားဦးလေ. . .”

“ဟင့်အင်း ငါပြန်တော့မယ်။ အမေ ကျွန်တော် ပြန်တော့မယ်”

ဘူးစင်ထောင့်မှ သာအေးသည် မျက်လုံးကြီး အပြူးသားနှင့် စိုက်ကြည့်နေ၏။

“ထမင်းစားသွားပါဦး မောင်သန်းစိန်ရယ်”

အမေက ပြောပြောဆိုဆို အိမ်ရှေ့သို့ ထွက်လာ၏။ ကိုသန်းစိန်သည် အမေတို့ကို ကျောခိုင်းကာ ထွက်သွားတော့သည်။

“ကြင်ယုံ... နင်ပြန်မလိုက်သွားဘူးနော်”

မျက်ရည်ကြောင်းများနှင့် ကြင်ယုံမျက်နှာကို စေ့စေ့ကြည့်ကာ သာအေးက မေးလိုက်လေ၏။

“မသွားပါဘူး. . .”

ကြင်ယုံသည် ခေါင်းလေးခါကာ ဖြေလိုက်၏။ သူတို့ရှေ့တွင် ပန်းတစ်ခက်နှင့် ဇာနိုင်လွန်တစ်ဝတ်စာ၊ သာအေးသည် ထိုအရာများကို စေ့စေ့ကြည့်လိုက်၏။

“နင့်အတွက် သူတို့ယူလာတဲ့ လက်ဆောင်နော်. . . သူတို့ကလည်း နင့်ကို ခင်ကြသားပဲ”

ဩော်. . . ရိုးသားသော သာအေးသည် ထိုပန်းတစ်ခက်၊ ဇာနိုင်လွန်တစ်ဝတ်စာမှ စကားတွေ မည်မျှပြောလိုက်သည်၊ အဓိပ္ပာယ်တွေ မည်မျှဖော်ထုတ်လိုက်သည်ကို လုံးဝ နားမလည်ပါပေ။

“ကောင်းကောင်း သိမ်းထားလိုက်ပါဟယ်”

သူက မြတ်နိုးစွာသိမ်းဆည်းဖို့ ကြင်ယုံအား ပြောလိုက်သည်။

ကြင်ယုံ ရင်ထဲမှာတော့ ပကတိရိုးသားလှသော တောသားလင်တော်မောင်ကို ကြည့်ရင်း စိတ်မကောင်းဖြစ်သွားသည်။

အကယ်၍များ ဆရာဇော်ဂျီဆိုသူ ကဗျာဆရာအား သူတွေ့ခွင့်ကြုံခဲ့ပါလျှင် ‘ပန်းကိုတော့ ပန်ချင်ပါသည်’ဆိုသော ကဗျာတစ်ပုဒ် သူ့အတွက် စပ်ခိုင်းချင်ပါသည်။

ရှုမဝမဂ္ဂဇင်း။

○

mgyoe.com

# မေမေ့ရင်မှာ

မေမေပြောသော ပုံပြင်များထဲတွင် နေမင်းကြီး၏ ရဲတိုက်အကြောင်းကို သူအကြိုက်ဆုံးဖြစ်သည်။ အနောက်ဘက်ကောင်းကင်ကို မေမေက လက်ညှိုးထိုး၍ ပြ၏။ ပတ္တမြားရဲတိုက်ကြီးမှ အရောင်တွေဖြာထွက်နေ၍ ကောင်းကင်သည် စွေးစွေးနီလျက် ရှိသည်။

'ရဲတိုက်ပတ်လည် ဥယျာဉ်ထဲမှာ နှင်းဆီခင်းတွေလည်း ရှိတယ်၊ နှင်းဆီပွင့်နီနီတွေရဲ့ ပွင့်ဖတ်တွေကို ကိုယ်ရုံလုပ်ပြီး မနက်စောစော နေမင်းကြီးက ထွက်လာတတ်တယ်၊ နံနက်စောစောဆို ကောင်းကင်က နီပြေပြေနဲ့၊ လေတွေကလည်း လတ်ဆတ်ပြီး နှင်းဆီနံ့သင်းနေတာပဲ၊ သား စောစောထရင် နှင်းဆီရောင်နံနက်ခင်းကို မြင်ရမှာပေါ့'

မေမေက သူ့ကို စောစောထစေချင်ပုံရသည်။ သူသည် နှင်းဆီရောင် နံနက်ဦးကို တစ်ခါမှ ထမကြည့်မိ။ ကျောင်းတက်ဖို့ ပြင်ရဆင်ရနှင့် နံနက်တိုင်းသည် သူအလုပ်ရှုပ်မြဲဖြစ်၏။ ကျောင်းမတက်ရသော နေ့များမှ သူ နေမြင့်အောင် အိပ်တတ်သည်။

ညနေခင်းပဲ ကောင်းသည်။ စိတ်အေးလက်အေး ဒီသရက်ပင်ခြေမှာ တစ်ယောက်တည်း ထိုင်နေမိသည်။ နေမင်းကြီး၏ ရဲတိုက်ကြီးမှ စုလစ်မွမ်းချွန်တွေကို အနောက်ဘက်ကောင်းကင်မှာ ပျပျမြင်နေရသည်။ သူငယ်ငယ်ကတည်းက မေမေပြောသောပုံပြင်ကို နား ထောင်ရင်း ညနေဆည်းဆာ၏ ကောင်းကင်ကို ငေးမျှော်နေမိသည်။ ဟိုမှာထက် မိုးကုတ် စက်ဝိုင်းဆီမှာ သစ်တောအုပ်များ ရှိသည်ထင်သည်။ ငှက်ငယ်များ အုပ်ဖွဲ့၍ အနောက်ဆီ သို့ ပျံသန်းသွားကြသည်။ ညနေရီးရီမှာ ငှက်အုပ်ဖွဲ့တန်းကြီးသည် ပန်းကုံးကြီးကောင်းကင် မှာ လွင့်ပျံနေသလို နိမ့်ချည်မြင့်ချည်နှင့် တအိအိရွေ့လျားကာ ရဲတိုက်ကြီးဆီသို့ ဦးတည် ပျံသွားရင်း တဖြည်းဖြည်း ကွယ်ပျောက်သွားကြသည်။ နေမင်း၏

mgyoe.com

mgyae.com

ရဲတိုက်ကြီးသို့ ငှက်ကလေး များနှင့်အတူ သွားရောက်လည်ပတ်ရင်း စိတ်ကူးယဉ်ခဲ့သည်မှာ အမော။ ငယ်ဘဝဆိုသည် က ပြောသမျှ ယုံသည်။ လဝန်းကြီးထဲမှာ အဘိုးကြီးက ဆန်ဖွပ်သည်၊ ယုန်ကလေးက ဘေးမှာ ထိုင်နေသည်ဆိုတော့လည်း ယုန်လေးကိုလိုချင်သည်၊ လဝန်းထဲသွားချင်သည်။ ငှက်ကလေးသာဆိုရင် လဝန်းနှင့် နေမင်းရဲတိုက်ကို အရောက်သွားမှာ။

ငှက်ငယ်တို့အိမ်ပြန်ချိန်ကို ကြည့်ရသော အရသာကို ကြည်နူးမှုအပြည့်နှင့် သူခံစားမိသည်။ အခု သူသည် မေမေ့ရင်ခွင်ထဲမှာ ပုံနှားထောင်သော ကလေးငယ်လေး မဟုတ်တော့။ 'အတာ' ဆိုသော ကောင်လေးတစ်ယောက် ဖြစ်လာပြီ။ ဒါပေမဲ့ ဒီသရက်ပင်အောက်မှာ ထိုင်ကာ ပတ္တမြားရဲတိုက်ကြီးနှင့် အိမ်ပြန်ငှက်ကလေးများကို ကြည့်နေဆဲပင်။ ရဲတိုက်ကြီးကတော့ တဖြည်းဖြည်းနှင့် အိပ်မက်ထဲတွင် ကျန်ရစ်ခဲ့ပြီ။

တစ်ခါတစ်ရံ သင်းကွဲကျန်နေရစ်သော ငှက်ကလေးတစ်ကောင် ကသုတ်ကရက် ပျံသန်းသွား၍ အုပ်ဖွဲ့နောက် အမီလိုက်နေသည်ကို မြင်ရချိန်မှာတော့ စိုးရိမ်စိတ်ဖြင့် ရင်ထဲမှာ မောသွားတတ်သည်။

သူလည်း ယခုတော့ တစ်ယောက်တည်း။ မေမေက သူ့အနားမှာမထိုင်နိုင်။ အထူးသဖြင့် မေမေသည် ကျောင်းဆင်းချိန် ညနေစောင်းမှာ အလုပ်ရှုပ်သည်။ မေမေ့ပန်းခင်းများက စံပယ်ပန်းများဖြစ်၍ ခေါင်းရင်းဘက် တစ်နေရာမှာတော့ ဇော်စိမ်းတွေ၊ ဇော်ကျားတွေ စိုက်သည်။ ပန်းဖောက်သည်တွေ ညနေတိုင်ကျ လာကြ၍ မေမေ မအားပါ။ စံပယ်ပန်းတွေ လှိုင်လှိုင်ရောင်းရသလို ဇော်စိမ်းနှင့် ဇော်ကျားကလည်း ဘုရားပန်းအဖြစ် ရက်ရှည်ခံရုံမက တန်ဖိုးနည်း၍ လူအများစုသုံးသောကြောင့် များများရောင်းရသည်။

ပုံပြင်ထဲမှာပါသော နှင်းဆီခင်းကို မေမေဘာလို့ မစိုက်ပါလိမ့်။ မေမေ နှင်းဆီပန်းများကိုတော့ ကြိုက်နှစ်သက်ပုံရသည်။ ဘုရားတင်လျှင် နှင်းဆီပန်းကိုပဲ ခဏခဏ တင်တတ်သည်။

နှင်းဆီပန်းနှင့် ပတ်သက်၍ ယခုတလော သူ မကျေမနပ်ဖြစ်လာသည်။ တစ်ပတ်မှာ အနည်းဆုံးနှစ်ခါလောက် နှင်းဆီပန်းတွေပွေ့ကာ အိမ်ဝကို ရောက်လာတတ်သူ။ ဒီလူကို သူ နည်းနည်းမှ မကျေနပ်။

'မရီမေ ဘုရားပန်းတင်ဖို့' ဆို၍ သူ့အစ်မများကို ပေးသွားတတ်သည်။ မေမေ့အမည်က မရီမေ။ မေမေနှင့် တွေ့လျှင်တော့ မေမေက ကျေးဇူးတင်စကား ဆိုနေလိုက်သည်မှာ သူ မကြားချင်။ သူ့မျက်နှာ ဣန္ဒြေပျက်လောက်အောင် ရှုပုပ်လာတတ်သည်။

mgyae.com

 mgyoe.com 

သူ့အစ်မ အကြီးဆုံး'ခင်မာလာ'က အိမ်မှာစက်ချုပ်သည်။ အိမ်ဘေးမှ တိုးချဲ့အဖီလေးမှာ စက်ခန်းဖြစ်သည်။ အဖော်မိန်းကလေးတစ်ယောက်ငှား၍ စက်တစ်လုံး ထပ်ဝယ်ကာ အပ်ချုပ်ဆိုင်ဖွင့်ထားသည်။ ဖေဖေဆုံးစက ခင်မာလာ ၁၀ တန်းအောင်ပြီး ဖြစ်သည်။ မေမေနှင့် ကျန်မောင်နှမတွေငဲ့၍ သူ တက္ကသိုလ်ဆက်မသွား။ စက်ချုပ်သင်၍ စက်ချုပ်သည်။ ယခုတော့ အပ်ထည်တွေ အများကြီး လက်ခံရသည်။ ဘီအေထက်ပင် ဝင်ငွေကောင်းသည်။

ကိုယ်ပိုင်အလုပ်ဆိုတော့ ခင်မာလာက နံနက်စောစော ဘုရားပန်းလဲပြီးမှ စက်ချုပ်ခန်းဝင်သည်။ နံနက်ဘက် ပန်းလာပေးသူ 'ဦးဖေအောင်'နှင့် ခင်မာလာ အတွေ့များသည်။

ဦးအောင်ဖေသည် သူတို့လမ်းထိပ် ဝေဇယန္တာလမ်းမကြီးပေါ်မှာ သစ်ကုန်သည်လုပ်သည်။ နှစ်ထပ်တိုက်ဘေးမှာ အဆောင်ထုတ်ကာ သစ်ဆိုင်ဖွင့်ထားသည်။ နံနက်တိုင်းလမ်းလျှောက်ထွက်လေ့ရှိသည်။ နွေခါဆို ရှပ်အင်္ကျီအဖြူလက်တိုနှင့် ဘောင်းဘီရှည်ကိုဝတ်တတ်သည်။ ဆောင်းခါမှာ ဂျာကင်နှင့် ဘောင်းဘီရှည်ဝတ်သည်။ အရပ်ကမြင့်မြင့်၊ ပခုံးကျယ်ကျယ်နှင့် လမ်းလျှောက်ပုံ ဟန်ကျသည်။ အသက်မကြီးပေမယ့် တုတ်ကောက်ကို အမြဲကိုင်သည်။ မျက်ခုံးမွေးထူထူအောက်မှာ တောက်ပသောမျက်လုံးကြီးများနှင့် ကိုဖေအောင့်မျက်နှာသည် ခန့်ညားလှသည်။ နှာတံပေါ်ပေါ်၊ မေးရိုးကားကားနှင့် နှုတ်ခမ်းကတော့ခပ်ထူထူ၊ အသားလတ်သည်။

ဒေါ်ရီမေနှင့် အသက်ချင်းက မတိမ်းမယိမ်း။ ဦးဖေအောင်က တစ်နှစ်၊ နှစ်နှစ်လောက် ကြီးမည်။ ဦးဖေအောင် ရုပ်ရည်သားနားသည်ကိုတော့ အတာ အသိအမှတ်ပြုသော်လည်း လမ်းလျှောက်အပြန် သူတို့အိမ်ဝင်သည်ကိုတော့ မကြိုက်။ တစ်ခါတစ်ရံ မနက်တင်မဟုတ်၊ ညနေစောင်း ပေါ်လာတတ်သေးသည်။

'ဘူးသီးကြော်တွေ ပူပူနွေးနွေးတွေ့လို့ ဝယ်လာတယ်၊ မင်းတို့စားဖို့' ဆို၍ ဘူးသီးကြော်ထုပ်ကို ပေးသွားတတ်သည်။ ဟုတ်၏။ ဝေဇယန္တာလမ်းတစ်လျှောက် ဆောင်းဦးနံနက်ခင်း၊ ညနေခင်းများတွင် ဘူးသီးကြော်သည်တွေရှိသည်။ အတာကတော့ ဦးဖေအောင်ပေးသွားလျှင် မစား။

'ကိုယ်စားစား မစားစား၊ လာပေးတဲ့အခါ ကျေးဇူးတင်ပါတယ် ခင်ဗျာလို့တော့ ပြောပေါ့'

ခင်မာလာအောက် အစ်မငယ် 'ခင်ဥမ္မာ'က သင်ပေးသည်။

'မပြောနိုင်ပါဘူး'

mgyoe.com

'မျက်နှာကလည်း စူပုပ်ထားလိုက်သေးတယ်'

'ထားတာပေါ့၊ မမတို့လည်း ဒီလူကြီးကိုဧည့်ခံကြိုဆိုနေကြ၊ မေမေကလည်း ကိုယ့်ဘာသာ မြေတွေရှိသားပဲ၊ နှင်းဆီစိုက်ရောပေါ့၊ ဒီလူကြီးလာပေးတာကို လိုချင်လို့ မစိုက်ဘဲထားတာ'

မေမေက သူ့နောက်မှာ ရောက်လာသည်။ သူ၏ ဒေါသထနေသော မျက်နှာကို ပြုံး၍ ကြည့်လိုက်၏။ အတော့ပခုံးကိုကိုင်ရင်း..

'သားကလည်း ဒီ ဦးဖေအောင်က လာနေကျပဲဟာ၊ ဧည့်သည်ကို မျက်နှာထားမတင်းပြရဘူးလေ၊ သား ကလေး မဟုတ်တော့ဘူး၊ တစ်နေ့တော့ နှင်းဆီလည်း မေမေစိုက်မှာပေါ့၊ မေမေပင်စင်ယူရင် ပန်းတွေတိုးစိုက်မယ်၊ သစ်ခွတွေလည်း စိုက်ချင်သေးတယ်၊ သူလာပေးတော့လည်း ဘုရားတင်ရတာပေါ့၊ သားက ဣန္ဒြေပျက်လောက်အောင် မျက်နှာကြီး တင်းမထားနဲ့ပေါ့'

မေမေ့စကားအဆုံး အတာက နေရာမှထသွားသည်။ အစ်မတွေရော အမေပါ အတော့အပြုအမူကို ပြုံး၍ ကြည့်နေကြသည်။ အတာသည် မောင်နှမလေးယောက်မှာ အငယ်ဆုံး၊ ခင်မာလာက စက်ချုပ်၍ ခင်ဥမ္မာက အလယ်တန်းပြဆရာမ။ မေမေကလည်း ဆရာမလုပ်နေဆဲ။ ခင်မာလာနှင့် ခင်ဥမ္မာကြား သား'နန္ဒာ'က အင်ဂျင်နီယာဘွဲ့ရကာ အထက်မြန်မာပြည်သို့ အလုပ်နှင့်ပြောင်းရသည်။

ခင်မာလာကော ခင်ဥမ္မာပါ ခြံထဲမှာ အလုပ်နှင့်လက် မပြတ်။ အိမ်အလုပ်ကလည်း လုပ်ကြရသေးသည်။ ဒီတော့ အတော့ကို သူတို့အချိန်မပေးနိုင်ကြ။ အလိုအလျောက် အတာသည် အထီးကျန်သူလေးဖြစ်လာသည်။ အတာငယ်ငယ်ကတော့ ကျောင်းတက်လျှင် မေမေ့လုံချည်စဆွဲ၍ လိုက်တတ်သည်။ ကျောင်းမှာ စာသင်ချိန်မှတစ်ပါး မေမေ့အခန်းထဲကမထွက်။ တခြားကလေးတွေနှင့် မကစား။ မေမေက မူလတန်းကျောင်းအုပ်။ ယခု အတာ ၁၀တန်းရောက်လည်း အတာသည် အဖော်နှင့် မနေတတ်။ အနီးစပ်ဆုံး သူ့အဖော်က မာလီကိုဘထူး၏ သားများဖြစ်ကြသော ဖိုးထောင်နှင့် ချစ်ညိုဖြစ်သည်။ ကျောင်းပိတ်ရက် ကိုဘထူးနှင့်အတူ သူတို့ပါလာလျှင် အတာ ခြံထဲမှာဆင်း၍ ကစားသည်။ အရပ်ထဲက သူငယ်ချင်းကျောင်းသားများအိမ်ကိုလည်း အတာ မလည်တတ်။

မေမေကတော့ အကောင်းမဟုတ်သော်လည်း အဆိုးမဟုတ်သော အတာ၏အမူအကျင့်ကို မဆန့်ကျင်။ အတန်းထဲမှာလည်း စာကြိုးစားသော သူငယ်လေးမဟုတ်သော်လည်း မှန်မှန် တစ်နှစ်တစ်တန်းတော့ အတာအောင်သည်။

*

mgyoe.com